# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

**ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၈)**


၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက် | ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၆ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၇)၊ အမှတ် (၁၂၉)


# ဒုတိယသမ္မတ ဦးမြင့်ဆွေ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေ သည် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Tarnchaiyan Srisuwan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ ဆက်ဆံရေးတိုးတက်ကောင်းမွန်မှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



ဒုတိယသမ္မတ ဦးမြင့်ဆွေ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် **General Tarnchaiyan Srisuwan** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်

# ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးတက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်

**ထန်တလန် ဖေဖော်ဝါရီ ၅**

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ချင်းပြည်နယ်၌ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယမန်နေ့ နံနက်ပိုင်းတွင် ထန်တလန်မြို့နယ် သီကီးရ်ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိပြီး တမံရှုရပ်မှ တမံအတွင်း ရေသိုလှောင်ထားရှိမှု အခြေအနေနှင့် တမံတည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် အဖွဲ့သည် စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က တမံအတွင်း ရေသိုလှောင်ထားနိုင်မှု၊ ဓာတ်အား ထုတ်လုပ်မည့်အခြေအနေနှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ ရေပေးဝေဖြန့်ဖြူးပေးနိုင်မည့် အခြေအနေ၊ ကုန်းမြင့်လယ်ယာမြေနှင့် တောင်ယာဖော်ထုတ်မှုအခြေအနေများနှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ❏



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့ ထန်တလန်မြို့နယ် သီကီးရ်ကျေးရွာပတ်ဝန်းကျင်နှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖော်ဆောင်နိုင်မည့် အခြေအနေများကို ကြည့်ရှုစဉ်။

သတင်းစဉ်




မြန်မာ့အလင်း

# မင်းဘူးနေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ

မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို မကွေးတိုင်းဒေသကြီး မင်းဘူးဝန်းကျင်၌ စတင်အကောင်အထည်ဖော် တည်ဆောက်တော့မည် ဖြစ်ပါသည်။ ဤနေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ စတင်အကောင်အထည်ဖော် တည်ဆောက်ခြင်းအခမ်းအနားကို အဆိုပါဓာတ်အားပေးစက်ရုံစီမံကိန်း အကောင်အထည်ဖော် တည်ဆောက်မည့်နေရာ၌ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့က ကျင်းပခဲ့ပါသည်။ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုမရှိစေသောကြောင့် ဤသို့သော လျှပ်စစ်ဓာတ်အားပေးစက်ရုံအား မြန်မာနိုင်ငံ၌ တည်ဆောက်ခြင်းကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုရမည်ဖြစ်ပါသည်။

မင်းဘူး နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ထိုင်းကုမ္ပဏီဖြစ်သော **Green Earth Power (GEP)** ၏ မြန်မာကုမ္ပဏီခွဲ **GEP (Myanmar) Co.,Ltd.** က လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် ညှိနှိုင်းရရှိထားသော သဘောတူညီချက်အရ **BOT** စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **BOT** စနစ်ဆိုသည်မှာ တည်ဆောက် **(build)**၊ လည်ပတ်လုပ်ကိုင် **(operate)** ၊ ပြန်လည်ပေးအပ် **(transfer)** ဆိုသည့် လုပ်ငန်းစဉ်သုံးရပ်ကို အတိုကောက်ခေါ်ဝေါ်ခြင်း ဖြစ်ပါသည်။ **GEP (Myanmar) Co.,Ltd.** က နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို တည်ဆောက်ပြီး သဘောတူထားသော ကာလတစ်ရပ်၌ တာဝန်ယူလည်ပတ်၍ ဖြစ်ထွန်းလာသော အကျိုးအမြတ်တို့ကို ရယူရပါသည်။ သို့သော် သတ်မှတ်ကာလ ပြီးစီးပါက **GEP (Myanmar) Co.,Ltd.** က ဤစက်ရုံကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ရမည် ဖြစ်ပါသည်။

**GEP (Myanmar) Co.,Ltd.** က တည်ဆောက်မည့် မင်းဘူး နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ စက်တပ်ဆင်အားသည် ၁၇၀ မဂ္ဂါဝပ်ရှိပြီး ဤစီမံကိန်းကို အဆင့်လေးဆင့်ဖြင့် တည်ဆောက်သွားမည်ဟု သိရှိရပါသည်။ ပထမအဆင့်မှ တတိယအဆင့်အထိ အဆင့်တစ်ခုချင်းစီသည် ၄၀ မဂ္ဂါဝပ်ရှိမည်ဖြစ်ပြီး စတုတ္ထအဆင့်မှာမူ ၅၀ မဂ္ဂါဝပ်ရှိမည် ဖြစ်ပါသည်။ ဤစီမံကိန်းပြီးစီးပါက အိမ်ထောင်စုပေါင်း ၂၁၀၀၀၀ ခန့်ကို လျှပ်စစ်ဓာတ်အား တိုးတက်ဖြန့်ဖြူးပေးနိုင်မည် ဖြစ်ပါသည်။ သတင်းမီဒီယာတို့၌ မင်းဘူးနေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ ရင်းနှီးမြှုပ်နှံမှုပမာဏကို ဖော်ပြမထားသော်လည်း ၂၂၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ ရင်းနှီးမြှုပ်နှံမှုပမာဏသည် ဒေါ်လာသန်း ၃၅၀ ခန့်ရှိသည်ဖြစ်၍ ဤစီမံကိန်းသည် ယေဘုယျအားဖြင့် ရင်းနှီးမြှုပ်နှံမှုပမာဏ ကြီးမားသော စီမံကိန်းဖြစ်သည်ဟု ပြောနိုင်ပါသည်။ မင်းဘူးနေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ပမာဏ ကြီးမားသော စက်ရုံဖြစ်ပြီး မဟာဓာတ်အားလိုင်းစနစ်နှင့် ချိတ်ဆက်အသုံးပြုရသော နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖြစ်ပါသည်။ ဤစီမံကိန်းမျိုးကို **solar park** ဟု ခေါ်သကဲ့သို့ **photovoltaic power station** ဟုလည်း ခေါ်ပါသည်။ နည်းပညာတိုးတက်လာသည်နှင့်အမျှ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ တစ်ယူနစ်ကုန်ကျစရိတ် ကျဆင်းလာသည်ဖြစ်၍ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် ဆုံးဖြတ်ခဲ့ခြင်းသည် မှန်ကန်သောဆုံးဖြတ်ချက် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မင်းဘူးနေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက် လည်ပတ်နိုင်ရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် **GEP (Myanmar)Co.,Ltd.** တို့၏ လက်တွဲဆောင်ရွက်မှုကို ကြိုဆိုဂုဏ်ပြုပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## ၂၀၁၈ ခုနှစ်၊ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်နိုးကြားရှင်သန်ရေး၊

၂။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို အောင်မြင်အောင် တည်ဆောက်ရေး၊

၃။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံမှသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊

၄။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်ထောင်စုတစ်ဝန်း စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊

*ထင်သာမြင်သာ ပြုပြင်စရာ*

## အလုံပိတ်တဲအိမ်များအား ကြပ်မတ်ပေးစေလို

ရောဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် ကျုံကူကျေးရွာမှ ငါးဖာလုံခန့်အကွာ ညောင်တပင်သုသာန်ရှေ့ ဖျာပုံ-ဘိုကလေးအဝေးပြေးကားလမ်းမကြီးဘေးရှိ ခြံဝင်းတစ်ခုအတွင်း အလုံပိတ်တဲအိမ်များ တည်ဆောက်ထားပြီး အခကြေးငွေယူ၍ စီးပွားဖြစ်ငှားရမ်းအသုံးပြုနေ၍ လူကြီး၊ လူငယ်များအတွက် အမြင်မသင့်ဖွယ်ဖြစ်လျက် ရှိရာ လူငယ် လူရွယ်၊ ကျောင်းသား ကျောင်းသူများ အတုယူမှားမည်ကို မိဘပြည်သူများ စိုးရိမ်နေသည်။ သို့ပါ၍ အဆိုပါ အလုံပိတ်တဲများကို ဥပဒေနှင့်အညီ ဆောင်ရွက်ပေးပါရန် ဒေသခံများ လိုလားလျက်ရှိကြသည်။



"ဒီအလုံပိတ်တဲလေးတွေ ဖွင့်လှစ်ငှားရမ်းအသုံးပြုနေတာက နှစ်နှစ် ကျော်ခန့်ရှိနေပါပြီ၊ ဒီတဲလေးတွေကို ဖျာပုံမြို့နဲ့ ကျုံကူကျေးရွာ ပတ်ဝန်းကျင်မှာရှိတဲ့ လူငယ်လူရွယ်၊ စုံတွဲတွေ အချိန်ပိုင်းလာရောက် တည်းခိုနေကြတာပါ၊ သူတို့တွေက အရက်သေစာတွေ ဝယ်ယူလာပြီး သောက်စားတဲ့အပြင် စုံတွဲတွေလည်း လာတာတွေ့ရတယ်၊ ဒါ့အပြင် မူးယစ်ဆေးဝါး သုံးစွဲမှုတွေလည်း ရှိနေတာမို့ သက်ဆိုင်ရာတာဝန်ရှိသူတွေက လူငယ် လူရွယ်များ လမ်းမှားမရောက်စေရေး အမြန်ဆုံးကြပ်မတ်ရှင်းလင်း ပေးသင့်ပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

**ချမ်းသာ**

## နမ့်ခမ်းမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

**သီပေါ ဖေဖော်ဝါရီ ၅**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်၌ ကျေးရွာပေါင်း ၁၇၄ ရွာရှိသည့်အနက် နောင်လုံကျေးရွာအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (VDP)၏ ရှေ့ပြေး စီမံကိန်းဖြစ်သဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျေးလက်ကော်မတီ နှင့် ဦးတည်အုပ်စုများအား ကျေးရွာဆိုင်ရာ အချက်အလက်ကောက်ယူခြင်းနှင့် ဆောင်ရွက်မည့်နည်းလမ်းများကို သိရှိနိုင်ရန်အတွက် ဖေဖော်ဝါရီ ၂ ရက်တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးစိုင်းအောင်ကျော်လှိုင်နှင့် တာဝန်ရှိသူများက သင်တန်းပို့ချဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပန်းချီပြိုင်ပွဲ ကျင်းပ

**ဟိုပင် ဖေဖော်ဝါရီ ၅**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ ဖေဖော်ဝါရီ ၃ ရက်က ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရန်၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရန်နှင့် စာကြည့်တိုက်ကို အသုံးပြုတတ်စေရန် ရည်ရွယ်၍ ပြည်ထောင်စုနေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲ ကျင်းပရာ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် ကျောင်းသားကျောင်းသူ ၄၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုပေးပွဲအခမ်းအနားကို အလှူရှင်များ၏ စုပေါင်းလှူဒါန်းငွေဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၅-၂-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၆၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၂၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၈၃၀/၈၄၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၉၅/၈၁၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၅၀/၈၆၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၂၉ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၅၃ ·၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၇ ·၂ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၀၆ ·၃ |
| ထိုင်း | တစ်ဘတ် | ၄၂ ·၂ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၇ |
| တရုတ် | တစ်ယွမ် | ၂၁၀ ·၉ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၁ ·၉ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့ သီကီးရ်အခြေခံပညာအထက်တန်းကျောင်းခွဲ၌ အာရ်စီနှစ်ထပ်စာသင်ဆောင်သစ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

❑ *ရှေ့ဖုံးမှ*

ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို Video projector ဖြင့် ရှင်းလင်းတင်ပြသည်။

**ခရီးသွားလုပ်ငန်းအသစ်စီစဉ်**

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက တမံတွင် ရေဝေရေလဲဒေသကို ထိန်းသိမ်းပေးနိုင်သည့် သဘာဝပတ်ဝန်းကျင် ထူထောင်ရေးအတွက် ဂျပန်ချယ်ရီ၊ ကော်ဖီနှင့် ထင်းရှူးပင်များစိုက်ပျိုးနိုင်ရေး၊ တမံမှရရှိသည့်ရေကို သီကီးရ် ကျေးရွာနှင့် အနီးပတ်ဝန်းကျင် ၁၁ ရွာသို့ သန့်ရှင်းသည့် သောက်သုံးရေ ဖြန့်ဖြူးနိုင်ရေး၊ ရွှေ့ပြောင်းတောင်ယာများကို အစားထိုးနိုင်ရန် ကုန်းမြင့်လယ်ယာဧက ၅၅၀ ဖော်ထုတ်ပြီးစီးပါက ရေသွယ်တန်းဖြန့်ဝေနိုင်ရေးနှင့် ဒေသအတွင်း သဘာဝခရီးသွားလုပ်ငန်းအသစ် စီစဉ်ဆောင်ရွက်နိုင်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့တို့အား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

**ဓာတ်အားဖြန့်ဖြူးနိုင်ရန် ရည်ရွယ်**

အဆိုပါ သီကီးရ်ရေလှောင်တမံသည် ထန်တလန်မြို့နယ် သီကီးရ်ကျေးရွာအနီး၌ တည်ရှိပြီး မြေသားတမံအမျိုးအစားဖြစ်သည်။ တမံအလျားပေ ၅၀၀ နှင့် တမံအမြင့် ၇၅ ပေရှိပြီး ကန်ရေပြည့်ရေလှောင်ပမာဏမှာ ၁၃၆၅ ဧကပေ ဖြစ်သည်။ ကုန်းမြင့်စိုက်ပျိုးမြေဧရိယာများကို စိုက်ပျိုးရေပေးဝေနိုင်ရန်၊ သီကီးရ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများသို့ သောက်သုံးရေပေးဝေနိုင်ရန်၊ ဒေသတွင်း စိမ်းလန်းစိုပြည်လာစေရန်နှင့် အသေးစား ရေအားလျှပ်စစ် (၅၀- ကီလိုဝပ်) ထုတ်လုပ်၍ အနီးပတ်ဝန်းကျင် ကျေးရွာများသို့ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး စီမံကိန်းတစ်ခုလုံး၏ ၈၈ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဒုတိယသမ္မတနှင့်အဖွဲ့သည် သီကီးရ်ကျေးရွာ ဆုတောင်းတောင်ကုန်းမှ ရေလှောင်တမံ၊ သီကီးရ်ကျေးရွာပတ်ဝန်းကျင်နှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖော်ဆောင်နိုင်မည့် အခြေအနေများကို ကြည့်ရှုသည်။

ထို့နောက် ဒုတိယသမ္မတသည် သီကီးရ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာ ၁၁ ရွာသို့ ရေဖြန့်ဖြူးနိုင်ရန် တည်ဆောက်လျက်ရှိသည့် ရေသိုလှောင်ကန် တည်ဆောက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

**ရေဂါလန် ၂၃၅၀၀၀ သိုလှောင်နိုင်**

အဆိုပါ ရေသိုလှောင်ကန်သည် အလျားပေ ၅၀၊ အနံပေ ၅၀ နှင့် အမြင့် ၁၅ ပေရှိပြီး ရေဂါလန် ၂၃၅၀၀၀ သိုလှောင်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတသည် သီကီးရ် အခြေခံပညာအထက်တန်းကျောင်းခွဲသို့ ရောက်ရှိပြီး အလျားပေ ၆၀၊ အနံပေ ၃၀၊ သွပ်မိုးအုတ်ကာ တစ်ထပ် ဝန်ထမ်းအိမ်ရာ နှစ်ဆောင် တည်ဆောက်နေမှု၊ အလျားပေ ၁၄၀ နှင့် အနံ ပေ ၃၀ ရှိ အာရ်စီ နှစ်ထပ် စာသင်ကျောင်းဆောင်သစ် တည်ဆောက်နေမှု၊ ကျောင်းသား ကျောင်းသူ အိပ်ဆောင် တည်ဆောက်ပြီးစီးမှုနှင့် သီကီးရ်ဘောလုံးကွင်း တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ကော်ဖီပျိုးပင်များပေးအပ်**

ယင်းနောက် ဒုတိယသမ္မတသည် သီကီးရ်ကျေးရွာ ကော်ဖီပျိုးဥယျာဉ်သို့ ရောက်ရှိကြပြီး ဒုတိယသမ္မတ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ကော်ဖီတောင်သူများအား ကော်ဖီပျိုးပင်များပေးအပ်ကြသည်။

ဆက်လက်၍ သီကီးရ်ရေလွှဲဆည် တည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတသည် ၁၆ ခုတင်ဆံ့ သီကီးရ် တိုက်နယ်ဆေးရုံ တည်ဆောက်မည့်နေရာသို့ ရောက်ရှိပြီး ဝန်ထမ်းအိမ်ရာနှင့် စီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ တော်ဝင်ကြာဖူး ကုမ္ပဏီလီမိတက်မှ တည်ဆောက်ရေးတာဝန်ခံ ဦးသီဟစိုးက စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

**ဒေသခံများနှင့်တွေ့ဆုံ**

ဆက်လက်၍ ဒုတိယသမ္မတသည် သီကီးရ်ကျေးရွာ နှစ်ခြင်းခရစ်ယာန် ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုဆုတောင်းပွဲ တက်ရောက်ပြီး သီကီးရ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ရပ်မိရပ်ဖဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

**ရွှေ့ပြောင်းတောင်ယာစနစ်အစားထိုး**

တွေ့ဆုံစဉ် ဒုတိယသမ္မတက ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို မျက်မြင်လေ့လာလိုသဖြင့် လာရောက်ရခြင်းဖြစ်ပါကြောင်း၊ သီကီးရ်ရေလှောင်တမံကို တည်ဆောက်ခြင်းဖြင့် သီကီးရ်ကျေးရွာအပါအဝင် ပတ်ဝန်းကျင်ကျေးရွာ ၁၁ ရွာကို ရေလုံလောက်စွာ ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်း၊ ရွှေ့ပြောင်းတောင်ယာစနစ်ကို အစားထိုးနိုင်ရန် စံပြကုန်းမြင့်လယ်ယာမြေနှင့် တောင်ယာများကို နိုင်ငံတော်အစိုးရ၏ အကူအညီဖြင့် ဖော်ထုတ်လျက်ရှိရာ ဒေသခံပြည်သူများအနေဖြင့် နိုင်ငံတော်၏စေတနာကို နားလည်သိရှိပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို လုံ့လစိုက်ထုတ်ကြိုးစားကြစေလိုပါကြောင်း၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းကို အထောက်အပံ့ဖြစ်စေမည့် ရေ၊ မြေ တောတောင်သဘာဝများရှိပြီးဖြစ်ရာ ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်ရန်လိုအပ်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင်ကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည် ဖြစ်ပါကြောင်း၊ စံပြဒေသတစ်ခုအဖြစ် ကြိုးပမ်းထူထောင်သွားကြရမည် ဖြစ်ပါကြောင်းနှင့် နိုင်ငံတော်မှ ဒေသဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းနှင့် ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့တက်ရောက်လာကြသည့် ရပ်မိရပ်ဖ ဒေသခံများက ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

**တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း**

ယင်းနောက် ဒုတိယသမ္မတက လတ်တလောဆောင်ရွက်ပေးနိုင်သည်များကို အချိန်တိုကာလအတွင်း ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လတ်တလော မဆောင်ရွက်ပေးနိုင်သေးသည်များကို အချိန်ကာလတစ်ခုအတွင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ သီကီးရ်ရေလှောင်တမံအတွင်း ရေယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ထန်တလန်မြို့နယ် ဆလဲင်းကျေးရွာနှင့် ဇမ်ဘိုင်ကျေးရွာသို့ရောက်ရှိကြရာ ရပ်မိရပ်ဖ ဒေသခံပြည်သူများက ရိုးရာအကများဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

**လေယာဉ်ကွင်းသစ်တည်ဆောက်**

ယင်းနောက် ထန်တလန် လေယာဉ်ကွင်းသစ် တည်ဆောက်ရန် လျာထားသည့်နေရာသို့ ရောက်ရှိရာ ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်စိုးတို့က လေယာဉ်ကွင်းသစ်အတွက် ပဏာမအကြို မြေပြင်ကွင်းဆင်းတိုင်းတာမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ ထန်တလန်လေယာဉ်ကွင်းသစ်သည် လေယာဉ်ပြေးလမ်းအလျားပေ ၆၀၀၀ နှင့် အနံပေ ၁၀၀ ရှိမည်ဖြစ်ကြောင်း၊ လေယာဉ်ကွင်းအတွက် မြေနေရာ ၂၀၂ဒသမ ၀၂ ဧကလျာထားကြောင်းသိရသည်။ **သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့ သီကီးရ်ကျေးရွာ ကော်ဖီပျိုးဥယျာဉ်၌ ကော်ဖီပျိုးပင်များ စိုက်ပျိုးထားမှုကို ကြည့်ရှုစဉ်။ သတင်းစဉ်

# တရားမအထူးအယူခံမှု ခုနစ်မှုကို စီရင်ချက်ချ၊ လေးမှုကို ရုံးထိုင်ကြားနာ

နေပြည်တော် ဖေဖော်ဝါရီ ၅

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံး ပါဝင်သော စုံညီခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် - ၁ ၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု ခုနစ်မှုကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု လေးမှုကို ကြားနာကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❍ *ကျော်ဖုံးမှ*

"အားလုံး သိရှိထားတဲ့အတိုင်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေဖြစ်တဲ့ မွန်ပြည်သစ်ပါတီနဲ့ လားဟူဒီမိုကရက်တစ် အစည်းအရုံးတို့ဟာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့မှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့နဲ့ သီးခြားစီလက်ခံတွေ့ဆုံခဲ့ပြီးတော့ အဲဒီအဖွဲ့တွေဟာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) မှာ ပါဝင်ပြီး လက်မှတ်ရေးထိုးမယ်ဆိုပြီး သတင်းထုတ်ပြန်ခဲ့ပါတယ်"ဟု ပြောကြားသည်။

ထို့ပြင် ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက "အဲဒီအတွက် နိုင်ငံတော်အစိုးရနဲ့ မွန်ပြည်သစ်ပါတီ၊ လားဟူဒီမိုကရက်တစ် အစည်းအရုံးတို့အကြား NCA လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့ နေပြည်တော် MICC - II မှာ ကျင်းပပြုလုပ်မှာ ဖြစ်ပါတယ်၊ NLD အစိုးရလက်ထက်မှာ NCA လမ်းကြောင်းနဲ့ ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်မှာ ပထမဆုံးလျှောက်လှမ်းလာတဲ့အဖွဲ့တွေ ဖြစ်ပါတယ်၊ NCA လက်မှတ်မရေးထိုးရသေးဘဲ ကျန်နေတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေကိုလည်း NCA လက်မှတ်ရေးထိုးနိုင်ဖို့၊ နိုင်ငံတော်ရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ ပါဝင်လာဖို့ ဆက်လက်ပြီး ကြိုးပမ်းနေတယ်ဆိုတာကိုလည်း ပြောကြားလိုပါတယ်၊ နိုင်ငံတော်အစိုးရအနေနဲ့ မွန်ပြည်သစ်ပါတီ၊ လားဟူဒီမိုကရက်တစ် အစည်းအရုံးတို့ကို နွေးထွေးစွာနဲ့ ရင်းရင်းနှီးနှီး ကြိုဆိုဖို့ တာဝန်ရှိသလို ဒီ NCA စာချုပ် လက်မှတ်ရေးထိုးပွဲ အောင်အောင်မြင်မြင်နဲ့ ကျင်းပပြီးစီးနိုင်အောင် ဆောင်ရွက်ပေးဖို့ဟာ ကျွန်တော်တို့အားလုံးရဲ့ အဓိကတာဝန်ပဲ ဖြစ်ပါတယ်။ ယခုအစည်းအဝေး တက်ရောက်လာကြတဲ့ သူများအနေနဲ့ (၂၁) ရာစုပင်လုံ အစည်းအဝေးကျင်းပရေး လုပ်ငန်းတွေမှာ ဆောင်ရွက်ဖူးကြတဲ့ ပုဂ္ဂိုလ်များဖြစ်ကြပါတယ်၊ NCA စာချုပ်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကိုတော့ NLD အစိုးရလက်ထက်မှာ ပထမဆုံးကျင်းပတဲ့ပွဲလို့ ဆိုရင်ရပါတယ်၊ ယခင် ဆောင်ရွက်ဖူးတဲ့ လုပ်ငန်း အတွေ့အကြုံတွေအပေါ် မူတည်ပြီး အစည်းအဝေးတက်ရောက်လာသူ အားလုံးက ဝိုင်းဝန်းဆွေးနွေးဖို့ ဖိတ်ခေါ်ရင်း နိဂုံးချုပ်အပ်ပါတယ်" ဟု ပြောကြားသည်။

ထို့နောက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက NCA စာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနား ကျင်းပရေး လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် အခမ်းအနား ဖိတ်ကြားရေးနှင့် စပ်လျဉ်း၍ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်က လည်းကောင်း၊ ကြိုဆိုနေရာချထားရေး၊ တည်းခိုနေထိုင်ရေးနှင့် ခန်းမအတွင်း နေရာချထားရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးရဲအောင်က လည်းကောင်း၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက လည်းကောင်း၊ တည်းခိုရေး၊ ညှော်ခံကျွေးမွေးရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က လည်းကောင်း၊ အခမ်းအနားပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမင်းသူက လည်းကောင်း၊ လုံခြုံရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်အောင်ဝင်းဦးက လည်းကောင်း၊ အခမ်းအနားမှူး၊ မီဒီယာမှတ်ပုံတင်ခြင်းနှင့် လုံခြုံရေးကတ်ထုတ်ပေးခြင်း၊ တိုက်ရိုက်ထုတ်လွှင့်မှုနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးရေး၊ သတင်းထုတ်ပြန်နိုင်ရေးနှင့် မှတ်တမ်းစာအုပ်ထုတ်ဝေနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က လည်းကောင်း၊ ကျန်းမာရေးလုပ်ငန်းကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လည်းကောင်း၊ ဘဏ္ဍာရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်နိုင်က လည်းကောင်း၊ ပူးပေါင်းညှိနှိုင်းရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးခင်မောင်တင်က လည်းကောင်း၊ လက်မှတ်ရေးထိုးပွဲ အစီအစဉ်များနှင့် စပ်လျဉ်း၍ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်းက လည်းကောင်း၊ အခမ်းအနား ကျင်းပမည့် MICC-II နှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က လည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ တက်ရောက်လာကြသူများက (၂၁) ရာစုပင်လုံ အစည်းအဝေး ကျင်းပရေး လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားသည်။

သတင်းစဉ်

## ဖွံ့ဖြိုးတိုးတက်ရေးများကို အကောင်အထည်ဖော်ရာတွင် အနီးကပ်ဝန်ဆောင်မှု ပေးရသည့် နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းအားနှင့် စွမ်းဆောင်ရည်တို့သည် အလွန်အရေးကြီး





ရန်ကုန် ဖေဖော်ဝါရီ ၅

**အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်(၁၀)ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ကေတုမတီခန်းမ၌ ကျင်းပသည်။** (အပေါ်ပုံ)

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့အနေဖြင့် နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေးအတွက် ယခင်ပြည်သူ့ရေးရာ အုပ်ချုပ်မှုစနစ်ဟောင်းမှ လက်ရှိနိုင်ငံတော်က ကျင့်သုံးလျက်ရှိသည့် ဒီမိုကရေစီစနစ်နှင့် လျော်ညီသော ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုစနစ်သစ်တို့ကို အထောက်အကူပြုပြီး ပြည်သူ့အတွက် ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းစဉ်များကို အားသွန်ခွန်စိုက် အကောင်အထည်ဖော်နိုင်မည့် နိုင်ငံ့ဝန်ထမ်းကောင်းများကို လေ့ကျင့်ပျိုးထောင်မွေးထုတ်ပေးနေပြီဖြစ်ပါကြောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်နှစ်ခုတွင် ပြည်သူ့ဝန်ထမ်းအကယ်ဒမီ (Civil Services Academy- CSA) တစ်ခုစီကို ၂-၁-၂၀၁၇ ရက်နေ့တွင် တစ်ပြိုင်တည်း တည်ထောင်ခဲ့ပြီး ပထမအဆင့်အနေဖြင့် အရာထမ်းလောင်းများနှင့် ပုဂ္ဂလိကဝန်ထမ်းများအတွက် " အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်း" ကို အမှတ်စဉ်(၃) အထိ ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဒုတိယအဆင့်အနေဖြင့် လက်ထောက်ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးနှင့် အဆင့်တူအရာရှိများ တက်ရောက်ရမည့် "အလယ်အလတ်အဆင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်း၊ ပြည်သူ့ဝန်ထမ်းအဆင့်မြင့်ဒီပလိုမာသင်တန်း" ကို ၂၀၁၈ ခုနှစ် မတ်လတွင် ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ တတိယအဆင့်အနေဖြင့် ညွှန်ကြားရေးမှူးနှင့်အဆင့်တူ အရာရှိကြီးများ တက်ရောက်ရမည့် " အဆင့်မြင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း၊ ပြည်သူ့ဝန်ထမ်းခေါင်းဆောင်မှုဆိုင်ရာမဟာဘွဲ့" ကို ချီးမြှင့်အပ်နှင်းပေးနိုင်ရေးအတွက် အမေရိကန်နိုင်ငံ Hawaii State မှ Akamai University ၊ မလေးရှားနိုင်ငံ EDS Business School တို့နှင့် MoU ရေးထိုး၍လည်းကောင်း၊ Japan International Cooperation Agency (JICA) မှ Technical Cooperation Project အစီအစဉ်ဖြင့် မြန်မာနိုင်ငံ ဗဟိုဝန်ထမ်းတက္ကသိုလ်များနှင့် အမေရိကန်နိုင်ငံ Hawaii State University တို့ ပူးပေါင်း၍ ပညာရေးနှင့် လေ့ကျင့်ရေးအစီအစဉ်များကို ၂၀၁၉ ခုနှစ်တွင် စတင် ဖွင့်လှစ်သွားနိုင်ရေးကို နှစ်ဖက်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ဝန်ကြီးဌာန အဖွဲ့အစည်းများမှ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များအား ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၏ ကူညီပံ့ပိုးမှုဖြင့် " Professional Developement Program on Improving Machinery of Government and Policy Making for better Public Sector Performance" ခေါင်းစဉ်ဖြင့် ကာလတိုသင်တန်းကို လည်းကောင်း၊ ၂၀၁၈ ခုနှစ် နှစ်လယ်ပိုင်းတွင် ဂျာမနီနိုင်ငံ Hanns Seidel Foundation(HSF) ၏ ကူညီပံ့ပိုးမှုနှင့် "Law and Political Science, Federalism , Re-gionalism and Decentralization" ခေါင်းစဉ်ဖြင့် ကာလတိုသင်တန်းများကို လည်းကောင်း၊ ကျင်းပရန် ညှိနှိုင်းစီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ဂျပန်နိုင်ငံ JICA တို့ ပူးပေါင်းမှုဖြင့် နေပြည်တော် ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ပရိဝုဏ်အတွင်း ပြည်သူ့ဝန်ထမ်း အကယ်ဒမီ လေ့ကျင့်ရေး ဗဟိုသင်တန်းကျောင်းတစ်ခုကို တည်ဆောက်၍ အဆင့်ဆင့်သော နိုင်ငံ့ဝန်ထမ်းများအတွက် Short Term ၊ Mid-Term နှင့် Long Term သင်တန်းများကို ဖွင့်လှစ်ပို့ချနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆက်လက်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် နယူးဇီလန်နိုင်ငံ ဗစ်တိုးရီးယားတက္ကသိုလ်တို့ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများရှိ အရာထမ်းများအတွက် အင်္ဂလိပ်စာအရည်အသွေးမြှင့်တင်မှုသင်တန်း (English Language Training for Officials) များကို ရုံးအမှတ်(၁၇)ပြည်ထောင်စုရာထူးဝန်အဖွဲ့၌ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှ နိုဝင်ဘာလအတွင်း သင်တန်းသုံးပိုင်းခွဲ၍ ညွှန်ကြားရေးမှူးအဆင့်နှင့် အထက်အုပ်စု၊ ဒုတိယညွှန်ကြားရေးမှူးအဆင့်နှင့် လက်ထောက်ညွှန်ကြားရေးမှူးအဆင့်အုပ်စု၊ ဦးစီးအရာရှိအဆင့်အုပ်စု စသည်ဖြင့် အရာထမ်းများဖြင့် ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး သင်တန်းတစ်ပိုင်းလျှင် အုပ်စုသုံးစုခွဲ၍ သင်ကြားပို့ချသွားမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရ၏ ရည်ရွယ်ချက်များဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ်စနစ် ထွန်းကားရေး၊ ဈေးကွက်စီးပွားရေးစနစ်ပီပြင်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ပြည်သူများ၏ လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်ရေးများကို အကောင်အထည်ဖော်ရာတွင် အနီးကပ်ဝန်ဆောင်မှုပေးရသည့် နိုင်ငံ့ဝန်ထမ်း၏ စွမ်းအားနှင့် စွမ်းဆောင်ရည်တို့သည် အလွန်ပင်အရေးကြီးသည့်အတွက် စွမ်းအားနှင့် စွမ်းဆောင်ရည်များ အစဉ်တိုးတက်နေစေရန် ပညာသစ်၊ အတွေ့အကြုံသစ်များကို ဆက်လက်ရှာဖွေစုဆောင်းသွားကြရန် တိုက်တွန်းမှာကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဝင်းမော်နှင့် ဒေါက်တာဦးပွား၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်တင်စိုး၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြင့်ဆွေ၊ တက္ကသိုလ်မှ တာဝန်ရှိသူများနှင့် ညွှန်ကြားရေးမှူးအဆင့် သင်တန်းသား ၃၂ ဦး၊ သင်တန်းသူ ၁၄ ဦး စုစုပေါင်း ၄၆ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ရှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်



## မိုးကြိုပဲတီစိမ်းစိုက်ပျိုးမည့် တောင်သူများနှင့် တွေ့ဆုံဆွေးနွေး

**တပ်ကုန်း ဖေဖော်ဝါရီ ၅**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ရှောက်ကုန်းကျေးရွာအုပ်စုတွင် ဖေဖော်ဝါရီ ၅ ရက်က စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မိုးကြိုပဲတီစိမ်းစိုက်ပျိုးမည့် တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။ (ဝဲပုံ)

ရှေးဦးစွာ စိုက်ပျိုးရေးဦးစီးဌာန ဥတ္တရခရိုင် ဦးစီးမှူး ဦးကျော်ကျော်ဦးက GAP စိုက်နည်းစနစ်များအကြောင်းနှင့် GAP မှတ်တမ်း ရေးသွင်းနည်းများကို ရှင်းလင်းဆွေးနွေးပြီး တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများကလည်း တောင်သူများအား မိုးကြိုပဲတီစိမ်းစိုက်နည်းစနစ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ တပ်ကုန်းမြို့နယ် ရှောက်ကုန်းကျေးရွာအုပ်စုတွင် ယခုနှစ် မိုးကြိုပဲတီစိမ်း GAP စနစ်ဖြင့် ဧက ၅၀၀ ကျော် စိုက်ပျိုးမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **မောင်ကျော်ကြီး**

### တိမ်အနည်းငယ်ဖြစ်ထွန်း

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်နည်းငယ်ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Tarnchaiyan Srisuwan အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

**တွေ့ဆုံဆွေးနွေး**

ထို့နောက် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာရေးဆိုင်ရာကိစ္စရပ်များ၊ သင်တန်းသားများ စေလွှတ်ရေးနှင့် နှစ်နိုင်ငံတပ်မတော်ယဉ်ကျေးမှုအဖွဲ့နှင့် အားကစားအဖွဲ့များ အပြန်အလှန်စေလွှတ်ရေး၊ စစ်သင်္ဘောများ အပြန်အလှန်လည်ပတ်ရေး၊ တပ်မတော်နှစ်ရပ်အကြား အဆင့်အလိုက် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Tarnchaiyan Srisuwan တို့ တွေ့ဆုံဆွေးနွေးစဉ်။** သတင်းစဉ်

# မြန်မာ-အိန္ဒိယ ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ သင်တန်းဖွင့်ပွဲကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၅**

မြန်မာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော်တို့အကြား လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတစ်ရပ်အနေဖြင့် ဆောင်ရွက်သည့် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ သင်တန်း UN Peacekeeping Operation Training Course ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။ (ဓာတ်ပုံ)

ထို့နောက် အိန္ဒိယနိုင်ငံသံအမတ်ကြီးက အမှာစကားပြောကြားပြီး အိန္ဒိယနိုင်ငံ Centre for United Nations Peacekeeping(CUNPK) မှ နည်းပြအရာရှိတစ်ဦးက အိန္ဒိယနိုင်ငံ၏ UN Peacekeeping Operation တွင် ပါဝင်ဆောင်ရွက်နေမှုအခြေအနေများအား Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းတွင် ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များ စောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ်များ၊ အရပ်သားများအား ကာကွယ်စောင့်ရှောက်မှု၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှု၊ စစ်ဘက်-အရပ်ဘက် ပူးပေါင်းဆောင်ရွက်မှု၊ ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းများ၏ သမိုင်းကြောင်းနှင့် ဆောင်ရွက်နေမှုများ စသည့် ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၆ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒေသတွင်းရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတိုးမြှင့်ရေးအတွက် အရေးပါသည့် အာသံထိပ်သီးအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

အိန္ဒိယသမ္မတနိုင်ငံ အာသံပြည်နယ် ဂူဝါဟာတီမြို့၌ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်မှ ၄ ရက်အထိ ကျင်းပသည့် Advantage Assam Global Investor Summit သို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဦးဆောင်သည့် ဌာနဆိုင်ရာ ကိုယ်စားလှယ်နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဗဟိုအလုပ်အမှုဆောင် ကိုယ်စားလှယ်များပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။




**အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် နာရိန္ဒြာမိုဒီ ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် Advantage Assam Global Investor Summit သို့ တက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

အဆိုပါ ထိပ်သီးအစည်းအဝေးသည် အိန္ဒိယသမ္မတနိုင်ငံ အရှေ့မြောက်ပိုင်းရှိ အာသံဒေသတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသော စက်မှုကဏ္ဍ အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယသမ္မတနိုင်ငံ အစိုးရမှ ဦးဆောင်၍ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဘောင်များ ရေးဆွဲခြင်း၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် လွယ်ကူလျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်း စသည့်အခြေအနေများကို ထိပ်သီးအစည်းအဝေး၌ မျှဝေခြင်းဖြင့် နည်းပညာကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ လျှပ်စစ်နှင့် ဆေးဝါးကဏ္ဍတို့ကို လက်တွေ့အသုံးချနိုင်ရေးအတွက် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်သည်။

အခမ်းအနားဖွင့်ပွဲကို ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းက ကျင်းပခဲ့ရာ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် နာရိန္ဒြာမိုဒီက တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ဖေဖော်ဝါရီ ၄ ရက်က ကျင်းပသော Plenary Session ၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကားပြောကြားခဲ့ရာ ယနေ့ ကျင်းပပြုလုပ်သော Advantage Assam Global Investor Summit သည် အာသံဒေသ၏ ပထဝီဝင်အရ မဟာဗျူဟာမြောက် အားသာချက်များကို ရယူ၍ ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု လွယ်ကူလျင်မြန်ချောမွေ့စေရေးနှင့် ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးတို့အတွက် အရေးပါသည့် ထိပ်သီးအစည်းအဝေးတစ်ခု ဖြစ်ပါကြောင်း၊ စီးပွားရေးအခွင့်အလမ်းကောင်းများ ရရှိနိုင်ရေး အမြင်ချင်းဖလှယ် ဆွေးနွေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် ပို့ကုန်ဦးဆောင်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အာသံနှင့်အတူ မိတ်ဖက်နိုင်ငံများမှ ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရေး ကြိုးပမ်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုကျင်းပသည့် ထိပ်သီးအစည်းအဝေးပွဲသည် အိန္ဒိယ-အာဆီယံ၏ ပိုမိုခိုင်မာ၍ အကျိုးကျေးဇူးပြုနိုင်သော "Act East Policy" ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် အထောက်အကူပြုမည်ဖြစ်ပြီး ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၏ အဓိကအရေးပါသော အခန်းကဏ္ဍတွင် ပါဝင်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ထိပ်သီးအစည်းအဝေးသို့ တက်ရောက်နေစဉ် ကာလအတွင်း ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘူတန်နိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Tshering Tobgay ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ၍ နှစ်နိုင်ငံအကြား စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့သည်။

ယခုကျင်းပသည့် ထိပ်သီးအစည်းအဝေးသည် အာသံပြည်နယ်အစိုးရ၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေးအတွက် ပထမဦးဆုံးနှင့် အကြီးဆုံး ထိပ်သီးအစည်းအဝေးတစ်ခုဖြစ်ပြီး အာဆီယံနှင့် BBN နိုင်ငံများမှ လာရောက်ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန် ဖိတ်ခေါ်ခြင်းဖြစ်ရာ ထိပ်သီးအစည်းအဝေးသို့ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်၊ အာသံပြည်နယ်မှ ဝန်ကြီးချုပ်၊ အာဆီယံနိုင်ငံ များမှ ကုန်သွယ်ရေးဝန်ကြီးများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ အပါအဝင် ၄၀၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

## ထန်းတပင်မြို့နယ်၌ မော်တော်ဆိုင်ကယ်များအား ရှောင်တခင်စစ်ဆေး

**တောင်ငူ ဖေဖော်ဝါရီ ၅**

ထန်းတပင်မြို့နယ်တွင် မှုခင်းကြီးများမဖြစ်ပွားအောင် ကြိုတင်ကာကွယ်တားဆီးသည့်အနေဖြင့် တောင်ငူခရိုင်ရဲတပ်ဖွဲ့မှူး သန်းထွန်း၏ ဦးဆောင်မှုဖြင့် ဖေဖော်ဝါရီ ၃ ရက် ည ၉နာရီက ထန်းတပင်တံတားထိပ်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်သိန်းနှင့် မြို့မစခန်းမှူး ဒုရဲမှူး အောင်ဝင်းထွေး ဦးဆောင်သောအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မီးသတ်တပ်ဖွဲ့ဝင်များသည် မော်တော်ဆိုင်ကယ်များအား ရှောင်တခင် ပိတ်ဆို့စစ်ဆေးခဲ့ကြောင်း သိရသည်။

**သူရ(တောင်ငူ)**



# ငြိမ်းချမ်းရေးပန်းတိုင်သို့

## ဒေါက်တာမြတ်မိုး(လွှတ်တော်)

**၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် တိုင်းရင်းသားညီအစ်ကိုများ၏ တက်ညီလက်ညီ ပါဝင်လက်မှတ်ရေးထိုးမှုဖြင့် ဖြစ်တည်လာခဲ့သော မြန်မာ့လွတ်လပ်ရေး အချိုးအကွေ့တစ်ခုဖြစ်သည့် ပင်လုံစာချုပ် (ပြည်ထောင်စုနေ့)သည် ယခုအခါ (၇၁) နှစ်တိုင်ခဲ့ပါပြီ။ ပင်လုံမြေမှ ဖူးပွင့်ခဲ့သော ပင်လုံစာချုပ်ဖြင့် စည်းလုံးညီညွတ်မှုအင်အားကို ရယူကာ လွတ်လပ်ရေးကို ရယူနိုင်ခဲ့သည့် နည်းတူ (၂၁)ရာစုပင်လုံညီလာခံ တတိယအစည်းအဝေးဖြင့်လည်း ထာဝရအခွန့်ရှည်တည်တံ့မည့် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် ယုံကြည်မှုများ တိုးတက်တည်ဆောက်နိုင်ကြမည်ဟု မျှော်လင့်မိပါသည်။ နှစ်ဦးကာလတွင် မွန်ပြည်သစ်ပါတီ (NMSP) နှင့် လားဟူ ဒီမိုကရက်တစ်အစည်းအရုံး (LDU) တို့က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်တို့နှင့် တွေ့ဆုံပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) တွင် လက်မှတ်ရေးထိုးကာ (၂၁)ရာစုပင်လုံညီလာခံတွင် ပူးပေါင်းပါဝင်ဆွေးနွေးမည့် အတိတ်နိမိတ်ကောင်း၊ လက္ခဏာများက ယခုနှစ်ပြည်ထောင်စုနေ့နှင့် ငြိမ်းချမ်းရေးအတွက် ကြိုဆိုနေသော တိုးတက်မှုတစ်ခုပင် ဖြစ်ပါလိမ့်မည်။**

ပင်လုံသဘောတူညီချက် ရရှိနိုင်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ပြီး မည်မျှကြိုးစားအားထုတ်ခဲ့ကြရသည်ကို အားလုံးသိရှိကြပြီး ဖြစ်ပါသည်။ အမျိုးသားခေါင်းဆောင်ကြီးနှင့်အတူ ကချင်၊ ရှမ်း၊ ချင်း၊ ဗမာ၊ ကရင်နီ (ကယား)၊ (လော့လာသူ)တိုင်းရင်းသား ကိုယ်စားလှယ်များ၏ မျှော်မှန်းချက်များနှင့်အတူ ပင်လုံစိတ်ဓာတ် သန္ဓေတည်ခဲ့သည်။ လောကဓမ္မတာအတိုင်း မိသားစုတစ်စုအတွင်း ညီအစ်ကိုမောင်နှမများ သဘောမတူ ကွဲပြားမှုများရှိတတ်စမြဲဖြစ်ရာ ပင်လုံစိတ်ဓာတ်ဖြင့်ပင် စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး ပုံဖော်ထုဆစ်နိုင်ရန်များစွာ ကြိုးပမ်းအားထုတ်ကြရမည့် အချိန်အခါလည်း ဖြစ်ပါသည်။ ဥမကွဲသိုက်မပျက်၊ စည်းလုံးညီညွတ်စွာ အေးအေးချမ်းချမ်းနေထိုင်လိုကြသော တိုင်းရင်းသားအားလုံး၏ မျှော်လင့်ချက်ကို ဖြည့်ဆည်းပေးရန် အခါကာလကောင်းလည်း ဖြစ်ပါသည်။ မှတ်သားစရာကောင်းသည့် ဇာတကဝတ္ထုထဲက 'ဟင်္သာကိုးသောင်းနှင့် ပင့်ကူ'ဇာတ်၊ ထင်းအစည်းကို ဖြေချပြီးတစ်ချောင်းချင်း ချိုးပြသည့် သားသုံးယောက်နှင့် အဘိုးအိုပုံပြင်တို့ကဲ့သို့ စည်းရုံးမှုပြိုကွဲလျှင်၊ ချစ်ချစ်ခင်ခင် မနေနိုင်ကြလျှင်၊ အေးအတူ ပူအမျှမရှိကြလျှင်၊ တစ်ကောင်တည်း၊ ထီးတည်း၊ တစ်ပင်တည်း ဝါးမျိုချိုးဖျက်ခံရမည့် မုန်တိုင်း အန္တရာယ်များကိုလည်း သတိပြုကြရမည်ဖြစ်ပါသည်။

ရှေ့ရေးကို မျှော်တွေးပြီး စေတနာပါသော နိုင်ငံ့ခေါင်းဆောင်များ၏ ငြိမ်းချမ်းရေးခရီးလမ်းမှာ အတူလျှောက်လှမ်းကြဖို့ အချိန်တန်ပါပြီ။ တန်ဖိုးရှိသည့် ခွန်အားသစ်များဖြင့် အချင်းချင်း သတ်ဖြတ်နေကြမည့်အစား နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဦးတည်အသုံးချဖို့လည်း စဉ်းစားချိန်တန်နေပါပြီ။ လက်နက်ချင်းမမျှတ၍ တစ်ချိန်ကမြန်မာတွေ စစ်ရှုံးခဲ့ကြရပြီး ကျွန်သဘောက်ဘဝ ရောက်ခဲ့ကြရသည်ကို မမေ့ကြဖို့ လိုအပ်သလို၊ ယခုလည်း မစည်းလုံး၊ မညီညွတ်ကြလျှင်ဖြင့် ဖွံ့ဖြိုးတိုးတက်မှုမှ ဝေးကွာပြီး နိုင်ငံပြိုကွဲဖို့ အနီးဆုံးမုန်တိုင်းတစ်ခု၊ စိန်ခေါ်မှု ကြုံတွေ့ရမည်မှာ မလွဲကေန်ပင်ဖြစ်ပါသည်။

သို့ဆိုလျှင် ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးအတွက် ခွန်အားတွေ၊ လက်နက်တွေကို မျှတချင့်ချိန် အသုံးပြုကြရတော့မည်ဖြစ်ပါသည်။ လက်ရုံးရည်ထက် နှလုံးရည်ကို အားကိုးဖို့ လိုပါသည်။ ကွဲလွဲနေတဲ့ သံသယတွေနေရာမှာ ယုံကြည်မှုတွေနဲ့ အစားထိုးရပါမည်။ ရုပ်ပိုင်းဆိုင်ရာ လက်နက်တွေနေရာမှာ ဦးနှောက်ကို အသုံးပြုကြရပါမည်။ ဦးနှောက်ကို ငြိမ်းချမ်းရေးအတွက် ပိုအသုံးချစေချင်ပါသည်။ ပရဟိတ အခြေခံသော ယုံကြည်ချက်ကို အရင်းတည်ပြီး ငြိမ်းချမ်းရေးစားပွဲတွင် အတူထိုင်ကာ ဖွံ့ဖြိုးမှုပန်းတိုင်အထိ ရောက်အောင်သွားကြရပါမည်။

### ငြိမ်းချမ်းရေးညီလာခံတွင်ပါဝင်သင့်

တိုင်းရင်းသား ညီအစ်ကိုမောင်နှမ အဖွဲ့အစည်း အသီးသီးသည် ကိုယ့်ယုံကြည်ချက်၊ နှလုံးရည် စွမ်းအားနှင့် ယခုလာမည့် ငြိမ်းချမ်းရေးညီလာခံတွင် ပါဝင်သင့်ကြပါပြီ။ ပြည်သူလူထုအကျိုးငှဲကွက်ပြီး အပစ်အခတ် ရပ်စဲရေးစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးကာ တိုင်းရင်းသားများ၏ ထောက်ခံမှုကို ရယူသင့်ပါပြီ။ ငြိမ်းချမ်းရေး မလိုချင်သည့်သူ တစ်ဦးတစ်ယောက်မှ မရှိသော ဒီပြည်ထောင်စုကြီးမှာ မိမိတို့ဟာ ကိုယ့်သားသမီးတွေ၊ နောင်မျိုးဆက်သစ်တွေအတွက် အမြဲတေကောင်းတွေ ဖြစ်ဖို့လည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။ တည်ငြိမ်အေးချမ်းသာယာသော ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရန် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့်အတူ ယှဉ်တွဲအရေးကြီးသည်က အမျိုးသားရင်ကြားစေ့ရေးတစ်ခုပင်။

မတူကွဲပြားခြားနားသော သဘောထားများနှင့် တစ်ဦးချင်း၊ တစ်ဖွဲ့ချင်း၏ အားသာချက်၊ အားနည်းချက်ကို နားလည်မှုပေး၊ ညှိနှိုင်းမှုယူ၊ ကိုယ်ချင်းစာတရားထား၊ စာနာနားလည်မှုအပြည့်နှင့် ရင်ကြားစေ့နိုင်မယ်ဆိုလျှင် ငြိမ်းချမ်းရေးအတွက် အခြေခံအုတ်မြစ်တစ်ခုကို တည်ဆောက်သလိုပဲဖြစ်မှာပါ။ အမှားအမှန်ဟာ လူတိုင်း လူတိုင်းမှာ ရှိတတ်တာမို့ တစ်ဦးနှင့်တစ်ဦး လက်ညှိုးထိုး အပြစ်တင်နေမည့် အဆိုးမြင် စိတ်ဓာတ်နေရာမှာ ဆင်ခြင်တုံတရားနှင့် သတ္တိပြည့်ဝသည့် အပြုသဘောစိတ်ဓာတ်ကို မွေးမြူသင့်ကြပါသည်။ မမြဲသော ဒီလောကကြီးမှာ တစ်နှစ်ထက် တစ်နှစ်ပေါ်လာသော အခွင့်အရေးကောင်းတွေကို အမိအရဆုပ်ကိုင်ပြီး သံသရာအမွေအနှစ်အတွက်လည်း အကောင်းဆုံးအနေအထား တစ်ခုကို ဖန်တီးကျန်ခဲ့စေချင်ပါသည်။ ကိုယ်မမြင်ရလျှင်တောင်၊ အေးချမ်းသော ပြည်ထောင်စု၏ သင်္ကေတကို နောင်လာနောက်သားများက အမြဲတမ်းအလေးပြုနေမှာ ဖြစ်ပါသည်။ ယခုပါဝင်ပတ်သက်နေသည့် ဦးစီးခေါင်းဆောင်များအားလုံးကို လက်ရှိပစ္စုပ္ပန်ကိုပဲ ကြည့်တတ်သော၊ အတ္တသဘော၊ အမြင်ကျဉ်းပြီး၊ အမြော်အမြင် နည်းပါးသော ခေါင်းဆောင်များ မဖြစ်စေချင်တာ တကယ့်စေတနာအမှန်ပါ။

တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာစကားပေါင်းစုံ၊ ယဉ်ကျေးမှုဓလေ့ပေါင်းစုံ၊ ကိုးကွယ်ယုံကြည်မှုပေါင်းနှင့် မတူကွဲပြားသည့် ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံတွင် ပြည်ထောင်စုစိတ်ဓာတ်နှီးကြားခိုင်မာမှုမရှိလျှင် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုပေါ်ပေါက်ရေးနှင့် ပြည်ထောင်စုတစ်ဝန်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် ယခုနှစ်ပြည်ထောင်စုနေ့ ဦးတည်ချက်များနှင့် အလှမ်းဝေးနေဦးမှာ ဖြစ်ပါသည်။

### ရလဒ်ကောင်းများသို့ ဦးတည်နေ

ငြိမ်းချမ်းရေးခရီးပန်းတိုင်သည် တွေ့ဆုံဆွေးနွေးမှုများဖြင့် ရလဒ်ကောင်းများသို့ ဦးတည်နေသည်ဟုလည်း အကောင်းမြင်မိပါသည်။ ခိုင်မာစေသောအချက်မှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ငြိမ်းချမ်းရေးကို ရအောင် တည်ဆောက်မည်ဟူသော ဖြူစင်သောစိတ်ထား၊ ပွင့်လင်းသော သဘောထားနှင့် မျှော်လင့်ချက်ပင်ဖြစ်ပါသည်။ ၎င်း၏ ဖခင်ဗိုလ်ချုပ်အောင်ဆန်းကလည်း ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံပွဲတစ်ခုတွင် ရှမ်း၊ ကချင်၊ ချင်း၊ ကရင်၊ ဗမာ အမျိုးမျိုးအဖုံဖုံ အကွဲကွဲအပြားပြားလုပ်လျှင် အကျိုးရှိမည် မဟုတ်ကြောင်း၊ စုပေါင်းလုပ်ကြမှသာ အကျိုးရှိမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားများ ချစ်ကြည်ရင်းနှီးရေး၊ ညီညွတ်ရေးနှင့် ပတ်သက်၍ ပြောကြားချက်သည်လည်း အနှစ်သာရရှိသော၊ လက်တွေ့ဘဝနှင့် ကိုက်ညီသော မှာကြားချက်တစ်ခု ဖြစ်ပေသည်။

### ပင်လုံညီလာခံ၏ အနှစ်သာရ

၁၉၄၇ ခုနှစ် ပင်လုံညီလာခံ၏ အနှစ်သာရသည် တိုင်းရင်းသားအားလုံး တစ်စည်းတစ်လုံးတည်း အတူတကွ လွတ်လပ်ရေးရရှိရန် ဖြစ်သကဲ့သို့ (၂၁) ရာစုပင်လုံညီလာခံ၏ အနှစ်သာရသည်လည်း ငြိမ်းချမ်းသာယာဝပြောသော၊ တစ်ခုတည်းသော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး ပေါ်ထွန်းရေးပင်ဖြစ်ပါသည်။ ပင်လုံညီလာခံမှ သန္ဓေတည်ခဲ့သော ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့်သာ ပဋိပက္ခများ ချုပ်ငြိမ်းပြီး တိုင်းရင်းသားအားလုံး တန်းတူပါဝင်ဖော်ဆောင်နိုင်သော အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးရေးကို ရယူတည်ဆောက်နိုင်မည်ဟု ယုံကြည်ပါသည်။ ထိုယုံကြည်ချက်နှင့်အတူ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အမျိုးသားရေး ဦးတည်ချက်များ အကောင်အထည်ဖော်ရန်အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားအဖွဲ့အစည်းများ၊ လက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးသည် မြန်မာနိုင်ငံကို ကမ္ဘာ့အလယ်မှာ ဝင့်ထည်အောင် အတူတကွလက်တွဲကြိုးပမ်း၊ ဆောင်ကြဉ်းပေးနိုင်ရန်လည်း တိုက်တွန်းအပ်ပါသည်။

### လက်ဆင့်ကမ်းအမွေ

အချုပ်အားဖြင့် ယခုကာလသည် ပြည်သူတစ်ရပ်လုံးက ငြိမ်းချမ်းရေးအတွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်သူက စွန့်လွှတ်၊ အနစ်နာခံနိုင်မည်၊ မည်သူက တာဝန်ယူ၊ တာဝန်ခံမှုရှိသည်၊ မည်သူက ဆင်ခြင်တုံတရားနှင့် သတ္တိရှိသည်ကို အကဲဖြတ်စောင့်စားနေသော ကာလတစ်ရပ်လည်း ဖြစ်ပါသည်။ ပင်လုံနှင့်အတူ စီးမျောနေသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဒီမိုကရေစီရေး၊ ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပန်းတိုင်ကို မျက်ခြည်ပြတ်မခံရန် လိုအပ်လှပါသည်။ ပင်လုံစိတ်ဓာတ်ဖြင့် နောင်လာမည့် သားငယ် သမီးငယ် မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းရေးဆိုသော ရတနာသိုက်ကြီးကို လက်ဆင့်ကမ်း အမွေထားရစ်ခဲ့ရမည့် အချိန်ကာလ တစ်ရပ်လည်း ဖြစ်ပါသည်။ ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များနှင့်အတူ ကမ္ဘာတည်သရွေ့ ထာဝရတည်တံ့မည့် ငြိမ်းချမ်းရေးအတွက် ကျင်းပတော့မည့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံ တတိယအစည်းအဝေးဖြင့် သမိုင်းစာမျက်နှာသစ် ဖွင့်လှစ်နိုင်ရန် အထူးမျှော်လင့်မိပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

**"ကွဲလွဲနေတဲ့ သံသယတွေနေရာမှာ ယုံကြည်မှုတွေနဲ့ အစားထိုးရပါမည်။ ရုပ်ပိုင်းဆိုင်ရာ လက်နက်တွေနေရာမှာ ဦးနှောက်ကို အသုံးပြုကြရပါမည်။ ဦးနှောက်ကို ငြိမ်းချမ်းရေးအတွက် ပိုအသုံးချစေချင်ပါသည်။ ပရဟိတ အခြေခံသော ယုံကြည်ချက်ကို အရင်းတည်ပြီး ငြိမ်းချမ်းရေးစားပွဲတွင် အတူထိုင်ကာ ဖွံ့ဖြိုးမှုပန်းတိုင်အထိ ရောက်အောင်သွားကြရပါမည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမ အဖွဲ့အစည်း အသီးသီးသည် ကိုယ့်ယုံကြည်ချက်၊ နှလုံးရည်စွမ်းအားနှင့် ယခုလာမည့် ငြိမ်းချမ်းရေးညီလာခံတွင် ပါဝင်သင့်ကြပါပြီ။ ပြည်သူလူထု အကျိုးငှဲကွက်ပြီး အပစ်အခတ်ရပ်စဲရေးစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးကာ တိုင်းရင်းသားများ၏ ထောက်ခံမှုကို ရယူသင့်ပါပြီ။ ငြိမ်းချမ်းရေး မလိုချင်သည့်သူ တစ်ဦးတစ်ယောက်မှ မရှိသော ဒီပြည်ထောင်စုကြီးမှာ မိမိတို့ဟာ ကိုယ့်သားသမီးတွေ၊ နောင်မျိုးဆက်သစ်တွေအတွက် အမြဲတေကောင်းတွေဖြစ်ဖို့လည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။ တည်ငြိမ်အေးချမ်းသာယာသော ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရန် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့်အတူ ယှဉ်တွဲအရေးကြီးသည်က အမျိုးသားရင်ကြားစေ့ရေးတစ်ခုပင်"**

# ရခိုင်ပြည်နယ်အတွင်း ကျောက်ပန္နူ-အင်းဒင်- စေတီပြင် မေယုတောင်ကျော်လမ်း ဖောက်လုပ်လျက်ရှိရာ ၂၀ ရာခိုင်နှုန်းပြီးစီး



**စစ်တွေ ဖေဖော်ဝါရီ ၅**

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေး အန္တရာယ်များအား ထိရောက်စွာ ကာကွယ်နိုင်ရန်အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ရခိုင်ပြည်နယ် လမ်းဦးစီးဌာနသည် မေယုတောင်ပေါ်၌ တောင်ကျော်ကားလမ်းများကို ဖောက်လုပ်လျက်ရှိသည်။

### ၂၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီး

အထူးသဖြင့် ရခိုင်ပြည်နယ် မောင်တောဒေသ တည်ငြိမ်အေးချမ်းပြီး လုံခြုံရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လမ်းကွန်ရက်များ ဖောက်လုပ်လျက်ရှိရာ ယခုအခါ မေယုတောင်ကျော်ကားလမ်း လေးသွယ်အနက်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုအစိုးရ ရန်ပုံငွေဖြင့် ကျောက်ပန္နူ-အင်းဒင်-စေတီပြင်လမ်း ကိုးမိုင်ကို ဖောက်လုပ်လျက်ရှိရာ ယခုအခါ ၂၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဟု သိရသည်။ **(ယာပုံ)**

### အကောင်အထည်ဖော်ဆောင်ရွက်

ဆက်လက်၍ ရခိုင်ပြည်နယ်လမ်းဦးစီးဌာနသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၌ မေယုတောင်ကျော်လမ်းများဖြစ်သည့် သက်ကိုင်ညာ- ဗဒဂါးလမ်းနှင့် ဥဒေါင်း-ညောင်ချောင်းလမ်းများကို ဖောက်လုပ်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု သိရသည်။

**ခရမ်းစိုးမြင့်**

# လက်မှတ်ရေးထိုးထားသည့် သဘောတူစာချုပ်များနှင့်အညီ ပြောင်းရွှေ့အလုပ်သမားများအတွက် ရေရှည်အစီအမံများဖြင့် ဆောင်ရွက်လျက်ရှိ



ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ ကျင်းပစဉ်။ သတင်းစဉ်

- **အမျိုးသားအဆင့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းခွင့်ပြုရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြထားပြီးဖြစ်**
- **ဖွဲ့စည်းခွင့်ရရှိမည်ဆိုပါက အမျိုးသားလူဦးရေမူဝါဒ ရေးဆွဲခြင်းလုပ်ငန်းစဉ်များကို ကော်မရှင်က ဦးစီးပြီး ဝန်ကြီးဌာနပေါင်းစုံပါသော အဖွဲ့ဖြင့် စနစ်တကျ ဆောင်ရွက်သွားမည်**

နေပြည်တော် ဖေဖော်ဝါရီ ၅

**"အကြောင်းအမျိုးမျိုးဖြင့် နိုင်ငံပြင်ပသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြရသော မြန်မာနိုင်ငံသားများသည် ပြည်ပနိုင်ငံများ၏ ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊ မူဝါဒများနှင့် အခြားသော အကြောင်းရပ်တို့ကြောင့် အခက်အခဲများစွာ ရင်ဆိုင်ကြုံတွေ့ရလျက်ရှိနေသဖြင့် ၎င်းတို့ ဆက်လက်ရပ်တည်နိုင်ရေးနှင့် နိုင်ငံတွင်းသို့ ပြန်လည်ဝင်ရောက်လာကြပါက ထိရောက်သော ကူညီစောင့်ရှောက်မှု ပေးနိုင်ရေးအတွက် သင့်လျော်သည့်မူဝါဒနှင့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"**အဆိုကို ပြည်သူ့လွှတ်တော်က မှတ်တမ်းတင်ကြောင်း ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့တွင် ဆုံးဖြတ်လိုက်သည်။

**အလုပ်သမားများအတွက် အခက်အခဲအချို့ရှိ**

ယင်းအဆိုကို မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် တင်သွင်းခဲ့ခြင်းဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦး ဝင်ရောက်ဆွေးနွေးရာတွင် အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက မြန်မာအစိုးရအနေဖြင့် ရွှေ့ပြောင်းလုပ်သားအရေးကို နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိသော်လည်း အလုပ်သမားများအတွက် အခက်အခဲအချို့ရှိနေဆဲ ဖြစ်ပါကြောင်း၊ အခြေခံအခွင့်အရေးများ ချိုးဖောက်ခံရခြင်း၊ လုပ်ခလစာမရရှိခြင်း၊ အလုပ်ရှင်နှင့် ပွဲစားများမှ နှိပ်စက်၊ လိမ်လည်၊ အနိုင်ကျင့်မှုများခံကြရပြီး တစ်ခါတစ်ရံ အသက်ဆုံးရှုံးရသည်အထိ အခက်အခဲစိန်ခေါ်မှုများ ရှိနေသည့်အတွက် ဖြေရှင်းပေးရန် လိုအပ်ပါကြောင်း၊ လိုင်စင်ထုတ်ပေးထားသည့် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင် အေဂျင်စီများကိုလည်း သေသေချာချာ စောင့်ကြည့်ထိန်းကျောင်းပြီး လိုအပ်သည့်အခါ ထိထိရောက်ရောက်အရေးယူရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာခင်စည်သူက တရားဝင်အထောက်အထား လက်ဝယ်ရှိပြီး အခက်အခဲနှင့် အန္တရာယ်များကြောင့် တရားမဝင်ရွှေ့ပြောင်းလုပ်သားများအဖြစ် စီးဆင်းမှုကို ကာကွယ်ပေးရန်လိုအပ်ပြီး တရားမဝင်ရွှေ့ပြောင်းလုပ်သားများကို တရားဝင်ရွှေ့ပြောင်းလုပ်သားများဖြစ်လာအောင် အထူးဆောင်ရွက်နိုင်ရန် တိုက်တွန်းပါကြောင်း၊ အမျိုးသမီးများ CEDAW စာချုပ်အပါအဝင် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ အလုပ်သမားအခွင့်အရေး၊ ကလေးလူငယ်များဆိုင်ရာ အခွင့်အရေးနှင့် သက်ဆိုင်သော နိုင်ငံတကာစာချုပ်များကို မြန်မာနိုင်ငံမှ သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါကြောင်း၊ သို့သော် ယခင်အစဉ်အလာအရ အစိုးရက ထိထိရောက်ရောက် အကောင်အထည်ဖော်ရန် ပျက်ကွက်နေခဲ့ပါကြောင်း ဆွေးနွေးသည်။

အဆိုနှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက နိုင်ငံတော်အနေဖြင့် နိုင်ငံသားများ အလုပ်အကိုင်ရရှိရေးနှင့် အလုပ်သမားများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးလုပ်ငန်းများသည် နိုင်ငံတော်အစိုးရ၏ ဦးစားပေးလုပ်ငန်းတစ်ခု ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ မူဝါဒများ၊ အလုပ်အကိုင်ဆိုင်ရာ မူဝါဒများကို တိကျစွာရေးဆွဲသတ်မှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံပြင်ပသို့ သွားရောက်ကြသည့် နိုင်ငံသားများ ပြည်ပနိုင်ငံများမှ ရောက်ရှိသည့်အခါ မိမိနိုင်ငံသားများအနေဖြင့် တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ အထောက်အထားရှိသည့်သူဖြစ်စေ၊ အထောက်အထားမရှိသည့်သူဖြစ်စေ မိမိနိုင်ငံသားများဖြစ်သည့်အတွက် အစွမ်းကုန် ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

လက်မှတ်ရေးထိုးထားသည့် သဘောတူစာချုပ်များနှင့်အညီ ပြည်တွင်း ပြည်ပ ပြောင်းရွှေ့သွားသည့် အလုပ်သမားများအတွက် ရေရှည်အစီအမံများဖြင့် ထိရောက်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါအကြောင်းအရာများသည် နိုင်ငံတော်အစိုးရနှင့်ဝန်ကြီးဌာနအားလုံးက ဘက်စုံကဏ္ဍစုံသုံးသပ်ကာ စဉ်ဆက်မပြတ် ဆောင်ရွက်နေသည့် လုပ်ငန်းဖြစ်သည့်အတွက် မှတ်တမ်းတင်ထားရှိသင့်ပါကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာတွင် ထောက်ခံမဲ ၁၆၈ မဲ၊ ကန့်ကွက်မဲ ၂၀၄ မဲ၊ ကြားနေမဲ ငါးမဲဖြစ်ပြီး ကန့်ကွက်သည့် ကိုယ်စားလှယ်ဦးရေများသည့်အတွက် ယင်းအဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

**လူဦးရေဆိုင်ရာမူဝါဒ**

အစည်းအဝေးတွင် ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာဦးစံရွှေဝင်း၏ **နိုင်ငံတော်၏ ကျန်းမာရေး၊ ပညာရေး၊ လုပ်သားအင်အား၊ လူမှုရေးဖွံ့ဖြိုးမှု၊ စီးပွားရေးဖွံ့ဖြိုးမှုများကို စဉ်းစားခြုံငုံသုံးသပ်ပြီး "အမျိုးသားလူဦးရေမူဝါဒ" ချမှတ်ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက လူဦးရေဆိုင်ရာ မူဝါဒရေးဆွဲရာတွင် နိုင်ငံအတွက် သင့်လျော်မှုအရှိဆုံး၊ အဆီလျော်ဆုံးဖြစ်သည့် အနေတော်လူဦးရေ၊ မိမိနိုင်ငံ၏ သယံဇာတကြွယ်ဝမှု၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခြေအနေ၊ ပထဝီဒေသအလိုက် လူဦးရေပျံ့နှံ့နေထိုင်မှု၊ မိမိနိုင်ငံ၏ လက်ရှိလူဦးရေတိုးနှုန်း၊ မွေးနှုန်း၊ သေနှုန်း၊ ရွှေ့ပြောင်းနေထိုင်နှုန်း၊ မျှော်မှန်းသက်တမ်း၊ အိမ်နီးချင်းနိုင်ငံများ၏ လူဦးရေသိပ်သည်းဆ၊ ပျံ့နှံ့နေထိုင်ပုံနှင့် အမျိုးသားလုံခြုံရေးအတွက် ကာကွယ်ရေးအင်အား လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားသုံးသပ်ရမည် ဖြစ်ပါကြောင်း။

အမျိုးသားအဆင့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်ကို ပြန်လည်ဖွဲ့စည်းခွင့်ပြုရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြထားပြီးဖြစ်ပါကြောင်း၊ ဖွဲ့စည်းခွင့်ရရှိမည်ဆိုပါက အမျိုးသားလူဦးရေမူဝါဒရေးဆွဲခြင်း လုပ်ငန်းစဉ်များကို ကော်မရှင်ကဦးစီးပြီး ဝန်ကြီးဌာနပေါင်းစုံပါသော အဖွဲ့ဖြင့် စနစ်တကျဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်တံ့ခိုင်မြဲရေးအတွက် အမျိုးသားလူဦးရေမူဝါဒကို ရေးဆွဲချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ်ရှိပါကြောင်း ဖြေကြားသည်။

**သက်ဆိုင်ရာတိုင်းရင်းသားဘာသာဖြင့် ရေးသွင်း**

ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ၏ **လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် ပညာရေးဌာနများတွင် လူနည်းစုတိုင်းရင်းသားများ၏ ကိုယ်ရေးအချက်အလက်များ ဖြည့်သွင်းရာ၌ မြန်မာအက္ခရာအပြင် သက်ဆိုင်ရာ တိုင်းရင်းသား အလိုက်အက္ခရာ သို့မဟုတ် နိုင်ငံတကာသုံး အင်္ဂလိပ်အက္ခရာနှင့်ပါ ဖြည့်စွက်ရေးသွင်းခွင့်ပြုရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက တိုင်းရင်းသားလူမျိုးများ၏ အမည်စာရင်းများကို ကာယကံရှင်များက တင်ပြလျှောက်ထားသည့် မွေးဖွားကြောင်းအထောက်အထားနှင့် အိမ်ထောင်စုစာရင်းများတွင် ဖော်ပြထားသည့်အမည်ကို ရေးသွင်းဖော်ပြရန် ညွှန်ကြားထားရှိပါကြောင်း၊ တိုင်းရင်းသားဘာသာဖြင့်လည်း အမည်များကို ဖြည့်စွက်ရေးသွင်းနိုင်ပါကြောင်း၊ မြန်မာစကားဖြင့် အသံထွက်မှန်အောင် ရေး၍မရသော တိုင်းရင်းသားအမည်များကိုလည်း မြန်မာဘာသာအပြင် သက်ဆိုင်ရာ တိုင်းရင်းသားဘာသာဖြင့်လည်း ရေးသွင်းဖော်ပြနိုင်ပါကြောင်း ဖြေကြားသည်။

စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၏ ဆောက်လုပ်ရေးလုပ်ငန်းများ၊ သတ္တုကျင်းများ၊ စက်ရုံအလုပ်ရုံများတွင် လုပ်ငန်းခွင်ဝင်ရောက်မည့် အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် Safety Course သင်တန်းများပို့ချပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ဆောက်လုပ်ရေးလုပ်ငန်းများ၊ သတ္တုကျင်း များ၊ စက်ရုံအလုပ်ရုံများတွင် လုပ်ငန်းခွင်ဝင်ရောက်မည့် အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် Safety Course သင်တန်းများကို ရန်ကုန်မြို့ သုဝဏ္ဏမြို့နယ်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ)တွင် ဖွင့်လှစ်ပြီး သင်ကြားပေးလျက်ရှိပါကြောင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် Safety Course သင်တန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ပို့ချ၍ သင်တန်းဆင်းလက်မှတ်များရရှိအောင် ဆောင်ရွက်ပေးရန် အစီအစဉ် လောလောဆယ် မရှိသေးပါကြောင်း ဖြေကြားသည်။

**တရားဝင်ကူးသန်းသွားလာခွင့်**

ထို့ပြင် မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး၏ **တိုင်းရင်းသားမျိုးနွယ်စုများတွင် ရိုဟင်ဂျာလူမျိုး မရှိကြောင်းအား မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်သူလူထုသာမက ကမ္ဘာ့နိုင်ငံအသီးသီးအား သိရှိစေရန် မည်ကဲ့သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုကြောင်း** မေးခွန်း၊ ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကျော်၏ **ကျေးသီးမြို့နယ်တွင် လဝက ဦးစီးအရာရှိတစ်ဦးနှင့် မိုင်းနောင်မြို့တွင် လဝကမှူးတစ်ဦးအား အစားထိုးခန့်အပ်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်း၊ တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း၏ **တမူးမြို့မှ တစ်ဖက်နိုင်ငံ နယ်စပ်မြို့သို့ ခုနစ်ရက်ပတ်စပို့ သို့မဟုတ် နေ့ချင်းပြန်ပတ်စပို့ဖြင့် တရားဝင်ကူးသန်းသွားလာခွင့်ရရှိရန် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုကြောင်း** မေးခွန်းတို့ကိုလည်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြန်လည်ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့သော **"၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေကိုရုပ်သိမ်းသည့် ဥပဒေကြမ်း"**အား လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုခြင်းကိုလည်း ဆောင်ရွက်ခဲ့သည်။

**ကျော်သူထက်၊ မွှေးကြူဇင်**

## ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပထမနေ့စတင်ကျင်းပ

**မြစ်ကြီးနား ဖေဖော်ဝါရီ ၅**

ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် မြစ်ကြီးနားမြို့ ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်နှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကချင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် လွှတ်တော် ကိုယ်စားလှယ်များ၏ တိုင်စာအပေါ် စိစစ်၊ သုံးသပ်၊ အကြံပြုချက်များအရ မည်သို့ အရေးယူဆောင်ရွက်ပေးခြင်းနှင့် လွှတ်တော်ရုံးမှ ပေးပို့သောအမှုများ မြန်ဆန်စွာ ဖြေရှင်းနိုင်ရေးအတွက် မည်သို့စီစဉ်ထားသည်ကို သိရှိလိုကြောင်းနှင့် စပ်လျဉ်းသည့်မေးခွန်း၊ နောင်မွန်မြို့နယ် ဝမ်းစာဖူလုံရေးအတွက် များစွာ အထောက်အကူပြုလျက်ရှိသော ဆည်မြောင်းခုနစ်ခုအား ပြုပြင်ထိန်းသိမ်းပေးနိုင်ခြင်း ရှိ၊ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်းမေးခွန်း၊ ပူတာအိုမြို့နယ် မြို့မရပ်ကွက်တွင်ရှိသော မြို့တော်ခန်းမဆောင်ကို ခရိုင်အဆင့်နှင့် လျော်ညီသော RC တိုက်အဖြစ် ဆောက်လုပ်ပေးနိုင်ပါရန် အစီစဉ်ရှိ၊ မရှိမေးခွန်းများအပါအဝင် မေးခွန်း ၇ ကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းကြရာ သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်နယ်လွှတ်တော် စီးပွားရေးနှင့် လူမှုရေးကဏ္ဍဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကော်မတီက **"ကချင်ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"**ကို တင်သွင်းပြီး ကျန်းမာရေးဌာနမှ သတ်မှတ်လူနာဦးရေကို ဖြေလျှော့ကာ ဝိုင်းမော်မြို့နယ်၏ ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံအား ခုတင် ၅၀ ဆေးရုံအဖြစ် စံချိန်တိုးမြှင့်ကာ မြို့နယ်အတွက် သင့်တော်မည့် အထူးကုသမားတော်များ ခန့်ထားပေးနိုင်ပါရန် ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို တင်သွင်းကာ အစည်းအဝေးကို ရပ်နားလိုက်သည်။ **ပြည်နယ်(ပြန်/ဆက်)**

## လောကမုနိအောင်မြေချမ်းသာရ ဆုတောင်းပြည့်ဘုရား ဗုဒ္ဓပူဇနိယပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၅**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချို ၁ ရပ်ကွက် အောင်မြေသုခကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်ထားသော လောကမုနိအောင်မြေချမ်းသာရ ဆုတောင်းပြည့်ဘုရားကြီး၊ တတိုင်းရစေတီတော်၊ နဂါးရုံဘုရား၊ အောင်ဓမ္မစကြာဘုရား၊ မျက်တော်ပြေဘုရားအဆူဆူတို့အား (၁၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၂ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ဗုဒ္ဓပူဇနိယပွဲတော်တွင် လောကမုနိအောင်မြေချမ်းသာရ ဆုတောင်းပြည့်ဘုရားကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်တွင်လည်းကောင်း၊ အငြိမ့်ဖျော်ဖြေပွဲနှင့်ပျော်ပွဲရွှင်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်တွင် လည်းကောင်း၊ ဖေဖော်ဝါ ရီ ၁၂ ရက် ညနေ ၃ နာရီခွဲတွင် ပင့်သံဃာတော် အပါး ၁၂၀ တို့အား ဆွမ်းဆန်စိမ်းလောင်း လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

# ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခံစားခွင့်ရရှိမည့် အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကြောင့် ပြည်တွင်း ပြည်ပကုမ္ပဏီများမှ ရင်းနှီးမြှုပ်နှံနိုင်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၅

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆိုတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။**



### ပုဏ္ဏားကျွန်းစက်မှုဇုန်

အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော်၏ **ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်း စက်မှုဇုန်သည် ပထမအကြိမ် လွှတ်တော်သက်တမ်းကာလကပင် စတင်ခဲ့ရာ ယနေ့အချိန်ထိဆိုလျှင် ခြောက်နှစ်ခန့်မျှ ကြာမြင့်ပြီဖြစ်၍ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မှု အခြေအနေ၊ ပြီးစီးမှုအခြေအနေများနှင့် နောက်နှစ် မည်မျှကြာကြာ လုပ်ဆောင်ရမည့် အခြေအနေများကို သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ရခိုင်ပြည်နယ် စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ်တွင် စက်မှုဇုန်တည်ဆောက်ရန်အတွက် ပုဏ္ဏားကျွန်းမြို့နယ် ကင်းချောင်းရွာတောင်ဘက် ရန်ကုန်-စစ်တွေကားလမ်း၏ အရှေ့ဘက်ခြမ်းတွင် စုစုပေါင်း ဧရိယာ ၁၉၆၃ ဒသမ ၇၄ ဧကခန့် လျာထားသတ်မှတ်ထားခဲ့ပါကြောင်း၊ ယခင်အစိုးရလက်ထက်တွင် ပုဏ္ဏားကျွန်းစက်မှုဇုန်ကို စက်မှုဇုန် အမှတ်-၂၂ အဖြစ် သတ်မှတ်ခွင့်ပြုထားခဲ့ပြီး စက်မှုဇုန် ဖော်ထုတ်ရန်အတွက် ၂၀၁၅ ခုနှစ်က တင်ဒါခေါ်ယူခဲ့ရာ Supreme Development Co.,Ltd. နှင့် Myanmar Kyauk Phyu Special Economic Zone Holding Public Co.,Ltd. တို့မှ အဆိုပြု တင်သွင်းခဲ့ကြပါကြောင်း။

တင်သွင်းခဲ့သည့် အဆိုပြုလွှာများကို စိစစ်ပြီး Myanmar Kyauk Phyu Special Economic Zone Holding Public Co.,Ltd.ကို ၂၀၁၅ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် ရွေးချယ်ခဲ့ပါကြောင်း၊ အဆိုပါ ကုမ္ပဏီနှင့် နားလည်မှုစာချွန်လွှာ MoU ကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး လေးလတစ်ကြိမ် သက်တမ်းတိုးခဲ့ရာ တတိယအကြိမ်သက်တမ်းတိုးပြီး နောက်ထပ် လေးလအကြာတွင် စတုတ္ထအကြိမ်အဖြစ် ကုမ္ပဏီမှ MoU ဆက်လက်ရေးထိုးရန် ပျက်ကွက်ခဲ့၍ ၂၀၁၇ ခုနှစ် ဧပြီ ၁၂ ရက်တွင် စာချုပ်ဆက်လက်ချုပ်ဆိုခြင်းကို ရပ်ဆိုင်းခဲ့ရပါကြောင်း။

ပုဏ္ဏားကျွန်းစက်မှုဇုန်တွင် အစ္စရေးနိုင်ငံ Exo World Group Co. မှ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း၊ အေးခဲသိုလှောင်ရုံ၊ ကုန်ချောထုတ်လုပ်ရေးလုပ်ငန်းနှင့် အစာစပ် လုပ်ငန်း၊ စက်ယန္တရား၊ ငါးဖမ်းရေယာဉ်များ၊ သယ်ယူပို့ဆောင်ရေး ရေယာဉ်များတွင် အသုံးပြုမည့် လောင်စာနှင့် စက်သုံးဆီသိုလှောင်ရုံများ တည်ဆောက်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြေဧက ၅၀ ငှားရမ်းရေးကိစ္စကို ၂၀၁၇ ခုနှစ် ဇူလိုင် ၂၈ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးတွင် ခွင့်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ကို Exo World Group Co. အနေဖြင့် တင်ပြပါလုပ်ငန်းများကြိုတင်ဆောင်ရွက်ရန် ခွင့်ပြုကြောင်းနှင့် သိရှိလိုက်နာ ဆောင်ရွက်နိုင်စေရန် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသို့ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၄ ရက်တွင် အကြောင်းကြားထားပြီး ဖြစ်ပါကြောင်း။

စက်မှုဇုန်၏ Conceptual Plan ဧရိယာသည် အသေးစားနှင့် အလတ်စားစက်ရုံများ၊ အထည်ချုပ်နှင့် အထည်အလိပ်လုပ်ငန်းများ၊ မွေးမြူရေးနှင့် ပုစွန်၊ သားငါးထုတ်လုပ်ရေး စက်ရုံများ၊ သစ်အချောထည်လုပ်ငန်းစက်ရုံများ ပါဝင်မည်ဖြစ်ပါကြောင်း၊ သတ်မှတ်ဇုန်ဧရိယာများအတွင်း ရင်းနှီးမြှုပ်နှံ ဆောင်ရွက်လိုသည့် စီးပွားရေးကုမ္ပဏီ၊ အဖွဲ့အစည်းများကို ကျယ်ကျယ်ပြန့်ပြန့်ဖိတ်ခေါ်၍ သင့်လျော်သော သတ်မှတ်ဈေး၊ အခွန်တို့ဖြင့် စနစ်တကျ နေရာချထားပေးသွားမည်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးမှုနည်းပါးသောဒေသတွင် ပါဝင်သည့်အတွက် ပုဏ္ဏားကျွန်းစက်မှုဇုန်အတွင်း လာရောက် ရင်းနှီးမြှုပ်နှံ ဆောင်ရွက်မည့် ပြည်တွင်း၊ ပြည်ပမှ Investor များအနေဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခံစားခွင့်ရရှိမည့် အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို အခြားဒေသများထက် ပိုမိုခံစားရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီများမှ ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအား ဆက်လက်ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီမှ လုပ်ငန်းဆောင်ရွက်မှုများသည် အထူးခံစားခွင့်များနှင့်အတူ တိုးတက်အောင်မြင်လာသည်နှင့်အမျှ ပုဏ္ဏားကျွန်းစက်မှုဇုန်တွင် ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီများမှ လာရောက်၍ ရင်းနှီးမြှုပ်နှံဆောင်ရွက်လာကြမည်ဖြစ်ပြီး အမြန်ဆုံးအကောင်အထည်ပေါ်လာနိုင်မည်ဖြစ်ကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေတင်၏ **အစိုးရ အောင်ဘာလေထီ ဆုငွေများ ထုတ်ယူရာတွင် အနည်းဆုံးတန်ဖိုးငွေ သောင်းဂဏန်းမှ အများဆုံး ငွေကျပ် ငါးသိန်းသို့မဟုတ် ငွေကျပ် ၁၀ သိန်းအထိကို သက်ဆိုင်ရာအခွန်ဦးစီးဌာနမှတစ်ဆင့် ထုတ်ယူစေပြီး ကျန်ဆုမဲကြီးများအား ပုံမှန်ထုတ်ပေးနေကျ နည်းလမ်းများအတိုင်း ငွေထုတ်ပေးသည့်စနစ်ကို ဆုကြေးနည်းထုတ်ယူသူများအတွက် ဖြေလျှော့ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ အနေဖြင့် အောင်ဘာလေထီလက်မှတ်များကို လစဉ်ဖြန့်ဝေရောင်းချလျက်ရှိရာ ရောင်းရငွေ၏ ၆၀ ရာခိုင်နှုန်းကို ထီဆုငွေအဖြစ် ပြန်လည်ခွဲဝေပေးပြီး ကျန် ၄၀ ရာခိုင်နှုန်းကို နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် အခွန်ဘဏ္ဍာအဖြစ် ရယူလျက်ရှိပါကြောင်း၊ အဆိုပါ ၆၀ ရာခိုင်နှုန်းထီဆုငွေများနှင့် ကျပ်သိန်း ၅၀၀၀ အပါအဝင် ဆုငွေများကို အောင်ဘာလေသိန်းဆုဌာနခွဲ ရန်ကုန်နှင့် မန္တလေးရုံးခွဲတို့တွင်လည်းကောင်း၊ ဆုကြေးနည်း ထီပေါက်သူများအနေဖြင့် လွယ်ကူအဆင်ပြေစွာ ဆုကြေးထုတ်ယူနိုင်စေရန်အတွက် ကျပ် ၁၀ သိန်းအထိ ဆုငွေများကို မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင်လည်းကောင်း ထုတ်ပေးလျက်ရှိပါကြောင်း။

**"မကွေးတိုင်းဒေသကြီးအနေဖြင့် ၂၀၁၈ ခုနှစ် မတ် ၁ ရက်မှစ၍ ပုဂ္ဂလိကပိုင် လုပ်ငန်းသုံး မော်တော်ယာဉ်လိုင်းများမှ မြို့ဝင်၊ မြို့ထွက်များ၌ ငွေကြေးကောက်ခံနေခြင်းများကို လုံးဝကောက်ခံခြင်းမပြုရန် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် ၂၀၁၈ ခုနှစ် မတ် ၃၁ ရက်အထိသာ ကောက်ခံ၍ ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ရပ်ဆိုင်းသွားမည်"**

### နေ့ချင်းပြီး ဆောင်ရွက်ပေး

အောင်ဘာလေထီလက်မှတ် ရောင်းရငွေ၏ ၆၀ ရာခိုင်နှုန်းကို ထီဆုငွေအဖြစ် ပြန်လည်ခွဲဝေပေးရာတွင် ထီဆုငွေများကို မည်သည့်မြို့နယ်၊ မည်သည့်ရုံးတို့တွင် မည်သည့်ထီဆုငွေပမာဏ ထုတ်ယူမည်ကို ခန့်မှန်း၍ ကြိုတင်ဘတ်ဂျက်ခွဲဝေရန် ခက်ခဲပါသဖြင့် အောင်ဘာလေ သိန်းဆုဌာနခွဲ ရန်ကုန်နှင့် မန္တလေးရုံးခွဲများတွင်သာ ငွေစာရင်းဖွင့်လှစ် ထိန်းသိမ်းထားရခြင်း ဖြစ်ပါကြောင်း၊ ဆုငွေလာရောက်ထုတ်ယူပါက နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထီဖွင့်ပွဲပြီးနောက်ရက်မှစတင်၍ ထီဆုငွေများကို စတင်ထုတ်ပေးနိုင်ရန် စီစဉ်ထားရှိပါကြောင်း၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် ငွေကျပ် ၁၀ သိန်းအထိ ထီဆုငွေများကို ရက်သတ္တပတ်အတွင်း ထုတ်ယူနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြမင်းဆွေ၏ **ပုဂ္ဂလိကပိုင် လုပ်ငန်းသုံး မော်တော်ယာဉ်လိုင်းများ ကြီးကြပ်ရေးကော်မတီမှ မြို့ဝင်၊ မြို့ထွက်များတွင် ငွေကောက်ခံရေးစခန်းများ ဖွင့်လှစ်၍ ငွေကောက်ခံနေခြင်းကို ရပ်ဆိုင်းပေးရန် အစီ အစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်းက ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရေဝတီ တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့သည် ပုဂ္ဂလိကပိုင် မော်တော်ယာဉ်များကို မြို့ဝင်၊ မြို့ထွက်များတွင် ငွေကောက်ခံရေးစခန်းများဖွင့်လှစ်၍ တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေများအရ ဥပဒေနှင့်အညီ ကောက်ခံနေခြင်းဖြစ်သည့်အတွက် ဖျက်သိမ်းရန် အစီအစဉ်မရှိပါကြောင်း၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့သည် မြို့ဝင်၊ မြို့ထွက်များတွင် ငွေကောက်ခံရေးစခန်းများ ဖွင့်လှစ်၍ အခကြေးငွေများကောက်ခံနေခြင်း မရှိပါကြောင်း၊ မကွေးတိုင်းဒေသကြီးအနေဖြင့် ၂၀၁၈ ခုနှစ် မတ် ၁ ရက်မှစ၍ ပုဂ္ဂလိကပိုင် လုပ်ငန်းသုံး မော်တော်ယာဉ်လိုင်းများမှ မြို့ဝင်၊ မြို့ထွက်များ၌ ငွေကြေး ကောက်ခံနေခြင်းများကို လုံးဝကောက်ခံခြင်းမပြုရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် ၂၀၁၈ ခုနှစ် မတ် ၃၁ ရက် အထိသာ ကောက်ခံ၍ ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း။

ကချင်ပြည်နယ် ပုဂ္ဂလိကပိုင် မော်တော်ယာဉ်များ ကြီးကြပ်ရေးကော်မတီများအနေဖြင့် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ အဆုံးအဖြတ်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အနေဖြင့် မြို့ဝင်၊ မြို့ထွက်များတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာခြင်းရှိ၊ မရှိ ရှောင်တခင် စစ်ဆေးခြင်း လုပ်ငန်းကိုသာ ဆောင်ရွက်စေပြီး ယာဉ်ရပ်နားစခန်းများတွင်သာ ကောက်ခံစေရေး ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးအနေဖြင့် ပဲခူးမြို့အဝင် Toll Gate အနီးတွင် တိုင်းယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီမှ တိုင်းကျော်လုပ်ငန်း လိုင်စင်ရှိသော ယာဉ်များအား ယာဉ်စည်းကြပ်ခ တစ်စီးလျှင် ငွေကျပ် ၅၀၀ နှုန်းကို ယခင်အစိုးရလက်ထက်က ထုတ်ပြန်ခဲ့သည့် စီမံချက်အရ ကောက်ခံနေခြင်းဖြစ်ပြီး ယခု အစိုးရအနေဖြင့် ဆက်လက်ကောက်ခံရန် သင့်၊ မသင့်ကို Cabinet အစည်းအဝေးတွင် ဆုံးဖြတ်ပြီး နှစ်လအတွင်း စာဖြင့် ပြန်လည်ဖြေကြားမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အနေဖြင့် မြို့ဝင်၊ မြို့ထွက် ငွေကောက်ခံရေးစခန်းများ မရှိပါကြောင်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှသာ မြို့ဝင်ကြေး ဘီးခွန်ကောက်ခံလျက်ရှိပါကြောင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ပေါင်းစပ်ဖြေကြားချက်များများနှင့်အတူ ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေနှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်နှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်တို့က ရှင်းလင်းဖြေကြားကြသည်။

### အဆင့်မြင့် ကုန်ချောထုတ်လုပ်ရေး

ထို့နောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေက **ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု One Village One Product (OVOP) ကျေးလက်ဒေသ ဖွံ့ဖြိုးရေး မဟာဗျူဟာ (RURAL DE-VELOPMENT STRATEGY) အစီအစဉ်အား ဆင်းရဲသောပြည်နယ်နှင့် တိုင်းဒေသကြီးများအား ဦးစားပေးလျက် သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဘဏ္ဍာငွေတစ်ရပ် ထည့်သွင်းရေးဆွဲကာ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို တင်သွင်းရာတွင် ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့်လမ်း ဖန်တီးရရှိရေးဖြင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထူထောင်နိုင်ရေး၊ နိုင်ငံသူ၊ နိုင်ငံသားများ လူနေမှု အဆင့်အတန်း မြှင့်တင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော စီးပွားရေးကဏ္ဍထွန်းကားရေး၊ ဒေသထွက်ကုန်ကြမ်းပေါ်တွင် အခြေခံ၍ ပြည်တွင်းစားသုံးမှု ဖူလုံရေးနှင့် ပြည်ပသို့တင်ပို့ရန်အတွက် အဆင့်မြင့်ကုန်ချောထုတ်လုပ်ရေးတို့အတွက် ရည်ရွယ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် အလုပ်လုပ်နိုင်သူဦးရေ ၆၅ ဒသမ ၆ ရာခိုင်နှုန်းရှိသောကြောင့် အလုပ်လုပ်နိုင်သော လူဦးရေ မြင့်မားနေခြင်းသည် နိုင်ငံတိုးတက်မှုအတွက် အားသာချက်ဖြစ်ပါကြောင်း၊ အဆိုပါ အားသာချက်ကို အမိအရဆုပ်ကိုင်ပြီး အလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေးခြင်းက နိုင်ငံအတွက် တိုးတက်မှုကို ဆောင်ကြဉ်းနိုင်သော အနေအထားဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဒေသ၏ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲမွဲတေမှုလျှော့ချရေးအတွက် ကိုယ်ထူကိုယ်ထဆောင်ရွက်နိုင်စွမ်းကို စုစည်းဖော်ထုတ်ပေးရန် ဖြစ်ပါကြောင်း၊ ကိုယ့်ကိုယ်ကိုယ် အားကိုးခြင်းနှင့် တီထွင်ဖန်တီးမှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုနှင့် ဒေသနှင့် လျော်ညီစွာတွေးပြီး ကမ္ဘာနှင့် ကိုက်ညီအောင် လုပ်ဆောင်နိုင်ရန်အတွက်ဖြစ်ပါကြောင်း၊ နိုင်ငံ၏ အလုပ်လုပ်နိုင်သူများကို အလုပ်လုပ်နိုင်ရန်အတွက် အခက်အခဲ၊ အရင်းအနှီး၊ နည်းပညာတို့အတွက် အစိုးရက ကူညီရန်လိုအပ်ပါကြောင်း၊ ပံ့ပိုးမှုများ ဆောင်ရွက်ပေးပါက မိသားစုတစ်စုချင်း၏ ဝင်ငွေ၊ တစ်ရွာချင်း၊ တစ်မြို့ချင်းဝင်ငွေ ထိုမှတစ်ဆင့် တစ်နိုင်ငံလုံးဝင်ငွေမြင့်မားလာမည်ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းဝမ်းလှိုင်းခမ်းက ထောက်ခံသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုအား လက်ခံဆွေးနွေးရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

မိမိဆန္ဒအလျောက် နေရပ်ပြန်ခြင်းဆိုင်ရာ ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ M Gallery By Sofitel Hotel တွင် ကျင်းပရာ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက် အမှာစကား ပြောကြားသည်။ (ယာပုံ)



**အမှန်တကယ်အကျိုးရှိစေမည့် လုပ်ငန်းများ**

ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အတွင်း ဖြစ်စဉ်များသည် နှစ်ရှည်လများ စုစည်းဖြစ်ပေါ် ခဲ့သော အကြောင်းရင်းခံများကြောင့်ဖြစ်သဖြင့် ထိုအကြောင်းရင်းခံများကို ဖော်ထုတ်၍ ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊သို့ဖြစ်၍ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်နှင့် မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်တို့ကို ဖွဲ့စည်းခဲ့ပြီး ထိုကော်မရှင်များ၏ အကြံပြုချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီး ထိုကော်မတီအနေဖြင့် အကြံပြုချက်များအနက်မှ နိုင်ငံတော်နှင့် ပြည်သူအတွက် အမှန်တကယ်အကျိုးရှိစေမည့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထား ဦးတည်ဆောင်ရွက်နေကြောင်း။

ရခိုင်ပြည်နယ်အရေးကိစ္စသည် ရခိုင်ပြည်နယ် တစ်ခုတည်း၏ အရေးကိစ္စမဟုတ်ဘဲ နိုင်ငံတော်၏ အရေးကိစ္စဖြစ်သဖြင့် တစ်နိုင်ငံလုံးအနေဖြင့် ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုစီမံကိန်းတစ်ရပ်ဖြစ်သော ရခိုင်ပြည်နယ်တွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)ကို ဆောင်ရွက်ခဲ့ပြီး UEHRD အောက်တွင် လုပ်ငန်းအဖွဲ့ ကိုးဖွဲ့ဖြင့် လုပ်ငန်းများအကောင်အထည်ဖော်လျက်ရှိကြောင်း၊ ယခု ရခိုင်ပြည်နယ် မောင်တောဒေသဖြစ်စဉ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ တိမ်းရှောင်သွားသူများရှိကြောင်း၊ နိုင်ငံအတွင်း၌ အမှန်တကယ် နေထိုင်ခဲ့သူများကို ၎င်းတို့၏ဆန္ဒအလျောက် နေရပ်ပြန်ခြင်း အစီအစဉ်ကို နှစ်နိုင်ငံသဘောတူညီချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ပြန်လည်လက်ခံရာတွင် နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီစေရေးအတွက်လည်း ၂၀၁၇ ခုနှစ် အောက်တိုဘာ ၃၁ ရက်က ပထမအကြိမ် မိမိဆန္ဒအလျောက် နေရပ်ပြန်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲရလဒ်များ၊ အတွေ့အကြုံများနှင့်အညီ လုပ်ငန်းများဆောင်ရွက်ခဲ့ရာ တွေ့ကြုံရသည့် စိန်ခေါ်မှုများ၊ အခက်အခဲများကို ပိုမိုကောင်းမွန်သည့် နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ရန် ယခု ဒုတိယအကြိမ် ဆွေးနွေးပွဲပြုလုပ်ခြင်းဖြစ်ကြောင်း၊ ပြန်လာသူများအနေဖြင့် နိုင်ငံတွင်း၌ ဥပဒေနှင့်အညီနေထိုင်ရန်လိုအပ်ပြီး မိမိတို့ကလည်း ၎င်းတို့ ရသင့်ရထိုက်သည့် အခွင့်အရေးများကိုပေးရန် လိုအပ်ကြောင်း၊ ဥပဒေနှင့်အညီ နိုင်ငံသားဖြစ်သင့်ဖြစ်ထိုက်သူများကို နိုင်ငံသားပေးရမည်ဖြစ်ကြောင်း၊ National Verification Process ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေပါကြောင်း။

**မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်ရန်**

နိုင်ငံတွင်းနေထိုင်သူတစ်ဦးသည် မိမိအကျိုး၊ တိုင်းပြည်အကျိုး ဆောင်ရွက်ရန်လိုသလို တည်ငြိမ်အေးချမ်းရေးအတွက်လည်း တာဝန်ယူရန် လိုအပ်ကြောင်း၊ မိမိတို့၏လုပ်ဆောင်မှုများကို ပြည်သူအားလုံး နားလည်သဘောပေါက်စေရေး ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် အသိုင်းအဝိုင်းနှစ်ခုစလုံးအတွက် မူလရှိနှင့်ပြီးသော အလုပ်အကိုင်အခွင့်အလမ်းများအပြင် စီးပွားရေးကဏ္ဍတိုင်းကို မူလထက်ပိုမိုကောင်းမွန်သည့် အခြေအနေများဖြစ်စေရေး ဖန်တီးဖော်ဆောင်ပေးပြီး ထင်ရှားသောဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ သို့မှသာ ယခင်ဖြစ်ပေါ်ခဲ့သည့်အခြေအနေများ ထပ်မံမဖြစ်ပွားစေရေး ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့၏ လုပ်ဆောင်ချက်များသည် မှန်ကန်သည့် လုပ်ဆောင်ချက်ဖြစ်ကြောင်းကို နိုင်ငံတကာသို့ ပြနိုင်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ပြနိုင်ရန်ဆောင်ရွက်ရာတွင် မိမိတို့ပါဝင်ဆောင်ရွက်နေသူများအားလုံးကလည်း ဆောင်ရွက်ချက်များကို သဘောပေါက် နားလည်ပြီး မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် ရခိုင်ပြည်နယ်တစ်ခုလုံး တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကဦးတည် ဆောင်ရွက်လျက်ရှိသကဲ့သို့ပင် ပြန်လည်လက်ခံရေး၊ နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်ရန် အလွန်အရေးကြီးကြောင်း ပြောကြားသည်။

ဆက်လက်၍ UNHCR မှ Assistant Representative ဖြစ်သူ Ms. Cecile Fradot က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ အလုပ်ရုံဆွေးနွေးပွဲကို နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် UNHCR မှကိုယ်စားလှယ်များတက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စိုက်ပျိုးတောင်သူ တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရစေမည့် ပျားမွေးမြူသင်တန်း ဖွင့်လှစ်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ပျားမွေးမြူရေးလုပ်ငန်းသည် နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကအရေးပါသောကဏ္ဍမှ ပါဝင်လျက်ရှိရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဒေသများမှ ပျားမွေးမြူရေး စိတ်ဝင်စားသူများအား ပြည်သူ့တိုးချဲ့ပညာပေးသင်တန်းများအဖြစ် နေပြည်တော်ကောင်စီ ပျားလုပ်ငန်းဌာနမှ ဦးစီး၍ ဒေသအတွင်းသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီ ပျားလုပ်ငန်းဌာနအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍကာလတိုအတွင်း လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပုဂ္ဂလိက ပျားမွေးမြူရေးဖွံ့ဖြိုးတိုးတက်လာစေရန် ခေတ်မီပျားမွေးမြူရေးနည်းပညာများအား ကျေးလက်နေပြည်သူများထံသို့ ဖြန့်ဖြူးပေးလျက်ရှိသည်။ ဒေသအတွင်း တစ်ပိုင်တစ်နိုင် ပျားမွေးမြူခြင်းကြောင့် ဒေသခံများ အလုပ်အကိုင်ရရှိစေခြင်း၊ စိုက်ပျိုးသီးနှံများ အရည်အသွေးမြင့်မားလာ၍ သီးနှံများအထွက် တိုးစေမည်ဖြစ်ခြင်း၊ ပျားမွေးမြူခြင်းမှ ထွက်ရှိသော ပျားရည်မှ ပျားထွက်ပစ္စည်းများအား ပြည်တွင်းတွင်လည်းကောင်း၊ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချခြင်းဖြင့် တစ်ဖက်တစ်လမ်းမှ ပို့ကုန်အပိုဝင်ငွေများ ရရှိလာနိုင်မည်ဖြစ်ကြောင်း နေပြည်တော်ကောင်စီ ပျားလုပ်ငန်းဌာနမှ ဦးစီးဌာနမှူး ဦးမြင့်နိုင်က ပြောပြသည်။

ဆက်လက်၍ ပုဂ္ဂလိကကဏ္ဍ ပျားစတင်မွေးမြူရာတွင် လိုအပ်သည့် စနစ်တကျ မွေးမြူနည်းပညာရပ်များအား ပျားမွေးမြူရေးလုပ်ငန်းမှနေ၍ သင်တန်းများတွင် သင်တန်းသား သင်တန်းသူများ သင်ယူနိုင်စေရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မွေးမြူရန် စိတ်ဝင်စားသူများအနေဖြင့် ဌာနသို့လာရောက် မေးမြန်းဆက်သွယ်နိုင်ကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ပျားမွေးမြူရေး သင်တန်းများကို ဒေသခံလူငယ်များ စိတ်ဝင်စားမှုများရှိ၍ သင်တန်းများ လာရောက်လေ့လာတက်ရောက်ကြကြောင်း အဆိုပါ ဦးစီးမှူးက ပြောကြားသည်။

**သတင်း-မျိုးဇေယျာ(ပျဉ်းမနား)၊ဓာတ်ပုံ- အောင်ဒင်**



## တိုင်းရင်းသားလူမျိုးစုစာပေ စာတမ်းဖတ်ပွဲနှင့် စာပေယဉ်ကျေးမှုပြပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ညှိနှိုင်းစည်းဝေး



**တောင်ကြီး ဖေဖော်ဝါရီ ၅**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်း၍ တိုင်းရင်းသားလူမျိုးစု စာပေစာတမ်းဖတ်ပွဲနှင့် စာပေယဉ်ကျေးမှုပြပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တိုင်းရင်းသားလူမျိုးစု စာပေစာတမ်းဖတ်ပွဲနှင့် စာပေယဉ်ကျေးမှုပြပွဲ အောင်မြင်စွာကျင်းပရေး ဦးစီးကော်မတီနာယက ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အမှာစကား ပြောကြားပြီး တိုင်းရင်းသားလူမျိုးစု စာပေစာတမ်းဖတ်ပွဲနှင့် စာပေယဉ်ကျေးမှုပြပွဲ အောင်မြင်စွာကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်က တိုင်းရင်းသားလူမျိုးစု စာပေစာတမ်းဖတ်ပွဲနှင့် စာပေယဉ်ကျေးမှုပြပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးရာ တိုင်းရင်းသားရိုးရာပြခန်းများ၊ တိုင်းရင်းသား စာတမ်းဖတ်ခန်း၊ တိုင်းရင်းသားဖျော်ဖြေခန်းများ ပါရှိမည်ဖြစ်ပြီး စာတမ်းပေါင်း ၂၄ စောင်တွင် ၁၀ စောင်သည် ယဉ်ကျေးမှုအပိုင်းဖြစ်ပြီး၊ ကျန်စာတမ်းများသည် တိုင်းရင်းသားစာပေများ ဖြစ်ကြောင်း၊ ယင်းကြား၊ ယင်းနက်၊ ထနော့၊ အမ်းလူမျိုးများသည် စာတမ်းများကို ဖတ်ကြားသွားမည်ဖြစ်ကြောင်း၊ ရှမ်း(အရှေ့)၊ ရှမ်း(မြောက်)မှ လီဆူစာပေများကို ဖတ်ကြားသွားမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်ရှိ ကချင်တိုင်းရင်းသားစာပေများကိုလည်း တင်သွင်းသွားမည်ဖြစ်ကြောင်းနှင့် တိုင်းရင်းသားရိုးရာစားသောက်ဆိုင်များ၊ အထည်ဆိုင်များ ခင်းကျင်းရောင်းချသွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသွားသည်။

အဆိုပါ တိုင်းရင်းသားလူမျိုးစုစာပေစာတမ်းဖတ်ပွဲနှင့် စာပေယဉ်ကျေးမှုပြပွဲကို ရှမ်းပြည်နယ် တောင်ကြီးမြို့၌ မတ် ၂၁ ရက်မှ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က တိုင်းရင်းသားလူမျိုးစုစာပေစာတမ်းဖတ်ပွဲနှင့် စာပေယဉ်ကျေးမှုပြပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီများဖြစ်သည့် အခမ်းအနားပြင်ဆင်ရေး လုပ်ငန်းကော်မတီ၊ ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေးလုပ်ငန်းကော်မတီ၊ ဖျော်ဖြေရေးလုပ်ငန်းကော်မတီ၊ ပြပွဲပြခန်းခင်းကျင်းပြသရေးနှင့် ဂုဏ်ပြုလက်ဆောင်ချီးမြှင့်ရေးကော်မတီ၊ ဘဏ္ဍာရေးလုပ်ငန်းကော်မတီ၊ ဧည့်ခံကျွေးမွေးရေးလုပ်ငန်းကော်မတီ၊ စာတမ်းစိစစ်ရေး လုပ်ငန်းကော်မတီ၊ သတင်းမှတ်တမ်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ၊ သယ်ယူပို့ဆောင်ရေးနှင့် တည်းခိုနေရာချထားရေးလုပ်ငန်းကော်မတီ၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီ၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကော်မတီ၊ သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်မှု လုပ်ငန်းကော်မတီတို့က တင်ပြဆွေးနွေးကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ညောင်ဦးမြို့နယ် ငါ့သရောက်မြစ်ရေတင်မှ ဖေဖော်ဝါရီ ၇ ရက်တွင် စိုက်ပျိုးရေပေးဝေမည်

**ညောင်ဦး ဖေဖော်ဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရေအရင်းအမြစ်) ငါ့သရောက်မြစ်ရေတင်မှ ၂၀၁၇-၂၀၁၈ ခုနှစ် နွေစပါးနှင့် အခြားနွေသီးနှံများအတွက် ဖေဖော်ဝါရီ ၇ ရက်တွင် စိုက်ပျိုးရေစတင် ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

ငါ့သရောက်မြစ်ရေတင်မှ ဒေသခံတောင်သူများ နွေစပါးနှင့် အခြားနွေသီးနှံ၊ ပဲတီစိမ်း၊ နှမ်းတို့ကို အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ရန် လျှပ်စစ်ပိုင်းဆိုင်ရာ ၊ စက်ပိုင်းဆိုင်ရာ၊ ရေပေးမြောင်းပိုင်းဆိုင်ရာ ကြံခိုင်မှုများကို ကြိုတင်ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ၂၀၁၇-၂၀၁၈ နွေသီးနှံများဖြစ်သည့် နွေစပါး ၂၂၅ ဧက၊ ပဲတီစိမ်း ၄၅၅ ဧက၊ နှမ်း ၂၀ ဧကစုစုပေါင်း ၇၀၀ ဧကကိုလည်း စိုက်ပျိုးထုတ်လုပ်ရန် ကြိုတင်လျာထားဆောင်ရွက်ပြီးဖြစ်ကြောင်း၊ အုန်းနဲ့ချောင်း၊ လက်ထုပ်ကန်တော၊ တောင်ဖက်တန်း၊ သစ်ထောင့်စသည့် ကျေးရွာ အုပ်စုများမှ ဒေသခံတောင်သူများ၊ ရေလုံလုံလောက်လောက်သုံးစွဲပြီး အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်သွားနိုင်ရန် ဖေဖော်ဝါရီ ၇ ရက် မှစပြီး စိုက်ပျိုးရေစတင်ပေးဝေသွားမည်ဖြစ်ကြောင်း ငါ့သရောက်မြစ်ရေတင်လုပ်ငန်းတာဝန်ခံ ဦးစီးအရာရှိ ဦးအောင်အောင်ထံမှ သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# မောင်တောနှင့် ဘူးသီးတောင်မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

**မောင်တော ဖေဖော်ဝါရီ ၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်နှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းက မောင်တောနှင့် ဘူးသီးတောင်မြို့နယ်တို့တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ မောင်တောမြို့နယ် ခရေမြိုင်ကျေးရွာသို့ ရောက်ရှိကြရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နိုင်ငံတော်ထောက်ပံ့ ရန်ပုံငွေဖြင့် ရေသိုလှောင်ကန် တူးဖော်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာသူ ကျေးရွာသားများက ၎င်းတို့ရွာတွင် အုတ်စီတွင်းတစ်တွင်း တူးဖော်ပေးရန် တင်ပြလာမှုအပေါ် တာဝန်ရှိသူများနှင့် ညှိနှိုင်း၍ ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မောင်တောမြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ မြို့နယ်အတွင်းရှိ ကျေးရွာများအား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ မေးမြန်းရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆိုင်ကယ်စက်ပြင်သင်တန်း အခမဲ့ဖွင့်လှစ်သင်ကြားပေးနေသည့် မောင်တောမြို့ ရွှာသာရွာကျေးရွာသို့ ရောက်ရှိကြရာ သင်တန်းဆရာက ယခုဖွင့်လှစ်သင်ကြားနေသည့် ဆိုင်ကယ်စက်ပြင်သင်တန်းကို သင်တန်းသား ၂၀ ခန့်အား ရက် ၂၀ ခန့် ပို့ချပေးနေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။**(ယာပုံ)**

ထို့နောက် ဘူးသီးတောင်မြို့သို့ ဆက်လက်ထွက်ခွာရာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ မြို့နယ်အတွင်းရှိ ကျေးရွာများအား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ မေးမြန်းရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

**အောင်ရဲသွင်၊ ကိုမင်း၊ ဓာတ်ပုံ-အောင်မင်း**



# အငူမော် - မောင်တောလမ်းပိုင်းမှသည် မောင်တောဒေသဖွံ့ဖြိုးတိုးတက်ရေးဆီသို့

**ရခိုင်ပြည်နယ် ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်အစိုးရမှ ရည်မှန်းချက်များချမှတ်၍ ဆောင်ရွက်နေသလို မောင်တောဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံမှ ဆောင်ရွက်လျက်ရှိရာ UEHRD စီမံကိန်းမှ Task Force ကိုးခုအနက် တစ်ခုဖြစ်သည့် ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းအဖွဲ့၏ အဖွဲ့ဝင်ဖြစ်သည့် အေးရှားဝေါလ်ဖောင်ဒေးရှင်းသည် အငူမော် - မောင်တော လမ်းအဆင့်မြှင့်တင်ရေးစီမံကိန်းကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလလယ်ကပင် စတင် အကောင်အထည်ဖော်လျက်ရှိသည်။**



ဦးအောင်ကျော်ဇံ



ဦးရဲထွဋ်



ဦးမျိုးခိုင်



ဦးနေလင်း



ဦးမောင်စံသိန်း



ဒေါ်ခင်ဦးရွှေ

အဆိုပါ လမ်းပိုင်းပြီးစီးသွားပါက မောင်တောဒေသတွင် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်လာနိုင်မည့် အခြေအနေများကို စီမံကိန်းတာဝန်ရှိသူများ၊ ဒေသခံများနှင့် တွေ့ဆုံ၍ မေးမြန်းခဲ့ပါသည်-

**ဦးအောင်ကျော်ဇံ (ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး)**

အရင်တုန်းက အငူမော် - မောင်တောလမ်းမိုင် ၅၀ကို အချိန် သုံး၊ လေး၊ ငါးနာရီ ကျော်လောက်သွားရတယ်၊ ဒီလမ်းအဆင့်မြှင့်တင်ပြီးသွားရင် တစ်နာရီကျော်လောက်နဲ့ ခရီးပေါက်နိုင်မယ်၊ ဒီလိုသွားနိုင်ရင် လုံခြုံရေးကိစ္စရပ်အတွက် လုံခြုံရေးအဖွဲ့အစည်းတွေလာနိုင်မယ်၊ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေလာနိုင်မယ်၊ ကုန်စည်ကူးသန်းမှုတွေ လုပ်နိုင်တဲ့အတွက်ကြောင့် လူမှုစီးပွားရေးတွေဖွံ့ဖြိုးလာမယ်၊ ဒါကြောင့် ဒီလမ်းဟာ ဒီဒေသဘက်စုံ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေတဲ့လမ်းလို့ ကျွန်တော်တို့ မြင်မိပါတယ်။ အေးရှားဝေါလ်က ဒီလမ်းကြီးကို ကွန်ကရစ်လမ်းလုပ်မယ်ဆိုတဲ့အတွက် သူတို့ရဲ့ system နဲ့ စွမ်းရည်ကို အသိအမှတ်ပြုပါတယ်။ ဒေသခံတိုင်းရင်းသားတွေအတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးကလာပြီး UEHRD ဆိုတဲ့ ခေါင်းစဉ်အောက်မှာ ဒေသဖွံ့ဖြိုးရေးအတွက် စာသင်ကျောင်းတွေ၊ ဘုန်းကြီးကျောင်းတွေ လာဆောက်ပေးခြင်းအားဖြင့် ဒီဒေသမှာ တော်တော်လေးကို ဖွံ့ဖြိုးလာမယ့်အနေအထားရှိပါတယ်၊ ကျွန်တော်တို့ ရခိုင်ပြည်နယ်အစိုးရအနေနဲ့လည်း ရတဲ့ဘတ်ဂျက်တွေထဲကနေ ဒေသဖွံ့ဖြိုးရေးကို တတ်နိုင်သလောက်ဆောင်ရွက်သွားပါမယ်။

**ဦးရဲထွဋ် (မောင်တောခရိုင်အုပ်ချုပ်ရေးမှူး)**

အရင်က အငူမော်-မောင်တောဆိုရင် ငါးနာရီဝန်းကျင်လောက် ကားမောင်းရပါတယ်၊ လမ်းတော်တော်လေး ဆိုးပါတယ်၊ အခုအချိန်မှာတော့ အငူမော်ကနေ မောင်တောအထိကို အေးရှားဝေါလ်ကုမ္ပဏီက နိုင်ငံတော်ရဲ့တိုက်တွန်းအားပေးကူညီမှုနဲ့အတူ ဒီဒေသဖွံ့ဖြိုးတိုးတက်ဖို့အတွက် အခြေခံအကျဆုံး လမ်းပန်းဆက်သွယ်ရေးကဏ္ဍကို တစ်တပ်တစ်အား လာရောက်ဆောင်ရွက်ပေးနေပါတယ်၊ စီမံကိန်းနဲ့ပတ်သက်ပြီး လိုအပ်ချက်ဖြစ်တဲ့ ပညာရပ်ပိုင်းဆိုင်ရာအနေနဲ့ ဒီကုမ္ပဏီမှာ ပြည့်စုံမှုရှိတယ်၊ စက်ယန္တရားပြည့်စုံလုံလောက်မှုရှိတယ်၊ သို့သော် ဒေသရဲ့အားနည်းချက်ကြောင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍမှာ အဓိကအသုံးပြုရတဲ့ ကျောက်နဲ့သဲ လိုအပ်ချက် အများကြီးရှိပါတယ်၊ ဒါပေမယ့် မိုးမကျမီကာလမှာတော့ စီမံကိန်းရဲ့ အနည်းဆုံး ၅၀ ရာခိုင်နှုန်းလောက်ပြီးအောင်ဆောင်ရွက်ပေးမယ့် ကုမ္ပဏီဖြစ်တဲ့အတွက် ကျွန်တော်တို့ ဒေသအတွက် အများကြီး အကျိုးရှိပါတယ်။

**ဦးမျိုးခိုင် (အမှုဆောင်အဖွဲ့ဝင်၊ အေးရှားဝေါလ်ဖောင်ဒေးရှင်း)**

ကျွန်တော်တို့ အေးရှားဝေါလ်ဖောင်ဒေးရှင်းအနေနဲ့ အငူမော်-မောင်တောလမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဖောက်လုပ် လှူဒါန်းပေးခြင်းဖြစ်ပါတယ်၊ ဒီလမ်းဖောက်လုပ်ဖို့အတွက် ကုန်ကျစရိတ်အားလုံးကို အေးရှားဝေါလ်ဖောင်ဒေးရှင်းရဲ့ရန်ပုံငွေနဲ့ ကျခံသုံးစွဲပြီး လှူဒါန်းသွားမှာ ဖြစ်ပါတယ်၊ ဒီလမ်းဟာ အငူမော်ကနေ မောင်တောအထိ ၄၉ မိုင် ခြောက်ဖာလုံရှည်ပါတယ်၊ ကွန်ကရစ်လမ်းရဲ့ အကျယ်က ၁၈ ပေ ဖြစ်ပါတယ်၊ နိုင်ငံတော်အနေနဲ့ လက်ရှိဆောင်ရွက်နေတဲ့ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွေမှာ ပြည်တွင်းမှာရှိတဲ့ တိုင်းရင်းသားလုပ်ငန်းရှင်တွေနဲ့ ကုမ္ပဏီအဖွဲ့အစည်းအားလုံးက ဝိုင်းဝန်းပြီး တစ်တပ်တစ်အား ပါဝင်ကူညီဆောင်ရွက်ပေးဖို့ ဖိတ်ကြားလှမ်းကမ်းမှု ရှိတာရယ် ကျွန်တော်တို့ အေးရှားဝေါလ်ဖောင်ဒေးရှင်းအနေနဲ့ ရခိုင်ပြည်နယ်ရဲ့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွေမှာ ပါဝင်ဆောင်ရွက်ပေးလိုတဲ့ ဆန္ဒတွေကြောင့် လှူဒါန်းဖြစ်ခဲ့တာပါ၊ အခုလမ်းဖောက်လုပ်ခြင်းကိစ္စမှာ နိုင်ငံတော်အစိုးရရဲ့ဦးဆောင်မှု၊ ပြည်နယ်အစိုးရနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနအားလုံးတို့ရဲ့ ပံ့ပိုးကူညီမှု၊ နိုင်ငံတော်က ဖွဲ့စည်းထားတဲ့ UEHRD ရဲ့ အစီအစဉ်များအတိုင်း ကျွန်တော်တို့ ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

**ဦးနေလင်း (အင်ဂျင်နီယာ၊ အေးရှားဝေါလ်ကုမ္ပဏီ)**

ဒီလမ်းစီမံကိန်းဟာ နိုင်ငံတော်ရဲ့ လိုအပ်ချက်အရ ကျွန်တော်တို့ အေးရှားဝေါလ် ဖောင်ဒေးရှင်းအနေနဲ့ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်တဲ့ လုပ်ငန်းပိုင်းမှာ ဒီလမ်းတည်ဆောက်ခြင်းအပိုင်းကို ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်၊ အရင်က ဒီလမ်းက ၁၂ ပေအကျယ် ကျောက်ခင်းလမ်းဖြစ်ပါတယ်၊ အရင်က ကားတွေသွားလာရင် လေးနာရီလောက် သွားရတယ်၊ လုပ်ငန်းအချိန်မီပြီးစီးဖို့အတွက် ယန္တရားတွေ ပံ့ပိုးသလို လူအင်အားကိုလည်း နေ့ည လုပ်ဖို့ စီစဉ်ထားပါတယ်၊ ဒီနှစ်ထဲမှာ



အငူမော် - မောင်တောလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။

မိုင် ၂၀ ကျော်ကျော်လောက်ပြီးအောင် လုပ်ဖို့ စီစဉ်ထားပါတယ်၊ လုပ်ငန်းခွင်မှာ စက်ယန္တရား ၂၀၀ နီးပါးနဲ့ လုပ်သားဦးရေ ၁၅၀၀ ခန့်နဲ့ အကောင်အထည်ဖော်လျက်ရှိပါတယ်၊ လမ်းရဲ့ ခံနိုင်ရည်အားက တန်၃၀ကျော်မှန်းထားပါတယ်၊ ကုန်စည်စီးဆင်းမှုအနေနဲ့ ဒီဘက်မှာ အခုလောလောဆယ် ကားကြီးတွေတော့ မရှိသေးပါဘူး။

**ဦးမောင်စံသိန်း (ကျောင်းအုပ်ဆရာ)**

ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ဖို့ဟာ လမ်းပန်းဆက်သွယ်ရေးကောင်းဖို့ လိုအပ်တယ်လို့ ကျွန်တော်မြင်ပါတယ်၊ ကျွန်တော် ဒီမှာ တာဝန်ထမ်းဆောင်တဲ့ နှစ်နှစ်တာကာလအတွင်းမှာ လမ်းကပျက်နေတော့ လမ်းပန်းဆက်သွယ်ရေး ခက်ခဲပါတယ်၊ ဒီလိုခက်ခဲတော့ ပညာရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့ မလွယ်ပါဘူး၊ အခု အေးရှားဝေါလ်က လမ်းကောင်းမွန်ရေးအတွက် တာဝန်ယူဆောင်ရွက်နေတာ တွေ့ရပါတယ်၊ အခုစီမံကိန်းမှာ ကျွန်တော်တို့ တစ်သက်မှာ တစ်ခါမှ မမြင်ဖူးတဲ့ စက်ယန္တရားတွေ အများကြီးပါ၊ လုပ်ငန်းဆောင်ရွက်တာလည်း ကြိုးကြိုးစားစားလုပ်နေတာ မြင်ရပါတယ်၊ ဒီလမ်းသာပြီးသွားမယ်ဆိုရင် ပြည်သူလူထုတွေဟာ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးအဘက်ဘက်က လုံခြုံပြီး တိုးတက်လာမယ်လို့ မြင်မိပါတယ်။

**ဒေါ်ခင်ဦးရွှေ (ကျောင်းဆရာမ)**

အခုလို လမ်းကိုအဆင့်မြှင့်ပေးတဲ့အတွက် ကျောင်းသား ကျောင်းသူတွေနဲ့ ဒေသခံတွေအတွက်လည်း အဆင်ပြေတယ်၊ အရင်လမ်းမကောင်းတုန်းက မိုးတွင်းဆို သွားလာရတာ တော်တော်လေးဆိုးတယ်၊ အခုဆို ခရီးတစ်ခုကို အချိန်မနှောင်းဘဲ ရောက်တဲ့အတွက် လုပ်ငန်းပိုင်းလည်း အဆင်ပြေပါတယ်၊ အေးရှားဝေါလ်ကုမ္ပဏီကိုလည်း ကျေးဇူးတင်ပါတယ်။ ။

**အောင်ရဲသွင်၊ ကိုမင်း၊ ဓာတ်ပုံ - အောင်မင်း**

## ရခိုင်ပြည်နယ်သတင်းများ

# မောင်တောမြို့နယ် နံ့သာတောင်ကျေးရွာမှ ကျောင်းသား ကျောင်းသူများအတွက် စိတ်ဓာတ်ခွန်အားပေးစွမ်းနိုင်ရန် ဂီတဖျော်ဖြေပွဲပြုလုပ်

**စစ်တွေ ဖေဖော်ဝါရီ ၅**
၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်က ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် မောင်တောမြို့နယ် နံ့သာတောင်ပရဟိတဘုန်းတော်ကြီးကျောင်းတွင် သုံးရက်တိတိ ပိတ်မိနေခဲ့သော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား စိတ်ဓာတ်ခွန်အားပေးစွမ်းနိုင်ရန် ရည်ရွယ်ချက်ဖြင့် တေးဂီတဖျော်ဖြေပွဲကို ရက္ခိတစွမ်းအား ပရဟိတအဖွဲ့က ကြီးမှူး၍ ယမန်နေ့ ညနေပိုင်းက စစ်တွေမြို့ ကမ်းနားလမ်းရှိ Strand Hotel ၌ ပြုလုပ်သည်။ **(ယာပုံ)**

ဂုဏ်ပြုပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရက္ခိတစွမ်းအားပရဟိတအဖွဲ့ ရှေ့လက်များအဖွဲ့နှင့် WSKD လူငယ်ပရဟိတအဖွဲ့များ၏ နာယကဖြစ်သူ ဦးဝင်းမောင်က "အကြမ်းဖက်မှုဖြစ်စဉ်အတွင်း နံ့သာတောင်ကျောင်းက ကျောင်းသား၊ ကျောင်းသူ ၄၀၀ လောက်ကို ရဲဝံ့စွန့်စားစွာ အကာအကွယ်ပေးခဲ့တဲ့ နံ့သာတောင်ဆရာတော်ကြီးနဲ့ စွန့်ခွာလာတဲ့ ကျောင်းသားတွေကို ကြီးကြီးမားမားခွန်အားတွေပေးပြီး ကလေးတွေ စာသင်မပျက်အောင် လုပ်ဆောင်ပေးခဲ့တဲ့ ရွှေစေတီကျောင်းတိုက်မှ ဆရာတော်ကြီးတို့အား ဂုဏ်ပြုဆုတံဆိပ်တွေ ဆက်ကပ်ဖို့နဲ့၊ အကြမ်းဖက်မှုဖြစ်စဉ်အတွင်းမှာ သုံးရက်တိုင်တိုင် ပိတ်မိနေခဲ့တဲ့ နံ့သာတောင်ကျောင်းက ဆရာ ဆရာမတွေ၊ ကျောင်းသား ကျောင်းသူတွေအတွက် စိတ်ဓာတ်ခွန်အားဖြစ်စေဖို့အတွက် ဒီပွဲကိုလုပ်ရခြင်း ဖြစ်ပါတယ်" ဟုပြောသည်။

ရက္ခိတစွမ်းအား ပရဟိတအဖွဲ့တွင် ပရဟိတအဖွဲ့အစည်းပေါင်း ၂၁ ဖွဲ့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့ အကြမ်းဖက်မှုဖြစ်စဉ်နောက်ပိုင်း ရခိုင်ပြည်နယ် မောင်တောဒေသအတွက် ငွေကျပ်သိန်း ၁၀၀၀ ကျော်တန်ဖိုးရှိ ပစ္စည်းများ လှူဒါန်းခဲ့ပြီးဖြစ်ကြောင်းလည်း သိရသည်။ ယခုတစ်ကြိမ်တွင်လည်း မောင်တောဒေသတွင် သက်စွန့်ဆံဖျားတာဝန်ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အဝတ်အထည်နှင့် အစားအသောက်များ သွားရောက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဂုဏ်ပြုဖျော်ဖြေပွဲတွင် ရက္ခိတစွမ်းအားပရဟိတအဖွဲ့မှ တာဝန်ရှိသူများက ရွှေစေတီဆရာတော် အရှင်အရိယဝံသနှင့် နံ့သာတောင်ဆရာတော် အရှင်စရဏတို့အား ဂုဏ်ပြုဆုတံဆိပ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ရွှေစေတီဘုန်းတော်ကြီးကျောင်းနှင့် နံ့သာတောင် ဘုန်းတော်ကြီးကျောင်းတို့မှ ကျောင်းသား ကျောင်းသူများအတွက် နို့မလိုင်ပြား၊ အဝတ်အထည်များ၊ ကျောင်းလွယ်အိတ်များနှင့် ပြက္ခဒိန်များ ပေးအပ်လှူဒါန်းခဲ့သည်။

ဖျော်ဖြေပွဲတွင် သရုပ်ဆောင် မင်းရာဇာ၊ သရုပ်ဆောင် ဖူးစုံ၊ ရခိုင်နာမည်ကြီးအဆိုတော်များနှင့် တက်သစ်ရခိုင်အဆိုတော်များက ဂုဏ်ပြုဖျော်ဖြေပေးခဲ့ကြသည်။ **သတင်း-ဟန်လင်းနိုင်**

**ဓာတ်ပုံ-ဇော်ဇော်နိုင်**



# မြောက်ဦးမြို့နယ် အုပ်ချုပ်ရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သူ ဦးဘိုဘိုမင်းသိုက် ကို လုပ်ကြံသတ်ဖြတ်သူအချို့အား ဖမ်းဆီးရမိ၊ ကွင်းဆက်တရားခံများကို ဆက်လက်ဖော်ထုတ်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၅**
ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် အုပ်ချုပ်ရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သူ ဦးဘိုဘိုမင်းသိုက်ကို လုပ်ကြံသတ်ဖြတ်ခဲ့သူအချို့အား ဖမ်းဆီးရမိပြီး ကွင်းဆက်တရားခံများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

ဦးဘိုဘိုမင်းသိုက်မှာ ဇန်နဝါရီ ၃၀ ရက်က ပုဏ္ဏားကျွန်းမြို့နယ်မြောက်ဘက် ခုနစ်မိုင်ခန့်အကွာ ယိုးငူကျေးရွာနှင့် အောင်ဖြူပင်ကျေးရွာကြား သရက်ချိုကျေးရွာအနီး ရန်ကုန် - စစ်တွေကားလမ်း မိုင်တိုင် ၁၆၉ / ၀ နှင့် ၁၆၉ / ၁ ကြား၌ ရင်ညွန့်ထိုးသွင်းဒဏ်ရာ တစ်ချက်၊ ဝဲယာနို့အုံအောက် ထိုးသွင်းဒဏ်ရာ တစ်ချက်စီ၊ ဝဲယာ လက်ပြင် ထိုးသွင်းဒဏ်ရာ ၁၂ ချက်နှင့် ဝဲမျက်ခုံး ပြတ်ရှဒဏ်ရာတစ်ချက်တို့ဖြင့် သေဆုံးခဲ့သဖြင့် သတ်ဖြတ်ခဲ့သူအား ဖမ်းဆီးရမိရေးအတွက် ပုဏ္ဏားကျွန်းမြို့နယ်ရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၃၀၂ / ၄၄၀ / ၁၁၄ ဖြင့် အမှုဖွင့် စုံစမ်းစစ်ဆေးခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်ရပ်နှင့် စပ်လျဉ်း၍ မျက်မြင်သက်သေအချို့၏ ပြောပြချက်အရ မော်တော်ယာဉ်ပေါ်တွင် ဦးဘိုဘိုမင်းသိုက်ပါ လေးဦးပါရှိပြီး ကျန်သုံးဦးမှာ ကားလမ်းအနောက်ဘက်ရှိ တောင်ပေါ်သို့ တက်ပြေးသွားကြောင်း သိရှိရသဖြင့် ဆက်စပ်ဖော်ထုတ်ချက်အရ မြောက်ဦးမြို့နယ် တိမ်ညိုကျေးရွာနေ ယခင်ကျေးရွာအုပ်ချုပ်ရေးမှူးတာဝန် ထမ်းဆောင်ခဲ့သူ ကျော်မြင့်(ခ)ခိုင်ကျော်၏သား မင်းသန်းဌေး(ခ)မင်းသန်းထိုက်အား ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ၄ ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်း ၈ မိုင် မီးပွိုင့်တွင် လည်းကောင်း၊ ထိုနေ့ ညနေပိုင်းတွင် သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာအုပ်စု ကွက်သစ် - ၃ ရှိ မေတ္တာဂုဏ်ရောင် သီလရှင်ကျောင်းတွင် တိမ်းရှောင်ရောက်ရှိနေသည့် ကျော်မြင့်(ခ)ခိုင်ကျော်နှင့် ၎င်း၏ဇနီး ဒေါ်ကြည်ကြည်ဝင်း၊ ချွေးမဖြစ်သူ မခိုင်ဇာလှိုင် (မင်းသန်းဌေး (ခ) မင်းသန်းထိုက်၏ဇနီး)တို့အား လည်းကောင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။


ဦးဘိုဘိုမင်းသိုက်အား လုပ်ကြံသတ်ဖြတ်မှုတွင် ဖမ်းဆီးရမိသူများနှင့် သက်သေခံပစ္စည်းများ

ပြစ်မှုကျူးလွန်သူများ၏ ထွက်ဆိုချက်အရ ကျော်မြင့်(ခ)ခိုင်ကျော်သည် ဇန်နဝါရီ ၂၅ ရက်တွင် AA အဖွဲ့စည်းရုံးရေးမှူး ကိုလတ်၊ စပိုင်၊ ဇော်မျိုးအောင် (ခ)ဇော်မိုးအောင်၊ အိမ်ချင်းကပ်လျက်နေ ဝပ်ရှော့ဆရာ မျိုးချစ်အောင် ( တိမ်ညိုကျေးရွာ )တို့နှင့် အတူ ဦးဘိုဘိုမင်းသိုက်အား သတ်ဖြတ်ရန်နှင့် လကုန်လျှင် ၎င်းစစ်တွေသို့ ပြောင်းရွှေ့မည်ဖြစ်သဖြင့် ထိုအချိန် လမ်းမှဖမ်းဆီး၍ ခေါ်ဆောင်သွားရန် တိုင်ပင်ခဲ့ကြောင်း၊ ထို့နောက် ဇန်နဝါရီ ၂၆ ရက်တွင် ဦးဘိုဘိုမင်းသိုက်ထံ ဖုန်းဆက်၍ စစ်တွေသို့ ပြောင်းပါက ယာဉ်ဖြင့် လိုက်ပို့မည်ဖြစ်ကြောင်းပြောပြီး ဇန်နဝါရီ ၃၀ ရက်တွင် CRV ယာဉ်အား မျိုးချစ်အောင်က မောင်းပြီး လိုက်ပို့စဉ်လမ်း၌ ဦးဘိုဘိုမင်းသိုက်အား ဖမ်းဆီး ခေါ်ဆောင်ရန် ဖုန်းများ သိမ်းဆည်းရာမှ ပြန်လည်ခုခံသဖြင့် ရန်းရင်းဆန်ခတ်ဖြစ်ကာ စပိုင်နှင့် ဇော်မျိုးအောင်တို့က ဓားဖြင့် ထိုးသတ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ကျော်မြင့်(ခ)ခိုင်ကျော်နှင့် မင်းသန်းဌေး(ခ)မင်းသန်းထိုက်တို့သည် မူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ်မှ ဘူးသီးတောင် မောင်တောဒေသသို့ ကော်မရှင်စားဖြင့် ဆက်သွယ်ရောင်းဝယ်ခြင်းနှင့် ကိုယ်တိုင်ဝယ်ယူ ရောင်းချခြင်းတို့ကိုဆောင်ရွက်ခဲ့ပြီး ရရှိသည့်ငွေကြေးများဖြင့် AA အဖွဲ့အတွက် လက်နက်ခဲယမ်းများ ဝယ်ယူစုဆောင်း၊ သယ်ဆောင်ပေးခဲ့ကြောင်း၊ မူးယစ်ဆေးဝါး ရောင်းဝယ်မှုနှင့်ပတ်သက်၍ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၇ ခုနှစ် နိုဝင်ဘာလအထိ WY စိတ်ကြွရူးသွပ်ဆေးပြား ၄၄ သိန်းကို ကိုးကြိမ်သယ်ဆောင်ရောင်းဝယ်ပြုလုပ်ခဲ့ရာ စုစုပေါင်း ငွေကျပ် ၃၉၇၅ သိန်း အမြတ်ငွေရရှိခဲ့ကြောင်း။

၎င်းငွေကြေးများဖြင့် မန္တလေးမြို့နေ အမျိုးသမီးတစ်ဦးထံမှ ပထမအကြိမ် ၂၀၁၇ ခုနှစ် ဇွန်လက ပစ္စတိုနှစ်လက်၊ ကျည်ဘောက်လေးခုအားလည်းကောင်း၊ ဒုတိယအကြိမ် ၂၀၁၇ ခုနှစ် ဇူလိုင်လက M-16 ၁၀ လက်နှင့် ပစ္စတိုကျည် ၅၀ အားလည်းကောင်း၊ တတိယအကြိမ် ၂၀၁၇ ခုနှစ် ဩဂုတ်လက M-16 ကိုးလက်နှင့် စတုတ္ထအကြိမ် ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်း၌ပင် M-16 ကျည် ၆၀၀၀၊ M-16 ကျည်ဘောက် ၃၈ ခုနှင့် ပစ္စတိုနှစ်လက်၊ ၎င်းကျည်ဘောက် လေးခုအားလည်းကောင်း၊ မြဝတီမြို့နေ အမျိုးသားတစ်ဦးထံမှ ပစ္စတို တစ်လက်၊ ကျည်ဘောက်တစ်ခု၊ ၎င်းကျည်ကိုးတောင့်အားလည်းကောင်း စုစုပေါင်း M-16 ၁၉ လက်၊ ၎င်းကျည်ဘောက် ၃၈ ခုနှင့် ၎င်းကျည် ၆၀၀၀၊ ပစ္စတိုငါးလက်၊ ၎င်းကျည်ဘောက်ရှစ်ခု၊ ၎င်းကျည် ၅၉ တောင့်တို့အား ဝယ်ယူစုဆောင်းခဲ့ကာ သေနတ် ၂၃လက်၊ ကျည်ဘောက် ၄၆ ခု၊ ကျည် ၆၀၅၀ တို့အား AA အဖွဲ့ထံ လျှို့ဝှက်ပို့ဆောင်ပေးခဲ့ကြောင်းနှင့် ပစ္စတို တစ်လက်၊ ကျည်ဘောက် တစ်ခု၊ ကျည်ကိုးတောင့်တို့အား ၎င်းကိုင်ဆောင်ရန် သိမ်းဆည်းထားခဲ့သည်ဟု ဝန်ခံထွက်ဆိုခဲ့ကြောင်း သိရသည်။

အမှုနှင့်ပတ်သက်၍ ကွင်းဆက် ဆက်လက်စုံစမ်းစစ်ဆေး ဖော်ထုတ်ဆောင်ရွက်လျက်ရှိပြီး ပေါ်ပေါက်ချက်များနှင့်အညီ ကွင်းဆက်တရားခံများအား ဖမ်းဆီး၍ သက်ဆိုင်ရာဥပဒေများအရ အမှုဖွင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ပဲခူး ဖေဖော်ဝါရီ ၅**
မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းမှ ကြီးမှူး၍ ဖေဖော်ဝါရီ ၅ ရက်က ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ သီရိဟံသာခန်းမ၌ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာမြန်မာနိုင်ငံအမျိုးသမီးများနှင့်ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝေဝေသာက နှုတ်ခွန်းဆက်စကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီးဥက္ကဋ္ဌ ဒေါ်သီတာတင်ထွဋ်က မိတ်ဆက်စကားပြောကြားခဲ့သည်။



ထို့နောက် အသင်း၏ လုပ်ဆောင်ချက်များကို ပရိုဂျက်တာဖြင့် ပြသပြီး မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း MWCDF ဗဟိုမှ တိုင်းဒေသကြီးအသင်းအတွက် အလှူငွေများပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၅ ရက်မှ ၆ ရက်အထိ ကျင်းပခဲ့ပြီး ဒေသခံအမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်အား ခေတ်မီစီးပွားရေးအတတ်ပညာများကို ဆွေးနွေးရာတွင် ပါဝင်စေခြင်းဖြင့် ပိုမိုထိရောက်မြန်ဆန်သော စီးပွားရေးဝန်းကျင်တစ်ခုကို ဖန်တီးနိုင်စေရန် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ပြီး အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ဦးဆောင်လုပ်ကိုင်နေသူများ၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း စတင်လုပ်ကိုင်ရန် ပြင်ဆင်နေသူများ၊ မိသားစုပိုင်လုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ရန် စီစဉ်နေသူများ၊ အမျိုးသမီးများ တက်ရောက်ပါဝင်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

## ပြင်ဆင်ဖတ်ရှုပေးပါရန်

၅-၂-၂၀၁၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂ ၌ ပါရှိသည့် **စေ့စပ်ဆွေးနွေးညှိနှိုင်းမှုဖြင့်သာ အောင်မြင်ရာသည်** အယ်ဒီတာ့အာဘော်၏ စာပိုဒ်(၄)တွင် ပါရှိသည့် မန္တလေးတက္ကသိုလ် **(အစား)** ရတနာပုံတက္ကသိုလ်ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် အနူးအညွတ် မေတ္တာရပ်ခံအပ်ပါသည်။ **စာတည်းအဖွဲ့**

## အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၅**
ယနေ့ည ၁၁ နာရီ ၂၅ မိနစ် ၃၅ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ မြောက်ဘက် ၉၈ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဖြူးမြို့၏ အနောက်တောင်ဘက်မိုင် ၂၀ ခန့်အကွာ)ကို ဗဟိုပြု၍ အင်အား ရစ်ချ်စတာစကေး ၅ ဒသမ ၂ ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်သွားကြောင်း တိုင်းထွာရရှိသည်။ **မိုး/ဇလ**

# ကျောက်တော်မြို့နယ် အပေါက်ဝကျေးရွာ၌ ကစ္ဆပနဒီမြစ်ကမ်းပါး ပြိုကျမှုကြောင့် လူနေအိမ် ၁၂ လုံး ပျက်စီးဆုံးရှုံး

**ကျောက်တော် ဖေဖော်ဝါရီ ၅**

ကျောက်တော်မြို့နယ် ကစ္ဆပနဒီမြစ်ကမ်းဘေးရှိ အပေါက်ဝကျေးရွာ၌ ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်ခန့်က မြစ်ကမ်းပါးပြိုကျမှုကြောင့် လူနေအိမ် ၁၂ လုံး ပျက်စီးဆုံးရှုံးသွားကြောင်း အပေါက်ဝကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ပြောပြချက်အရ သိရသည်။

"မြစ်ကမ်းပါးပြိုကျပြီး ရေထဲကို လူနေအိမ် ၁၂ လုံး ပါသွားပါတယ်၊ ပထမပြိုကျတော့ ကိုးလုံးပါသွားတယ်၊ နောက်ခဏကြာတော့ နောက်တစ်ခေါက်ပြိုကျပြီး သုံးလုံးထပ်ပါသွားပါတယ်၊ ခုတော့ မြစ်ကမ်းပါးမှာနေတဲ့သူတွေကို ဘေးလွတ်မယ့်နေရာတွေကို ပြောင်းထားပါတယ်၊ ကျွန်တော်တို့လည်း ဆက်ပြီးပြို၊ မပြို စောင့်ကြည့်နေပါတယ်၊ ကျွန်တော့်တို့ရွာမှာ အခုလို မြစ်ကမ်းပြိုတာက နှစ်တိုင်းလိုလိုဖြစ်နေတယ်၊ အစိုးရကလည်း ကျောက်စီနံရံတွေ လုပ်ပေးပါတယ်၊ ဒါပေမယ့် ကမ်းပါးက ဆက်ပြီးပြိုနေတာပါပဲ"ဟု အပေါက်ဝကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိန်အောင်ညွန့်က ပြောသည်။

အပေါက်ဝကျေးရွာကို ကမ်းပါးပြိုကာကွယ်ရေးအတွက် ၂၀၁၇ ခုနှစ် အောက်တိုဘာလမှစ၍ ကျောက်စီနံရံ ပေ ၇၀၀ ပြုလုပ်နေကြောင်း၊ ပေ ၅၀၀ ကျော် ပြုလုပ်ပြီးဖြစ်ကြောင်းနှင့် ယခုကမ်းပါးပြိုမှုကြောင့် ပေ ၃၀၀ ခန့်ပါသွားကြောင်း သိရသည်။

**သတင်း-ကိုကြီးစော**
**ဓာတ်ပုံ-ကိုနိုင်စိုး**





# ဖားကန့်မြို့နယ်၌ ငွေကျပ်သိန်းပေါင်း နှစ်သောင်းကျော်တန်ဖိုးရှိ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**ဖားကန့် ဖေဖော်ဝါရီ ၅**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် မိုးကောင်း-ဖားကန့်လမ်း နန့်တိန်းနယ်မြေလုံခြုံရေးဂိတ်တွင် ဖေဖော်ဝါရီ ၄ ရက် ညနေ ၄ နာရီက ငွေကျပ်သိန်းပေါင်း နှစ်သောင်းကျော် တန်ဖိုးရှိ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိကြောင်း သိရသည်။ **(ဓါတ်ပုံ)**

ဖြစ်စဉ်မှာ မိုးညှင်းခရိုင် ဖားကန့်မြို့နယ် မိုးကောင်း-ဖားကန့်လမ်း နန့်တိန်းစစ်ဆေးရေးဂိတ်၌ ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ဘုရားသုံးဆူကျေးရွာနေသူ ဖြိုးကျော်လင်း(၂၅ နှစ်)မောင်းနှင်ပြီး ရှမ်းပြည်နယ်တောင်ပိုင်း ဆီဆိုင်မြို့နယ် ဘန်းယဉ်လေးကျေးရွာနေ ဂျီဟော(၄၃ နှစ်) လိုက်ပါလာသည့် NISSAN UD ၁၂ ဘီးယာဉ်အား ရပ်တန့်စစ်ဆေးရာဖွေရာ ယာဉ်ပေါ်ရှိ ကုန်ပစ္စည်းများကြား သို၀ှက်သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၂၁၆၄၅၀ နှင့် ဘိန်းဖြူဆပ်ပြာခွက် ၁၀၈၇ ခွက် (အလေးချိန် ၁၀ ဒသမ ၈၇ ကီလို) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ်သိန်းပေါင်း ၂၁၁၄၉၀၀၀၀ အား သိမ်းဆည်းရမိခဲ့သဖြင့် ဖြိုးကျော်လင်းနှင့် ဂျီဟောတို့နှစ်ဦးအား ဖားကန့်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အလားတူ ယင်းနေ့က ဖားကန့်မြို့နယ် ဆိပ်မူရဲကင်းစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဝေခါကျေးရွာ မော်တောင်းရပ်ကွက်(၁)နေ ချစ်မင်းထွန်း(ခ)ကျော်ကျော်(၂၆ နှစ်)၏ နေအိမ်အား ဝင်ရောက်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၁၅ ပြား ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၇၅၀၀၀ အား သိမ်းဆည်းရမိ၍ ဖားကန့်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

# လုယက်မှုကျူးလွန်သူလေးဦးကို လင်းယုန်စီမံချက်ဖြင့် ဖမ်းဆီးရမိပြီး လုယက်မှုများဖော်ထုတ်နိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၅**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က ဇန်နဝါရီ ၁ ရက်မှစတင်ပြီး လင်းယုန်စီမံချက်အဆင့်(၁) အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးအတွင်း လုယက်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရာမှ လုယက်မှု ၁၃ မှုကို ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၄ ရက် ည ၉ နာရီခန့်က ဒဂုံမြို့သစ်အရှေ့မြို့နယ်နေ ဆိုင်ကယ်ကယ်ရီ မောင်းနှင်သူ ကို---- သည် ၁၀၈ ရပ်ကွက် ဆိုင်ကယ်ကယ်ရီဂိတ်တွင် ခရီးသည်စောင့်ဆိုင်းနေစဉ် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့က ငှားရမ်းသဖြင့် လိုက်ပါပို့ဆောင်ခဲ့ကြောင်း။

အဆိုပါ အမျိုးသမီးမှာ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ၁၃ ရပ်ကွက် ခတ္တာလမ်းထိပ်တွင် ဆင်းနေခဲ့ပြီး အမျိုးသားမှာ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်သို့ လိုက်ပါပို့ဆောင်ရန် ဆက်လက်ငှားရမ်းသဖြင့် ပို့ဆောင်စဉ် ဆိုင်ကယ်မှာ ဓာတ်ဆီပြတ်သွားခဲ့သဖြင့် ခရီးသည်အမျိုးသားက အငှားယာဉ်အမှတ် 2H/----- ကို ဖုန်းဆက်ခေါ်ယူခဲ့ကြောင်း၊ ထို့နောက် ခတ္တာလမ်းထိပ်၌ ဆင်းသွားခဲ့သည့် အမျိုးသမီးနှင့်အတူ အငှားယာဉ်ရောက်ရှိလာပြီး ဆိုင်ကယ်အား ဆီဖြည့်ခဲ့ပြီးနောက် ဆက်လက်ပို့ဆောင်စဉ် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် ၁၆ ရပ်ကွက် လမ်းကြားတစ်ခုအရောက်တွင် ခရီးသည် အမျိုးသားက ဆိုင်ကယ်ကယ်ရီမောင်းသူ ကို ------ အား လည်ပင်းညှစ်၍ Felling CZI -125 ဆိုင်ကယ်နှင့် ဖုန်းတို့အား လုယက်ယူဆောင်သွားသဖြင့် ဒဂုံမြို့သစ် မြောက်ပိုင်းမြို့မရဲစခန်းက အမှုဖွင့်စုံစမ်းခဲ့သည်။

ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးအတွက် စုံစမ်းခဲ့ရာ ဇန်နဝါရီ ၂၃ ရက်က ပြစ်မှုကျူးလွန်သူ ပြည့်ဖြိုး(ခ) လောက်လား၊ အောင်ကိုလတ် (ခ) ချစ်ကို (ခ) စိုးကြီး၊ တွယ်တာဝင်းနှင့် ဇော်မင်းနိုင် (ခ) ကရင်(ခ) ဖိုးခွားတို့ အား ၎င်းတို့၏ နေအိမ်အသီးသီးမှ ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် 2H/---- ပရိုဘောက်အငှားယာဉ်ကိုလည်း သိမ်းဆည်းရရှိခဲ့သည်။

ဖမ်းဆီးရမိသူများအား စစ်ဆေးခဲ့ရာ အဆိုပါအမှုအား ဖော်ထုတ်ရရှိခဲ့သည့်အပြင် ယခင်က ကျူးလွန်ခဲ့သည့် လုယက်မှု ၁၂ မှုကိုပါ ထပ်မံဖော်ထုတ် ရရှိခဲ့သည်။ အဆိုပါအမှုများမှလုယက်ယူခဲ့သည့် ဆိုင်ကယ် ၁၃ စီး သိမ်းဆည်းရမိခဲ့သည်။ **(အပေါ်ပုံ)**



ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် ပြစ်မှုကျူးလွန်သူ ပြည့်ဖြိုး(ခ) လောက်လားပါလေးဦးတို့အား သက်ဆိုင်ရာရဲစခန်းများတွင် အမှုဖွင့်လုစ် အရေးယူခဲ့ပြီး ခိုးရာပါ ပစ္စည်းရောင်းချပေးသူ မျိုးကို (ခ) မျိုးဆွေကိုလည်း အရေးယူထားရှိကြောင်း သိရသည်။

**ကိုရဲ**

## တနိုင်းမြို့နယ်၌ လူနှစ်ဦးအား ကေအိုင်အေအဖွဲ့က ဖမ်းဆီးခေါ်ဆောင်သွား

**နေပြည်တော် ဖေဖော်ဝါရီ ၅** - ကချင်ပြည်နယ် တနိုင်းမြို့နယ် တိန်ကောက်ကျေးရွာအနီး၌ ဖေဖော်ဝါရီ ၄ ရက် နံနက် ၁၀ နာရီခွဲက ယာဉ်မောင်းအမျိုးသားတစ်ဦးနှင့် ဇနီးဖြစ်သူအား ကေအိုင်အေလက်နက်ကိုင်အဖွဲ့က ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၄ ရက် နံနက် ၁၀ နာရီခွဲက မြစ်ကြီးနားမှ တနိုင်းဘက်သို့ စက်သုံးဆီနှင့် ရိက္ခာများ သယ်ဆောင်လာသည့် မောင်စိုး(စိစစ်ဆဲ)မောင်းနှင်သည့် ခြောက်ဘီးယာဉ်နှင့် ရွှေကိုလင်း(၃၉ နှစ်)(စိစစ်ဆဲ)မောင်းနှင်သော ခြောက်ဘီးယာဉ်တို့အား ကေအိုင်အေအဖွဲ့မှ အင်အားခုနစ်ဦးခန့်က ရပ်တန့်စစ်ဆေးခဲ့ပြီး မောင်စိုးအား ဆက်လက်ထွက်ခွာခွင့်ပြုသဖြင့် တနိုင်းမြို့သို့ ရောက်ရှိခဲ့သော်လည်း ရွှေကိုလင်းနှင့် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်နေသူနှင့် ဇနီးဖြစ်သူ မဝေ(၃၆ နှစ်) တို့နှစ်ဦးအား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

**ကိုရဲ**

# မြေပဲအိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်သည့် ကျွန်းခွဲသားဆိုက်စုံ ရေပူ ပူးပေါင်းအဖွဲ့ စစ်ဆေးဖမ်းမိ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၇၄ စီး၊ သွင်းကုန် ၉၃၉ စီး ၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၄ စီး၊ သွင်းကုန် ၁၆၁ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၄ ရက်က ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅ ဒသမ ၅၃၀ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄ ဒသမ ၁၉၀ သန်းခန့် စုစုပေါင်းတားဆီးမှု၁၁ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉ ဒသမ ၇၂၀ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဖေဖော်ဝါရီ ၄ ရက်က မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် မိုင်တိုင်အမှတ် ၁၉၇ မိုင်၊ ၆ ဖာလုံ စံလောင်းကျေးရွာအနီး ရပ်တန့်ထားသော Canter Nissan Diesel ခြောက်ဘီးမော်တော်ယာဉ်အား မသင်္ကာဖွယ်တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ကားနောက်ခန်းတွင် မြေပဲအိတ်များဖြင့် ဖုံးအုပ်၍ တရားမဝင်သယ်ဆောင်လာသော ကျွန်းခွဲသားဆိုက်စုံ ၂၃၈ ချောင်း၊ ၂ ဒသမ ၈၁၅၄ တန်နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈ ဒသမ ၄၁၆ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဖောင်းပြင်မြို့နယ်၌ အမိုနီယမ်နိုက်ထရိတ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှတပ်မတော်သားများပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲ ၂ နာရီက ဖောင်းပြင်မြို့ ကျွန်းရွှေဝါရပ်ကွက် ဟုမ္မလင်း-မုံရွာလမ်း၌ အမိုနီယမ်နိုက်ထရိတ်များ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်မှာ ပူးပေါင်းအဖွဲ့စောင့်ဆိုင်းနေစဉ် မုံရွာဘက်မှ အရာတော်မြို့နယ် ဝါးတန်းကျေးရွာနေ သက်ဆွေ(၃၅ နှစ်)မောင်းနှင်ပြီး ပျော်ပုံကျေးရွာနေ မျိုးသူ(၂၁ နှစ်) လိုက်ပါလာသည့် SGG/R/-----MISUBISHI ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်မှ ပီနံအိတ်များဖြင့်ထည့်လျက် အမိုနီယမ် နိုက်ထရိတ် အလေးချိန် ကီလိုဂရမ် ၄၀ ခန့်စီပါ အိတ် ၅၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး အဆိုပါပစ္စည်းများအား မုံရွာမြို့နေ ဦးတင်မောင်သန်း(စုံစမ်းဆဲ)က ဟုမ္မလင်းမြို့သို့ ပို့ဆောင်ခိုင်းခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ၎င်းတို့သုံးဦးအား ဖောင်းပြင်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

အလားတူ ယင်းနေ့ ည ၆ နာရီ ၄၅ မိနစ်က ဟုမ္မလင်းမြို့မိုင်းကိုင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် နန့်တောကျေးရွာနေ ဦးစန်းမောင်(၅၆ နှစ်)၏ နေအိမ်အား သွားရောက်ရှာဖွေခဲ့ရာ အမိုနီယမ်နိုက်ထရိတ် အလေးချိန် ကီလိုဂရမ် ၄၀ ခန့်စီပါ အိတ် ၂၂၄ အိတ်အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဦးစန်းမောင်အား မိုင်းကိုင်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## အသံမစဲအဘိဓမ္မာ(၇)ကျမ်း ရွတ်ဖတ်ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၅**
ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ် - ၅ ရပ်ကွက် ၉ မိုင် မစိုးရိမ်ကျောင်းလမ်းရှိ ရွှေမြိုင်သီရိ သီလရှင်စာသင်တိုက်၏(၃၁)ကြိမ်မြောက် ဗုဒ္ဓါဘိသေကမင်္ဂလာ၊ အသံမစဲအဘိဓမ္မာခုနစ်ကျမ်းရွတ်ဖတ်ပူဇော်ပွဲ၊ အောင်ပွဲ စာအောင်သီလရှင်ဆရာလေးတို့အား ချီးကျူးဂုဏ်ပြုပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ စမ်းချောင်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တ ထေရဝံသာဘိဝံသထံမှ ရှစ်ပါးသီလခံယူတည်ဆောက်ပြီး ပင့်သံဃာတော်များနှင့် သီလရှင်ဆရာကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ ရေစက်သွန်းချအမျှပေးဝေခဲ့သည်။

ဆက်လက်၍ နေ့လယ်ပိုင်းတွင် ချီးကျူးဂုဏ်ပြုပွဲကို ကျင်းပရာ သာသနာ့ဓမ္မာစရိယဘွဲ့တံဆိပ်တော်ရ ဆရာလေးများ၊ ဓမ္မာစရိယနှစ်ကျမ်းအောင် ဆရာလေးများ၊ ဓမ္မာစရိယတစ်ကျမ်းအောင် ဆရာလေးများနှင့် အစိုးရပထမပြန်စာမေးပွဲအောင် သီလရှင်ဆရာလေး ၃၄ ပါးတို့အား တာဝန်ရှိသူများက ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက် သီလရှင် ၁၆၅ ပါးတို့အား အလှူရှင်များက ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

**ဗထူး**

## ဘဏ္ဍာရေးနှစ်အလိုက် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုအခြေအနေ

(ကျပ်သန်းပေါင်း)




**ခေါင်းစဉ်ပါ** ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၅**
ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- ပီအက်စ်ဂျီကြယ်ပွင့် နေမာသည် ချန်ပီယံလိဂ်တွင် ရီးရဲမက်ဒရစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရန် စိတ်အားထက်သန်နေကြောင်း သိရသည်။ နေမာသည် ယခုနှစ်ရာသီတွင် ပီအက်စ်ဂျီအသင်းအတွက် လီဂူး ၁ ၌ ၁၈ဂိုး သွင်းယူပေးထားပြီး အသင်းအနေဖြင့်လည်း ဒုတိယနေရာမှ မာဆေးလ်အသင်းကို ၁၁ မှတ်အထိ ဖြတ်ထားလိုက်နိုင်ကြောင်းလည်း သိရသည်။
- မန်ယူနည်းပြ မော်ရင်ဟိုအနေဖြင့် နွေရာသီတွင် နယ်သာလန်ကလပ်အိုင်းယက်စ်အသင်းတွင် ကစားလျက်ရှိသော အသက် ၁၈ နှစ်အရွယ် နယ်သာလန် တိုက်စစ်ကစားသမား ပက်ထရစ် ကလွိုက်ဗက်စ်၏ သားဖြစ်သူ ဂျက်စ်တင် ကလွိုက်ဗက်ကို ခေါ်ယူဖြစ်ခဲ့ပါက မန်ယူအသင်းမှ တိုက်စစ်ကစားသမား မားကပ်စ်ရပ်ရှ်ဖို့သည် အသင်းမှထွက်ခွာသွားနိုင်ကြောင်း ယူကေအခြေစိုက်သတင်းရင်းမြစ်တစ်ခု၏ ဖော်ပြချက်အရ သိရသည်။
- ဝက်စ်ဟမ်းအသင်း၏ မက္ကဆီကို တိုက်စစ်မှူး ဟာနန်ဒက်ဇ် (၂၉နှစ်)သည် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန်ဆန္ဒရှိခဲ့သော်လည်း ယခုအခါ အသင်းပေါ်တွင် ၁၀၀ ရာခိုင်နှုန်း အာရုံစူးစိုက်ထားကြောင်း ဝက်စ်ဟမ်းအသင်း၏ တရားဝင်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။
- လက်စတာစီးတီးကစားသမားများသည် မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ခွင့် အိပ်မက်ပျက်ပြယ်ခဲ့ပြီးနောက် လေ့ကျင့်ခန်းဆင်းရန် ပျက်ကွက်ခဲ့ပြီး နှစ်ပွဲလွဲချော်ထားသော အသက် ၂၆ နှစ်အရွယ် အယ်လ်ဂျီးယားတောင်ပံကစားသမား မာရက်ဇ်ကို ဒေါသထွက်နေသည်ဆိုသည့်သတင်းများနှင့်ပတ်သက်ပြီး တောင်ပံကစားသမား အဲလ်ဘရိုက်တန်က ငြင်းဆိုလိုက်ကြောင်း ဒေးလီးမေး၏ ဖော်ပြချက်အရ သိရသည်။
- တော့တင်ဟမ်အသင်းတိုက်စစ်မှူး ဟယ်ရီကိန်းသည် တနင်္ဂနွေနေ့ညက ယှဉ်ပြိုင်ကစားခဲ့သော တော့တင်ဟမ်နှင့် လီဗာပူးအသင်းတို့ နှစ်ဂိုးစီ သရေကျခဲ့သော ပွဲစဉ်တွင် တစ်ဂိုးသွင်းယူလိုက်နိုင်သောကြောင့် ၎င်း၏ ပရီမီယာလိဂ်သွင်းဂိုး ၁၀၀ ပြည့်မြောက်သွားခဲ့ပြီဖြစ်ကြောင်း သိရသည်။
- ၎င်းသည် ယခုနှစ် ပရီမီယာလိဂ်တွင်လည်း ပွဲစဉ် ၂၆ ပွဲကစားထားပြီး ရာတွင် သွင်းဂိုး ၂၂ ဂိုးဖြင့် ဦးဆောင်လျက်ရှိကြောင်းလည်း သိရသည်။ **ဇော်ဇော်**

### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ချင်းပြည်နယ်၊ ဟားခါးမြို့မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ လုပ်ငန်းများအား အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
**ချင်းပြည်နယ်၊ ကျီခါးမြို့၊ ကဖီလွီး အသေးစားရေအား လျှပ်စစ်စီမံကိန်းနှင့် ဖလမ်းမြို့၊ လိုင်ဗား အသေးစားရေအားလျှပ်စစ် စီမံကိန်းများအတွက် လမ်းဖောက်လုပ်ခြင်း၊ မြေနေရာရှင်းလင်းခြင်းနှင့် အဆောက်အဦများ ဆောက်လုပ်ခြင်းလုပ်ငန်း**
၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၆-၂-၂၀၁၈ ရက် (ရုံးချိန်အတွင်း)
**တင်ဒါပိတ်မည့်ရက်** - ၂၁-၂-၂၀၁၈ ရက် (၁၆း၀၀)နာရီ
**လိပ်စာ၊ ဖုန်း** - ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့၊ ဖုန်း-၀၇၀-၂၁၉၄၄

**တစ်ဦးတည်း ဖြစ်ပါကြောင်း**
တွံတေးမြို့နယ်၊တွံတေးမြို့၊ ရွှေဆံတော်ရပ်ကွက်၊ ရွှေဆံတော်(၁၂)လမ်းနေ ဦးအောင်သိန်း၏ သား မောင်ကျော်ဇင်လတ်(ခ) မောင်ကျော်ဇင်ဦးသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

### ကန့်ကွက်ပါသည်

၃၁-၁-၂၀၁၈ ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ (၂၀)ပါ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၅)ရပ်ကွက်၊ လုပ်သားလမ်း၊ အမှတ် (၆၂၆)၊ ခြေရင်းခြမ်း၊ အရောင်းအဝယ်နှင့် ပတ်သက်၍ တရားဝင် မခွဲမစိတ်ရသေးသော အရောင်းအဝယ် ပိုင်ဆိုင်မှု အရှုပ်အရှင်းရှိနေပါသဖြင့် ၎င်းအရောင်းအဝယ်အား ကန့်ကွက်ပါသည်။

**ဆွေဆွေသန်း**
**၁၂/မရက(နိုင်)၁၀၁၀၃၉**
**အမှတ် (၆၂၆)၊ လုပ်သားလမ်း၊**
**(၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)**

**တစ်ဦးတည်း ဖြစ်ပါကြောင်း**
ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ (၁)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၂၁၇)နေ ဦးကျော်လှထွန်း၏ သမီး မဖြူပြာစံ(ခ)မဖြူမာစံ ၁၁/သတန(နိုင်)၀၇၃၅၀၇မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။
**မဖြူပြာစံ(ခ)မဖြူမာစံ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် ညည-၁၅၊ ဦးပိုင်အမှတ် ၄၆/ခ၊ ၅၈×၅၉လမ်းကြား၊ သမိန်ဗရမ်းလမ်းနှင့် မင်းကြီးရန်နောင်လမ်းကြားရှိ ဦးနေဝင်းအမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်အုန်းမြ ၉/ပသန(နိုင်)၀၂၂၈၄၈ မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### အမည်ပြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ် ၉၇၅/က နေ ဦးမျိုးအောင်၏သား မောင်စည်သူအောင်အား မောင်စိုးထွန်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်စိုးထွန်းအောင်**

### အမည်ပြောင်း

ဦးဇော်မိုးဝင်း ၉/မလန(နိုင်)၀၉၈၉၇၈ ၏ သား ရွှေတောင်မြို့နယ် ညောင်စာရေး အုပ်စု အမက အောင်ဇေယျ KG တန်းမှ မောင်မိုးသီဟကျော်အား မောင်ထူးသန့်အောင်ဟု ပြောင်းလဲခေါ်ပါရန်။



# ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်း၌ ရုရှားက လေကြောင်းမှ အကြီးအကျယ်တိုက်ခိုက်

**မော်စကို ဖေဖော်ဝါရီ ၅**

ရုရှားက ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်း၌ ကြီးမားသော လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ရာ စစ်သွေးကြွ ၃၀ ထက်မနည်း သုတ်သင်ရှင်းလင်းနိုင်ခဲ့ကြောင်း ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ယမန်နေ့တွင် ပြောခဲ့သည်။ ဆီးရီးယားနိုင်ငံ၌ ရုရှားတို့၏ ဂျက်လေယာဉ်တစ်စင်း ပစ်ချခံရပြီးနောက် လက်တုံ့ပြန်သည့်အနေဖြင့် ရုရှားတို့က ကြီးမားသော လေကြောင်းတိုက်ခိုက်မှုတစ်ခု ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

ရုရှား အက်စ်ယူ ၂၅ ဂျက်လေယာဉ်ကို ပခုံးထမ်းဒုံးကျည်ဖြင့် ပစ်ချခဲ့သော ဂျာဗက်အယ်လ်နူစရာ အကြမ်းဖက်အုပ်စုထိန်းချုပ်ရာ ဆီးရီးယားနိုင်ငံ အီဒလစ်ဒေသကို ရုရှားတို့က တိကျမှုစွမ်းရည်မြင့်မားသော လက်နက်များဖြင့် တိုက်ခိုက်မှုအများအပြား ပြုလုပ်ခဲ့ကြောင်း ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီးဌာနက မကြာသေးမီတွင် ထုတ်ပြန်ခဲ့သည်။

ရုရှားတို့၏ ကြီးမားသော လေကြောင်းတိုက်ခိုက်မှုအတွင်း နူစရာစစ်သွေးကြွ ၃၀ ကျော်ကို သုတ်သင်ရှင်းလင်းနိုင်ခဲ့ကြောင်း ရေဒီယိုကြားဖြတ်အသံဖမ်းကိရိယာမှတစ်ဆင့် ကြားသိခဲ့ရကြောင်း ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ပခုံးထမ်းဒုံးကျည်ဖြင့် ပစ်ခတ်ခြင်းခံလိုက်ရသည့် အက်စ်ယူ ၂၅ ၏ လေယာဉ်မှူးမှာ ခုန်ထွက်လွတ်မြောက်သွားသော်လည်း နောက်ပိုင်းတွင် အကြမ်းဖက်သမားတို့၏ ဖမ်းဆီးသတ်ဖြတ်ခြင်းကို ခံလိုက်ရကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ယမန်နေ့တွင် ပြောခဲ့သည်။

ဆီးရီးယားနိုင်ငံအတွင်းရှိ အိုင်အက်စ်အကြမ်းဖက်အဖွဲ့ကို ရုရှားကျောထောက်နောက်ခံပြုထားသည့် ဆီးရီးယားတပ်ဖွဲ့ဝင်များက အလုံးစုံ ချေမှုန်းသုတ်သင်ရှင်းလင်းနိုင်ခဲ့ပြီဖြစ်သည်ဟု ရုရှားတပ်ဖွဲ့က ၂၀၁၇ ခုနှစ် ဒီဇင်ဘာတွင် ပြောခဲ့ပြီးနောက် ရုရှားသမ္မတ ဗလာဒီမာပူတင်က ဆီးရီးယားနိုင်ငံအတွင်းရှိ ရုရှားတပ်ဖွဲ့များကို တစ်စိတ်တစ်ပိုင်း ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် ဆီးရီးယားနိုင်ငံအတွင်းရှိ အိုင်အက်စ်စစ်သွေးကြွများကို ရှင်းလင်းနိုင်ရန်အတွက် လွန်ခဲ့သော နှစ်အနည်းငယ်ကတည်းက စစ်အသုံးစရိတ်အဖြစ် တစ်ရက်လျှင် ပျမ်းမျှ ရူဗယ် ၁၅၆ သန်း (အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ သန်း) သုံးစွဲခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**




# တောင်ကာရိုလိုင်းနား၌ ခရီးသည်တင်ရထားနှင့် ကုန်တင်ရထားတို့ ခေါင်းချင်းဆိုင်တိုက်မိရာ လူနှစ်ဦးသေဆုံး

**ဝါရှင်တန် ဖေဖော်ဝါရီ ၅**

ခရီးသည်တင်ရထားတစ်စင်းသည် အမေရိကန် တောင်ကာရိုလိုင်းနားပြည်နယ်၌ ကုန်တင်ရထားတစ်စင်းနှင့် တိုက်မိမှု ဖြစ်ပွားခဲ့ရာ လူနှစ်ဦးသေဆုံးခဲ့ကာ လူပေါင်းရာချီ ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်က ဖော်ပြခဲ့သည်။

ယမန်နေ့ ဒေသစံတော်ချိန် နံနက် ၂ နာရီ ၃၅ မိနစ်ခန့်တွင် ခရီးသည်တင် ရထားတစ်စင်းဖြစ်သည့် အမှတ် ၉၁ ရထားနှင့် စီအက်စ်အိတ် ကုမ္ပဏီပိုင် ကုန်တင်ရထားတစ်စင်းတို့ တိုက်မိမှု ဖြစ်ပွားခဲ့ရာ ခရီးသည်နှစ်ဦး သေဆုံးခဲ့ခြင်းဖြစ်ပြီး အမြောက်အမြား ဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်သည်။ တိုက်မိမှုဖြစ်ပွားခဲ့သည့် ခရီးသည်တင်ရထားတွင် ခရီးသည် ၁၃၉ ဦးနှင့် ဝန်ထမ်းရှစ်ဦးတို့ လိုက်ပါလာခဲ့ကြောင်း သိရသည်။




အဆိုပါ ရထားတိုက်မိကြောင့် သေဆုံးသွားသူနှစ်ဦးမှာ အမျိုးသား ရထားပို့ဆောင်ရေးကုမ္ပဏီမှ ဝန်ထမ်းများဖြစ်ပြီး ဒဏ်ရာရရှိခဲ့သူ ၁၁၆ ဦးကို နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ဒဏ်ရာရရှိသူများ အနက် အချို့မှာ ဒဏ်ရာပြင်းထန်ကြောင်း သိရသည်။

ရထားနှစ်စင်းသည် ခေါင်းချင်းဆိုင် တိုက်မိခဲ့ခြင်းဖြစ်ကြောင်း၊ ရထားတိုက်မိမှုကြောင့် ရထားတွဲများမှာ တွဲချော်မှု ဖြစ်ပွားခဲ့ပြီး လောင်စာဆီဂါလန် ၅၀၀ ခန့် ယိုစိမ့်မှုဖြစ်ပွားခဲ့ကြောင်း အမေရိကန်နိုင်ငံ သတင်းမီဒီယာများက ဖော်ပြခဲ့သည်။

**ဆင်ဟွာ**

# ယီမင်အစ္စလာမ္မစ်ပါတီက နိုဘယ်ဆုရှင် တာဝါကိုလ် ကာမန်ကို အဖွဲ့ဝင်အဖြစ်မှ ရပ်ဆိုင်း

**ဒူဘိုင်း ဖေဖော်ဝါရီ ၅**

ယီမင်နိုင်ငံသား နိုဘယ်ဆုရှင် တာဝါကိုလ် ကာမန်ကို သမ္မတ အဗ္ဗဒူရာဘူလ် မန်ဆောဟာဒီနှင့် မဟာမိတ်ပြုထားသည့် အစ္စလာမ္မစ်ပါတီအဖွဲ့ဝင်အဖြစ်မှ ရပ်နားလိုက်ကြောင်း သိရသည်။ ယီမင်ပြည်တွင်းစစ်အတွင်း၌ သမ္မတအား ကျောထောက်နောက်ခံပေးထားသည့် ဆော်ဒီဦးဆောင်သော မဟာမိတ်အဖွဲ့က နေရာဝင်ယူသည်ဟု စွပ်စွဲခဲ့ပြီးနောက်တွင် ၎င်းအား အဖွဲ့မှထုတ်ပယ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ကာမန်သည် အာဏာရှင်သမ္မတဟောင်း အလီအဗ္ဗဒူလာကို နှင်ထုတ်ခဲ့သည့် အာရပ်နွေဦးတော်လှန်ရေးတွင် ၎င်း၏ ဆောင်ရွက်ခဲ့မှုအတွက် ၂၀၁၁ ခုနှစ် ငြိမ်းချမ်းရေးနိုဘယ်ဆုကို ရရှိခဲ့သည်။ မကြာသေးမီကပင် ကာမန်သည် ဆော်ဒီအာရေဗျနှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့ကိုလည်း တောင်ပိုင်းရှိ ခွဲထွက်ရေးအုပ်စုများကို ကူညီထောက်ပံ့ပေးခြင်းအားဖြင့် ယီမင်ကို ပြိုကွဲအောင်လုပ်ဆောင်သည့် စစ်ဆင်ရေးတစ်ခုကို ကူညီအားပေးနေခြင်းဖြစ်ကြောင်း စွပ်စွဲကာ အများပြည်သူ၏ ဝေဖန်မှုများကို ပေါ်ပေါက်လာစေခဲ့သည်။

အစောပိုင်းက တွစ်တာပေါ်တွင် ရေးသားခဲ့သည့် မက်ဆေ့ချ်တစ်ခုတွင် ကာမန်က ဆော်ဒီအာရေဗျနှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့သည် အလွန်အကျည်းတန်သည့် သိမ်းပိုက်နေရာယူမှုတစ်ခုကို လုပ်ဆောင်ရန်နှင့် ယီမင်၌ လွှမ်းမိုးမှုရယူရန်အတွက် ဆာနားရှိ ဟူသီစစ်သွေးကြွအုပ်စုများကို အခွင့်ကောင်းယူနေခြင်းဖြစ်ကြောင်း ရေးသားခဲ့သည်။

**ရိုက်တာ**

# ပြီးခဲ့သည့် ခုနှစ်နာရီအတွင်း ဆီးရီးယား၌ အပစ်အခတ်ရပ်စဲရေးကို ချိုးဖောက်မှု ခုနစ်ကြိမ်ရှိခဲ့ကြောင်း ရုရှားဖော်ပြ

**မော်စကို ဖေဖော်ဝါရီ ၅**

ပြီးခဲ့သည့် ခုနစ်နာရီအတွင်း ဆီးရီးယားရှိ ပြည်နယ်သုံးခုတို့တွင် အပစ်အခတ်ရပ်စဲရေးချိုးဖောက်မှု ခုနစ်ခုကို စာရင်းသွင်းမှတ်သားခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက တနင်္ဂနွေနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ယင်းချိုးဖောက်မှုများမှာ အလက်ပိုပြည်နယ်တွင် သုံးခု၊ လက်တီကာတွင် သုံးခုနှင့် ဟွမ်စ်တွင် တစ်ခုရှိခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက နေ့စဉ်အစီရင်ခံတမ်းထုတ်ပြန်မှုတွင် ဖော်ပြခဲ့သည်။ တူရကီနိုင်ငံကလည်း တစ်ချိန်တည်းမှာပင် အီဒလစ်ပြည်နယ်၌ အပစ်အခတ်ရပ်စဲရေးချိုးဖောက်မှု တစ်ခုနှင့် ဒမတ်စကက်တွင် လေးခု မှတ်တမ်းတင်ခဲ့ကြောင်း စာရင်းအထောက်အထားများဖြင့် ဖော်ပြခဲ့သည်။

ရုရှားနှင့် တူရကီ နှစ်နိုင်ငံလုံးတို့သည် ပြီးခဲ့သည့် ၂၀၁၆ ဒီဇင်ဘာ ၃၀ ရက်တွင် စတင်သက်ရောက်ခဲ့သည့် ဆီးရီးယားတစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးတွင် ကြားဝင်အာမခံပေးထားသူများဖြစ်ကြသည်။ ပြန်လည်ရင်ကြားစေ့ရေးအတွက် သဘောတူစာချုပ်ပေါ်တွင် လက်မှတ်ရေးထိုးခဲ့သည့် စစ်ပြေငြိမ်းမှုအရေအတွက် စုစုပေါင်းမှာ ၂၃၇၂ ခုဖြစ်ကြောင်း အစီရင်ခံတမ်းတွင် ဖြည့်စွက်ဖော်ပြထားသည်။

စစ်မက်လျှော့ချရေးဇုန်အတွင်း၌ အခြေအနေများမှာ တည်ငြိမ်နေသည်ဟု အကဲဖြတ်ရမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။ ဆီးရီးယားပဋိပက္ခ၏ နိုင်ငံရေးဆိုင်ရာ ပြန်လည်အခြေချမှုအတွက် အက်စတာနာငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ကြားဝင်စေ့စပ်ညှိနှိုင်းသူများအဖြစ် ဆောင်ရွက်ခဲ့ကြသည့် ရုရှား၊ အီရန်နှင့် တူရကီတို့သည် ၂၀၁၇ ခုနှစ်တွင် ဆီးရီးယား၌ စစ်မက်လျှော့ချရေးဇုန်လေးခု ထူထောင်ရန် သဘောတူညီခဲ့ကြသည်။

**ဆင်ဟွာ**



**နိုင်ငံတကာ သတင်းတိုထွာ**

## သမ္မတပူတင်ကို ထောက်ခံသူများ ချီတက်စုဝေးမှုကြီး ပြုလုပ်

**မော်စကို ဖေဖော်ဝါရီ ၅**

ရုရှားသမ္မတဗလာဒီမာပူတင်ကိုထောက်ခံသူများသည် လာမည့်လတွင်ကျင်းပမည့် သမ္မတရွေးကောက်ပွဲ၌ သမ္မတပူတင် ပြန်လည် အရွေးချယ်ခံရရေး ခိုင်မာသေချာစေရန် အကူအညီပေးဝန်းရံသည့် ကြိုးပမ်းမှုအနေဖြင့် အကြီးအကျယ်ဆန္ဒထုတ်ဖော်မှု ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

လူထုစုဝေးချီတက်မှုသည် စနေနေ့တွင် မော်စကို၊ ရီကာတာရင်ဘတ်၊ ဗလာဒီဗော့စတော့ အရှေ့ဘက်စွန်းနှင့် ရုရှားနိုင်ငံအနှံ့အပြားတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပူတင်ကို ထောက်ခံသည့် အုပ်စုတစ်ခုက ထိုသို့ချီတက်စုဝေးမှုကြီးဆင်နွှဲရန်တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အာဏာရပါတီကို ထောက်ခံသူများအပါအဝင် လူခြောက်သောင်းကျော်တို့သည် မော်စကိုမြို့လယ်ကောင်ရှိ Red Square ရင်ပြင်တွင် ပြုလုပ်သည့်ချီတက်စုဝေးမှုအတွင်း ပါဝင်ခဲ့ကြသည်။ ၎င်းတို့သည် ဆီးရီးယား၌ စစ်ရေးအရဆောင်ရွက်လုပ်ရှားခဲ့မှုကဲ့သို့သော သမ္မတ ပူတင်၏ မူဝါဒများကို ထောက်ခံကြောင်း ထုတ်ဖော်ကြွေးကြော်ခဲ့ကြကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

## ကုလသမဂ္ဂကအရေးယူပိတ်ဆို့မှုများ ပြုလုပ်ထားသော်လည်း မြောက်ကိုရီးယားဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၂၀၀ ရရှိ

**ပြုံယမ်း ဖေဖော်ဝါရီ ၅**

ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူပိတ်ဆို့မှုများ ပြုလုပ်ခဲ့သော်လည်း မြောက်ကိုရီးယားသည် ပြီးခဲ့သည့်နှစ်က လူသုံးကုန်ပစ္စည်းတင်ပို့မှုများမှ အမေရိကန်ဒေါ်လာသန်း ၂၀၀ နီးပါး ဝင်ငွေရရှိခဲ့ကြောင်း ကုလသမဂ္ဂအဖွဲ့မှ ကျွမ်းကျင်သူများက ပြောကြားခဲ့ကြောင်း သိရသည်။

လုံခြုံရေးကောင်စီသည် ပြီးခဲ့သည့် ဩဂုတ်လတွင် မြောက်ကိုရီးယားနိုင်ငံမှ ကျောက်မီးသွေးများတင်ပို့မှုကို ပိတ်ဆို့ခဲ့သည်။ သို့သော် ကုလသမဂ္ဂပိတ်ဆို့မှုများကော်မတီသို့ တင်သွင်းခဲ့သည့် အစီရင်ခံစာတစ်စောင်အရ မြောက်ကိုရီးယားသည် တရုတ်၊ ရုရှား၊ မလေးရှားနှင့် ဗီယက်နမ်နိုင်ငံများသို့ ကျောက်မီးသွေးတင်ပို့မှုအပြင် အခြားသော ကုန်စည်များကို သင်္ဘောဖြင့်တင်ပို့မှုများမှ ဝင်ငွေ ၁၉၆ သန်းထက်မနည်း ရရှိခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားသည် ကုန်စည်တင်ပို့မှု ပြုလုပ်ရာတွင် တစ်ဆင့်ခံနိုင်ငံများမှတစ်ဆင့် ကုန်စည်ကူးပြောင်းသယ်ယူပို့ဆောင်မှု ပြုလုပ်ခဲ့ပြီး စာရွက်စာတမ်းများ လိမ်လည်ပြုလုပ်ခဲ့ကြောင်း အချို့သတင်းရင်းမြစ်များက ဖော်ပြခဲ့သည်။

ပြီးခဲ့သည့် ဇန်နဝါရီ ၂၀ရက်က ဒိုမီနီကန်အလံပါရှိသည့် သင်္ဘောတစ်စင်းမှ သန့်စင်ပြီးရေနံထုတ်ကုန်ပစ္စည်းများကို မြောက်ကိုရီးယားတွင် မှတ်ပုံတင်ထားသည့် ရေယာဉ်တစ်စင်းပေါ်သို့ လျှို့ဝှက်ရွှေ့ပြောင်းသယ်ဆောင်ခဲ့မှု ပြုလုပ်ခဲ့သည်ဟုလည်း အစီရင်ခံစာတွင် ထောက်ပြထားသည်။ **အင်န်အိတ်ချ်ကေ**

# စာတတ်သူနည်းပေမယ့် စာပေလုပ်ငန်းမှာ ဖွံ့ဖြိုးလာတဲ့နိုင်ငံ

ချူးစန္ဒီမွေး



**စာတတ်မြောက်မှုနှုန်းနိမ့်ကျ**

အာဖဂန်နစ္စတန်နိုင်ငံဟာ သီးနှံတွေစိုက်ပျိုးလို့ရတဲ့ နိုင်ငံဖြစ်ပေမယ့် အီရန်တို့ ပါကစ္စတန်တို့ကပဲ မှာယူတင်သွင်းနေရပါတယ်။ နိုင်ငံခြားက အထောက်အပံ့တွေကြောင့် လစာတော့ကောင်းပါရဲ့ တာလီဘန်တွေနဲ့ တိုက်ပွဲတွေ ဆက်တိုက်ဆိုသလို ဖြစ်နေတာကြောင့် တိုင်းပြည်အတွင်းက ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေ အားလုံးလည်း ပျက်စီးသွားခဲ့ရပါတယ်။ ဒီတော့ အရာအားလုံးကို ပြည်ပကနေပဲတင်သွင်းနေရပြီး ပြည်ပကနေ မတင်သွင်းရတာဆိုလို့ ဘိန်းတစ်ခုသာရှိပါတော့တယ်။ ဒီလိုမျိုး အဘက်ဘက်က နိမ့်ကျနေပေမယ့် ထူးဆန်းတာ တစ်ခုလည်း ရှိပါတယ်။ အဲဒါကတော့ စာအုပ်လုပ်ငန်းမှာ အောင်မြင်တာပါပဲ။ ကမ္ဘာပေါ်မှာရှိတဲ့ စာအုပ်ထုတ်ဝေတဲ့ လုပ်ငန်းရှင်တွေဟာ လွန်ခဲ့တဲ့ သုံးနှစ်အတွင်းမှာ ဆက်လက်ရပ်တည်ဖို့ ရုန်းကန်နေခဲ့ရပေမယ့် အာဖဂန်နစ္စတန်မှာတော့ စာအုပ်လုပ်ငန်းဟာ အရှိန်မပျက်ပါဘူး။ အမှန်ဆိုရင် အာဖဂန်နစ္စတန်နိုင်ငံမှာ စာတတ်မြောက်မှုနှုန်းဟာ နိမ့်ကျပါတယ်။ အရွယ်ရောက်ပြီးသားလူငါးယောက်မှာ နှစ်ယောက်သာ စာဖတ်တတ်ပါတယ်။ စာဖတ်တတ်တဲ့ သူတွေဟာ ပုံမှန်အရှိန်မပျက်စာဖတ်ကြလို့သာ အာဖဂန်က စာအုပ်လုပ်ငန်း လုပ်ကိုင်သူတွေ အခြေအနေမပျက်တာပါ။

**လက်တွေ့အခက်အခဲတွေကို မေ့ထားနိုင်**

နေ့စဉ်တိုက်ပွဲတွေ၊ အဓိကရုဏ်းတွေနဲ့ ပဋိပက္ခတွေကြားထဲမှာရှင်သန်နေရတဲ့လူတွေအဖို့ တခြားဘာမှ မက်မောစရာဆိုတာ မရှိပါဘူး။ သူတို့အတွက်ကတော့ စာအုပ်ကသာလျှင် အားဆေးသဖွယ် ဖြစ်နေပါတယ်။ ဒီလိုစစ်ပွဲတွေ အစဉ်မပျက်ဖြစ်နေတဲ့ နိုင်ငံမျိုးမှာ စာအုပ်ဖတ်ခြင်းကသာ နေ့စဉ်ရုန်းကန်နေရတဲ့ ဘဝကိုခေတ္တရပ်တန့်ထားလိုက်နိုင်ပြီး စာဖတ်မှုမှာအာရုံစိုက်လိုက်ခြင်းဖြင့် လက်တွေ့အခက်အခဲတွေကို ခေတ္တခဏတော့ မေ့ ထားလိုက်နိုင်တယ်လို့ အွန်လိုင်းစာကြည့်တိုက် ထောင်ထားပြီး အာဖဂန်မှာ စာဖတ်ရှုသူများအသင်းထောင်ထားတဲ့ Jamshid Hashimi က ပြောပါတယ်။ စာဖတ်မှုဟာ ဘယ်နေရာမဆို စွမ်းအားကြီးမားပါတယ်။ ဒါပေမယ့် အာဖဂန်နစ္စတန်လို နိုင်ငံမျိုးမှာတော့ စာဖတ်မှုဟာ တစ်ခုတည်းသော စိတ်ဓာတ်ခွန်အားပေးစွမ်းနိုင်တဲ့အရာ ဖြစ်လာပါတော့တယ်။ ဒါကြောင့် စာအုပ်ထုတ်ဝေသူတွေဟာစာအုပ်လုပ်ငန်းမှာ အရင်းအနှီးစိုက်ထုတ်လာကြတာ အံ့အားသင့်စရာတော့ မဟုတ်ပါဘူး။

**နိုင်ငံခြားအထောက်အပံ့မပါတဲ့ လုပ်ငန်း**

ဒီလုပ်ငန်းဟာ နိုင်ငံခြားအထောက်အပံ့မပါဘဲ ရပ်တည်နိုင်တဲ့ တစ်ခုတည်းသော လုပ်ငန်းလည်း ဖြစ်လာခဲ့တယ်။ ထုတ်ဝေသူတွေဟာ စာအုပ်အသစ်တွေ ထုတ်ဝေဖို့ စိုင်းပြင်းနေကြတယ်။ လူငယ်စာဖတ်ပရိသတ်ကလည်း စာအုပ်အသစ်တွေဖတ်ချင်ကြတယ်။ စာရေးသူတွေကလည်း ထုတ်ဝေသူတွေကို ရှာနေကြတယ်။ သူ့ဟာနဲ့သူတော့ အံဝင်ခွင်ကျပါပဲ။ ဘယ်နိုင်ငံခြား အထောက်အပံ့မှရယူဖို့ မလိုပါဘူးလို့ ကဘူးလ်မှာ စာအုပ်ဆိုင်တွေအများကြီးဖွင့်ထားတဲ့ မစ္စတာနာဆရီကပြောပါတယ်။ ကဘူးလ်မြို့ဆိုတာ အာဖဂန်နစ္စတန်ရဲ့ မြို့တော်ဖြစ်ပြီး လူဦးရေဟာ လျင်လျင်မြန်မြန်နဲ့ပဲ တိုးတက်နေပါတယ်။ အခုဆိုရင် လူဦးရေငါးသန်းကျော်ရှိနေပါ ပြီ။ ကဘူးလ်မြို့မှာ စာအုပ်ထုတ်ဝေသူ လုပ်ငန်းရှင်ပေါင်း ၂၂ ဦးရှိပြီး သူတို့ထဲက အများစုမှာ ကိုယ်ပိုင်သတင်းထောက် တွေရှိပါတယ်။

**လွယ်လွယ်ကူကူနဲ့ ဝယ်ယူလို့ရလာ**

လွန်ခဲ့တဲ့နှစ်တွေ အတွင်းကတော့ ထုတ်ဝေသူ အများစုဟာ စာအုပ်ဖြန့်ချိရေးအတွက် ဖြန့်ဝေရေးဌာနတွေ တည်ဆောက်ခဲ့ပါတယ်။ ကဘူးလ်မြို့တစ်မြို့တည်းမှာပဲ မှတ်ပုံတင်ထားတဲ့စာအုပ်ဆိုင် ပေါင်း ၆၀ ခန့်ရှိတယ်လို့ အာဖဂန်အစိုးရဆီက သိရပါတယ်။ အာဖဂန်မှာစာအုပ်လုပ်ငန်းတွေဖွံ့ဖြိုးလာတာ အမြဲတမ်းတော့ မဟုတ်ပါဘူး။ တာလီဘန်တွေအုပ်စိုးစဉ် ၁၉၉၆ ခုနှစ်ကနေ ၂၀၀၁ ခုနှစ် အတွင်းမှာတော့ စာအုပ်ထုတ်ဝေသူဆိုလို့ နှစ်ဦးသာ ရှိပါတယ်။ တစ်ခုကတော့ နိုင်ငံပိုင်ထုတ်ဝေရေးလုပ်ငန်းဖြစ်ပြီး တစ်ခုကတော့ ပုဂ္ဂလိကကုမ္ပဏီ တစ်ခုဖြစ်တယ်။ အာဖဂန်မှာ အမေရိကန်ဦးဆောင်တဲ့ မဟာမိတ်တွေဝင်ရောက်လာတဲ့အခါမှာတော့ ပါကစ္စတန်ကနေ ဝင်ရောက်လာတဲ့ ဈေးပေါတဲ့ စာအုပ်တွေဟာ ကဘူလ်းဈေးထဲမှာ ဟင်းရွက်ကန်စွန်းရွက်လိုပဲ လွယ်လွယ်ကူကူနဲ့ ဝယ်ယူလို့ရလာခဲ့တယ်။

**ပညာရေးစနစ်ကို ပြန်လည်တည်ဆောက်**

တာလီဘန်တွေကို ဖြုတ်ချပြီးတဲ့နောက်ပိုင်း အာဖဂန်အစိုးရအသစ်ဟာ ပညာရေးစနစ်ကို ပြန်လည်တည်ဆောက်ဖို့ရာ လုပ်ငန်းစဉ်တွေ အများကြီးနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ နှစ်ပေါင်းများစွာဖြစ်ပွားခဲ့တဲ့ ပြည်တွင်းစစ်ကြောင့် လည်းကောင်း၊ တာလီဘန်တို့အုပ်ချုပ်သွားစဉ်ကာလကလည်းကောင်း ကျောင်းတွေကို ပိတ်ပစ်ခဲ့ပြီး နိုင်ငံခြားဘာသာသင်ကြားရေးစာအုပ်တွေကို ဖျက်ဆီးပစ်ခြင်း၊ နိုင်ငံခြားဘာသာစကားသင်ကြားခြင်းတို့ကို ပိတ်ပင်ခဲ့တဲ့အတွက် ပညာရေးစနစ်ဟာ ပိုမိုဆိုးရွားလာခဲ့ပါတယ်။ ကျောင်းသုံးစာအုပ်တွေ ဖျက်ဆီးခံရတဲ့အတွက် သန်းနဲ့ချီပြီး ပြန်လည်ရိုက်နှိပ်ခဲ့ရတယ်။ အစပိုင်းမှာတော့ ပါကစ္စတန်မှာ ရိုက်နှိပ်ခဲ့ရပါတယ်။ နောက်ပိုင်းမှာတော့ အာဖဂန်လုပ်ငန်းရှင်တွေဆီမှာ အလုပ်အပ်နိုင်ခဲ့တယ်။ ဒီလိုနဲ့ပဲ အာဖဂန်မှာပုံနှိပ်လုပ်ငန်းဟာ တစ်ရှိန်ထိုး တိုးတက်လာတယ်။ ဒါပေမယ့် ကျောင်းသုံးစာအုပ်ရိုက်နှိပ်တဲ့ ကာလဟာလည်း ခဏလေးပါပဲ။ ကျောင်းသုံးစာအုပ်တွေ ရိုက်နှိပ်ချိန်ပြီးသွားတဲ့ ကာလမှာတော့ ပုံနှိပ်ကုမ္ပဏီတွေနဲ့အခြားသော ထုတ်ဝေသူတွေဟာ အနောက်တိုင်းစာအုပ်တွေကို အာဖဂန်နိုင်ငံအတွင်း အဓိကလူသုံးများတဲ့ ဘာသာစကားနှစ်ခုသို့ ဘာသာပြန်ဆိုခဲ့ပြီးပုံနှိပ်ထုတ်ဝေတာတွေ ပြုလုပ်ခဲ့ကြပါတယ်။

ကမ္ဘာကြီးပေါ်မှာ ဖြစ်ပျက်နေတာတွေနဲ့ အာဖဂန်နစ္စတန်နိုင်ငံအကြောင်း လူတွေ ဘယ်လိုထင်ကြသလဲဆိုတာ ပိုမိုပြီး သိလိုလာကြတယ်။ လူတွေဟာ နှစ်ပေါင်းများစွာ စာမဖတ်ဘဲနေခဲ့ရတော့ အခု စာဖတ်ခွင့်ပြန်ရလာတဲ့ အခါမှာ စာဖတ်နှုန်းဟာ တစ်ရှိန်ထိုးမြင့်တက်လာတာပါပဲ။ Aazem ကုမ္ပဏီဟာလည်း လျင်လျင်မြန်မြန်ပဲ ပုံနှိပ်ပေးတယ်။ ဒါပေမယ့်လည်း အင်္ဂလိပ်ဘာသာကနေ အာဖဂန်ကိုပြန်ဆိုတဲ့ အခါမှာတော့ အရည်အချင်းပြည့်ဝတဲ့ ဘာသာပြန်သူတွေ လုံလုံလောက်လောက်မရှိတဲ့ အခါမှာတော့ နှောင့်နှေးမှုတွေဖြစ်လာရပါတယ်။ Aazem ကုမ္ပဏီရဲ့ ၂၀၁၈ ခုနှစ်အတွင်း သတ်မှတ်ထားတာကတော့ တစ်နေ့အတွင်းမှာ စာအုပ်သုံးမျိုးပုံနှိပ်နိုင်ဖို့ပါပဲ။ တစ်နှစ်အတွင်းမှာတော့စာအုပ်ပေါင်း ၁၁၀၀ကိုပုံနှိပ်မယ်လို့ ရည်မှန်းထားပါတယ်။ ဒါကတော့ နည်းတဲ့ပမာဏ မဟုတ်ပါဘူး။

**မူရင်းထုတ်ဝေသူတွေနစ်နာရ**

အာဖဂန်နစ္စတန်ဟာ အင်တာနက်ဆက်သွယ်မှု လိုင်းကောင်းကောင်းရတဲ့ နိုင်ငံတော့ မဟုတ်ပါဘူး။ အိမ်တိုင်းအိမ်တိုင်းမှာလည်း ကွန်ပျူတာမရှိပါဘူး။ ဒါပေမယ့် လူငယ်တွေကတော့ သူတို့ရဲ့ကိုယ်ပိုင်ဖုန်းတွေမှာ ဖေ့စ်ဘုတ်အကောင့်ကိုယ်စီတော့ ရှိကြပါတယ်။ စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွေ အားကောင်းလာပေမယ့် ထုတ်ဝေသူတွေမှာလည်း စိုးရိမ်စိတ်ရှိကြပါတယ်။ အဲဒါကတော့သူတို့ရဲ့မူပိုင်ခွင့်ကိုချိုးဖောက်မှာပါပဲ။ နာမည်ကြီးစာအုပ်တွေကို ထုတ်ဝေသူက ၁၀၀၀ ထုတ်ဝေမယ်ဆိုရင် အဲဒီစာအုပ်ကို တခြားသူတွေက ခိုးယူပြီး အုပ်ရေ ၄၀၀၀ ခန့်ပုံနှိပ်ပြီး ဈေးချိုချိုနဲ့ရောင်းချကြတယ်။ အဲဒီအတွက် မူရင်းထုတ်ဝေသူဟာ နစ်နာရပါတယ်။ ဒီကိစ္စကိုတားမြစ်ဖို့ အစိုးရအနေနဲ့ တစ်ခုခုလုပ်ပေးဖို့ လိုအပ်တယ်လို့လည်း ထုတ်ဝေသူတစ်ဦးက ပြောပါတယ်။

**မူပိုင်ခွင့်ဥပဒေလိုအပ်လာ**

နိုင်ငံမှာ နှစ်ပေါင်းများစွာ လျစ်လျူရှုထားတဲ့ မူပိုင်ခွင့်ဥပဒေကို အသက်သွင်းဖို့လိုလာပြီပဲဖြစ်တယ်။ အာဖဂန်မှာ မူပိုင်ခွင့် ဥပဒေဆိုတာရှိပေမယ့် လူတော်တော်များများက ဒါကို နားမလည်ကြပါဘူး။ Aazem ကုမ္ပဏီအပါအဝင် ထုတ်ဝေသူ အများအပြားကတော့ အစိုးရကို ဆန္ဒပြနေပါတယ်။ မူပိုင်ခွင့်ကို ချိုးဖောက်ပြီးခိုးကူးပုံနှိပ်သူတွေကို အရေးယူဖို့ မပြင်သရွေ့သူတို့လည်းလုပ်ငန်းတွေကို ရပ်နားထားမယ်လို့ ဆိုပါတယ်။ အစိုးရဘက်ကဘယ်လိုမျိုး အရေးယူဆောင်ရွက်မှုတွေ ပြုလုပ်မယ်ဆိုတာတော့ မသိရသေးပေမယ့် ထုတ်ဝေသူတွေကတော့ သူတို့ဘက်က ရပ်တည်ပေးမယ့် ဥပဒေကို ဆက်လက်မျှော်လင့်ဆဲပါပဲ။

အာဖဂန်လိုတိုက်ပွဲတွေဆက်တိုက်ဆိုသလို ဖြစ်ပွားနေတဲ့ နေရာမျိုးမှာ လူငယ်တွေအနေနဲ့ စိတ်ထွက်ပေါက်အနေနဲ့ စာဖတ်ကြတာဟာ ကောင်းမွန်တဲ့ လက္ခဏာတစ်ခုပါ။ ဘိန်းစိုက်ပျိုးမှုတွေ အများအပြားရှိပြီး ပညာရေးစနစ်ကို ပြန်လည်တည်ဆောက်နေရတဲ့ နိုင်ငံမှာ စာအုပ်စာပေလုပ်ငန်းတွေ ထွန်းကားလာတာဟာဆိုရင် ဝမ်းသာစရာပါပဲ။ ဒါကြောင့် တိုက်ပွဲတွေအစား ငြိမ်းချမ်းခြင်းကို သယ်ဆောင်ပေးနိုင်တဲ့ စာဖတ်ခြင်းကိုအားပေးဖို့ရာ ပုံနှိပ်လုပ်ငန်းတွေ၊ စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွေ ဆက်လက်အရှိန်ကောင်းနေဖို့ လိုအပ်ပါတယ်။ ဒါကြောင့် အစိုးရအနေနဲ့ ထုတ်ဝေသူတွေနဲ့ ပုံနှိပ်သမားတွေ မနစ်နာရအောင် ဥပဒေတည့်တည့်မတ်မတ် ပြင်ဆင်ပေးရင် ပိုမိုအဆင်ပြေလာမှာပါ။ ။

**ကိုးကား-နယူးယောက်တိုင်းမ်**

> “အမှန်ဆိုရင် အာဖဂန်နစ္စတန်နိုင်ငံမှာ စာတက်မြောက်မှုနှုန်းဟာ နိမ့်ကျပါတယ်၊ အရွယ်ရောက်ပြီးသားလူငါးယောက်မှာ နှစ်ယောက်သာ စာဖတ်တတ်ပါတယ်၊ စာဖတ်တတ်တဲ့သူတွေဟာပုံမှန်အရှိန်မပျက်စာဖတ်ကြလို့သာ အာဖဂန်ကစာအုပ်လုပ်ငန်းလုပ်ကိုင်သူတွေ အခြေအနေမပျက်တာပါ”

# ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအထောက်အကူပြု ရူပဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာခင်ခင်ဝင်း၊ ပါမောက္ခ၊ ဌာနမှူး ၊ ရူပဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

၂၀၁၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ရူပဗေဒဘာသာရပ်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများကို ရူပဗေဒဘာသာရပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများကို ဆွေးနွေးပို့ချမှာ ဖြစ်ပါတယ်။

ပထမဦးဆုံး ရူပဗေဒဘာသာရပ် မေးခွန်းပုံစံကို ရှင်းလင်းပြောပြမှာ ဖြစ်ပါတယ်။ ၂၀၁၈ခုနှစ် ရူပဗေဒဘာသာရပ် မေးခွန်းပုံစံသည် ၂၀၁၇ ခုနှစ် မေးခွန်းပုံစံအတိုင်းဖြစ်ပါတယ်။

**ရူပဗေဒဘာသာရပ် မေးခွန်းပုံစံမှာ-**

SECTION (A) နဲ့ SECTION (B) အပိုင်း နှစ်ခုပါရှိပါတယ်။

SECTION (A)အပိုင်းက ၄ မှတ်တန်မေးခွန်း ၉ ပုဒ်ရှိပြီး အားလုံးဖြေဆိုရမှာ ဖြစ်ပါတယ်။ မေးခွန်းနံပါတ်(၉)ကတော့ “(OR)” နဲ့ ခံပြီး ၂ ပုဒ် မေးထားတဲ့အတွက် နှစ်သက်ရာ ၁ ပုဒ်ကိုပဲ ရွေးချယ်ဖြေဆိုရပါမယ်။

SECTION (B) မှာတော့ နံပါတ် ၁၀ ကနေပြီး နံပါတ် ၁၅ ထိ မေးခွန်း ၆ ပုဒ် မေးထားပါတယ်။ နှစ်သက်ရာ ၄ ပုဒ်ကို ရွေးချယ်ဖြေဆိုရမှာ ဖြစ်ပါတယ်။ မေးခွန်း ၁ ပုဒ်ကို ၁၆ မှတ်ပေးပါတယ်။ မေးခွန်းတိုင်းမှာ (a) နဲ့ (b) နှစ်ပိုင်းခွဲပြီး မေးထားပါတယ်။

မေးခွန်းနံပါတ် ၁၅ မှာလည်း “(OR)”နဲ့ ခံပြီး ၂ ပုဒ်မေးထားတဲ့အတွက် နှစ်သက်ရာ ၁ ပုဒ်ကိုပဲ ရွေးချယ်ဖြေဆိုရပါမယ်။

**ရူပဗေဒဘာသာရပ် ပြဋ္ဌာန်းစာအုပ်မှာ-**

သင်ခန်းစာအခန်း ၁ မှ အခန်း ၁၃ အထိရှိပါသည်။

အပိုင်းအားဖြင့်ပြောရမယ်ဆိုရင်- Mechanics, Heat, Waves and Sound, Optics, Electricity and Magnetism, Modern Physics ဆိုပြီး အပိုင်း ၆ ပိုင်း ခွဲခြားထားပြီး အပိုင်းအလိုက် အားလုံးအချိုးညီမျှတစွာ ပါဝင်အောင် အခန်းတိုင်းကသင်ခန်းစာများပေါ်မှာ အခြေခံပြီး မေးခွန်းများကို မေးထားခြင်းဖြစ်ပါတယ်။

**ရူပဗေဒဘာသာရပ်မေးခွန်းသဘောကိုကြည့်ရင်-**

ရူပဗေဒဘာသာဟာ အလွတ်ကျက်မှတ်ရုံနဲ့ မရဘဲ သီအိုရီသဘောတရားများကို အခြေခံကျကျ သဘောပေါက်နားလည်မှ မေးခွန်းများကို မှန်ကန်စွာဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် ရူပဗေဒအခြေခံသဘောတရားများကို ကြေကြေညက်ညက်နားလည်ဖို့ အဓိကလိုအပ်ပါတယ်။

Physical quantity တစ်ခုချင်းရဲ့ အခြေခံသဘောတရား၊ ရူပဗေဒနိယာမတွေနဲ့ concept လို့ခေါ်တဲ့ အသိသညာတွေကို အချိတ်အဆက်မိမိနားလည်ထားရင် မေးခွန်းတွေကိုဖြေဆိုရာမှာ အခက်အခဲမရှိ ပြည့်စုံမှန်ကန်စွာ ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

**ရူပဗေဒပြဋ္ဌာန်းစာအုပ်မှာရှိတဲ့ အခြေခံနိယာမတွေမှာ-**

Hooke's Law, Archimedes’ Principle, Pascal’s Law, Stephan– Boltzmann’s Law, Laws of Refraction, Snell’s Law, Coulomb’s Law, Ohm’s Law, Joule’s Law တွေပါဝင်ပါတယ်။

နိယာမတွေနဲ့ပတ်သက်ရင် စာသားနဲ့ရော သင်္ချာညီမျှခြင်းနဲ့ပါ ဖြေဆိုနိုင်ရပါမယ်။ သင်္ချာညီမျှခြင်းနဲ့ ဖော်ပြရင်လည်း ညီမျှခြင်းမှာပါတဲ့ သင်္ကေတတစ်ခုချင်းစီအတွက် ဖွင့်ဆိုချက်များဖော်ပြရပါမယ်။

Law, Definition တွေကိုဖြေတဲ့အခါ တိတိကျကျနဲ့ ပြည့်စုံစွာဖြေမှ အမှတ်ပြည့်ရမှာ ဖြစ်ပါတယ်။ ဆိုလိုတာကတော့ ပြဋ္ဌာန်းစာအုပ် (Text book)ကို ကြေညက်စွာလေ့လာထားရပါမယ်။

**ရူပဗေဒမေးခွန်းတွေမှာ Physical quantities တွေရဲ့ units တွေကို မေးတတ်ပါတယ်။**

Units တွေကိုမေးရင် ဖြေတဲ့အခါ ဥပမာ- What are the units of power in different unit systems? ဆိုတဲ့ မေးခွန်းမှာ ပါဝါရဲ့ယူနစ်တွေကို unit system ၃ မျိုးအတွက် မေးထားတာဖြစ်တဲ့အတွက် system နဲ့ unit တွဲပြီး ဖြေရပါမယ်။ system တစ်ခုချင်းစီအတွက် unitကို သိထားရပါမယ်။ SI system – watt, CGS system –erg per second, FPS system –foot-pound per second လို့ အရှည်ကောက်နဲ့ရေးဖြေရင် ပြည့်စုံပါမယ်။

**ပုစ္ဆာပေးထားချက်တွေမှာ unit systems တွေမတူရင်လည်း တွက်တဲ့အခါမှာ တူအောင်ပြောင်းပေးရပါမယ်-**

ဥပမာ- A 70 kg man is running up the stairs which is 300 cm high in 2 s. How much work is done by the man? ($g=9.8\ ms^{-2}$) ဆိုတဲ့မေးခွန်းမှာ-

SI system နဲ့ CGS system ရောထွေးနေတဲ့အတွက် CGS system ကို SI system ပြောင်းပေးရပါမယ်။

h = 300 cm = 300 $10^{-2}$ m = 3m,

W (work done) = mgh

W = 70 × 9.8 × 3 = 2058 J

**ပုစ္ဆာတွေမှ ပေးထားချက်တွေကို ထုတ်ယူတတ်ဖို့လည်း အသိသညာ လိုအပ်ပါတယ်-**

ဥပမာ အလင်းပုစ္ဆာတွေမှာ- A magnifying glass of focal length 6 cm is used to produce an image which is two times the size of an object. How far must the magnifying glass be placed from the object?

မေးခွန်းမှာ magnifying glass လို့တွေ့တာနဲ့ ဆုံတာတိုတဲ့ မှန်ဘီလူးခုံး(convex lens) ဖြစ်ပြီး ဝတ္ထု(object) သည် ဆုံတာ(focal length) အတွင်းရှိပြီး ပုံရိပ်(image)ဟာ ပုံရိပ်ယောင်(virtual)၊ နဂိုအရွယ်ထက်ကြီးတယ်၊ အတည့်ပေါ်တယ်ဆိုတာ ကြိုပြီးသိသင့်ပါတယ်။

ဒါ့ကြောင့် f = +6 cm , m = +2 (Since m has a plus sign the image is erect.)

magnification: $m = -\frac{v}{u}$

$$2 = -\frac{v}{u}$$

$$v = -2u$$

$$\frac{1}{u} + \frac{1}{v} = \frac{1}{f}$$

$$\frac{1}{u} + \frac{1}{-2u} = \frac{1}{+6}$$

$$\therefore u = +3cm$$

The magnifying glass must be placed 3 cm from the object.လို့ အဖြေရမှာဖြစ်ပါတယ်။

**ပုံဆွဲတာတွေနဲ့ပတ်သက်ပြီး ဖြေဆိုတဲ့အခါ-**

ဥပမာအလင်းခန်းမှာ- Draw a ray diagram to show the formation of a virtual image which is smaller than the object formed by a lens. ဆိုတဲ့မေးခွန်းမှာ-

ဝတ္ထုအရွယ်ထက်ငယ်တဲ့ ပုံရိပ်ယောင်(virtual image) ပေါ်စေတဲ့ပုံကို ဆွဲရမှာဖြစ်ပါတယ်။

မှန်ဘီလူးခွက် (concave lens)ကိုသုံးရမှာဖြစ်တယ်။

ဝတ္ထုကို မှန်ဘီလူးခွက်ရှေ့မှာထားရင် ဝတ္ထုအရွယ်ထက်ငယ်တဲ့ ပုံရိပ်ယောင်ဟာ ဝတ္ထုနဲ့တစ်ဖက်တည်း ဆုံချက်(F)နဲ့ မှန်ဘီလူးခွက်ကြားမှာ အတည့်ပေါ်စေတာကို သိသာအောင်ဆွဲပေးရပါမယ်။ F, 2F, P, OO', II' စသည်တို့ကို ထင်ထင်ရှားရှားထည့်ပေးရပါမယ်။

အလင်းတန်းတွေမှာ မြားခေါင်းတွေတပ်ဖို့လည်း မမေ့ပါနဲ့။

ပုံရိပ်စစ်ဆွဲရင် မျဉ်းအပြည့်၊ ပုံရိပ်ယောင်ဆွဲရင် မျဉ်းပြတ်တွေနဲ့ဆွဲဖို့ အလွန်အရေးကြီးပါတယ်။ အောက်ဖော်ပြပါအတိုင်း တိကျရှင်းလင်းစွာ ရေးဆွဲရန်လိုပါတယ်။




**အချို့သော Formula တွေဟာ ဆင်တူယိုးမှားဖြစ်တတ်တဲ့အတွက် ဆိုင်ရာ definition များကို ကွဲပြားစွာနားလည်သိရှိထားရန် လိုအပ်ပါတယ်-**

ဥပမာ Electricity အပိုင်းမှာ Electric Force, Electric Field Intensity, Electric Potential တို့ရဲ့ formula များဟာ

Electric Force ဆိုရင် $F \alpha \frac{Q_1 Q_2}{r^2}$ ဖြစ်လို့ $F = \frac{1}{4\pi\varepsilon_o}\frac{Q_1 Q_2}{r^2}$

Electric Field Intensity ဆိုရင် $E \alpha \frac{Q}{r^2}$ ဖြစ်လို့ $E = \frac{1}{4\pi\varepsilon_o}\frac{Q}{r^2}$

Electric Potential ဆိုရင် $V \alpha \frac{Q}{r}$ ဖြစ်လို့ $V = \frac{1}{4\pi\varepsilon_o}\frac{Q}{r}$

ဖြစ်တယ်ဆိုတာကို သေချာကွဲကွဲပြားပြား မှတ်ထားဖို့လိုပါတယ်။

ဒါ့အပြင် Electric Force နဲ့ Electric Field Intensity က vector quantity ဖြစ်လို့ ပုစ္ဆာတွက်ရင်၊ အဖြေထုတ်ရင် direction ပါရပါမယ်။

Electric Potential (V) ကတော့ scalar ဖြစ်လို့ အဖြေထုတ်ရင် direction မပါဘူး။ ဒါပေမယ့် ပုစ္ဆာတွက်ရင် charge Q တန်ဖိုးတွေမှာ လျှပ်စစ်ဖိုဆိုရင်(+)၊ လျှပ်စစ်မဆိုရင်(-) ထည့်တွက်ရမယ်ဆိုတာကို သတိချပ်ရပါမယ်။

ဥပမာ- Two point charges of + 4.0 x $10^{-8}$ C and -3.0 x $10^{-8}$C are 1 m apart. Find the electric potential at P midway between the two charges.

ပေးချက်အရ- $Q_1=+4.0\times10^{-8}$ C,$Q_2=-3.0\times10^{-8}$ C,

Charge နှစ်ခုကြား အကွာအဝေးက 1m ဖြစ်ပြီး အလယ်အမှတ်(P)အတွက် $r_1 = r_2 = 0.5$ m

အရင်ဆုံး charge တစ်ခုချင်းစီကြောင့်ဖြစ်တဲ့ Electric potential ကိုရှာတဲ့အခါ-

$Q_1$ u Positive charge ဖြစ်တဲ့အတွက် $Q_1$ ကြောင့်ဖြစ်တဲ့ Electric potential $V_1$ က positive potential ဖြစ်ပါမယ်။

$$V_1 = \frac{1}{4\pi\varepsilon_o}\frac{Q_1}{r_1} = 9 \times 10^9 \times \frac{(+4\times10^{-8})}{0.5} = +720V$$

$Q_2$ က Negative charge ဖြစ်တဲ့အတွက် အနုတ်လက္ခဏာထည့်တွက်ရပါမယ်။ Electric potential $V_2$ က negative potential ဖြစ်ပါမယ်။

$$V_2 = \frac{1}{4\pi\varepsilon_o}\frac{Q_2}{r_2} = 9 \times 10^9 \times \frac{(-3\times10^{-8})}{0.5} = -540V$$

အမှတ် Pမှာရှိတဲ့စုစုပေါင်း Electric potential V ကိုရှာရင် $V_1$ နဲ့$V_2$ ကိုရိုးရိုးသင်္ချာနည်းအရ ပေါင်းရပါမယ်။

$V = V_1 + V_2 = 720 + (-540) = + 180$ V ရမှာဖြစ်ပါတယ်။

ရူပဗေဒဘာသာရပ်မှာ Definition ရဲ့ concept တွေကိုသိဖို့လိုပါတယ်။

Capacitance နဲ့ ပတ်သက်ပြီးပြောရရင်- The capacitance of a capacitor ကို define လုပ်တာက The capacitance of capacitor (C) is the ratio of the charge (Q) to the potential difference (V) between two conductors of that capacitor.

သင်္ချာညီမျှခြင်းအရ- $C = \frac{Q}{V}$

**ဒါ့ကြောင့် Capacitor တစ်ခုရဲ့capacitance က-**

Charge of a capacitor (Q)က potential difference (V) နဲ့ တိုက်ရိုက်အချိုးကျတယ်ဆိုတဲ့ concept ကိုသိရမယ်။

Capacitor ရဲ့အရွယ်(size)၊ ပုံသဏ္ဍာန်(shape)နဲ့ conductors (၂)ခုကြားမှာရှိတဲ့ insulator ရဲ့ သဘာဝပေါ်မူတည်ပြီး Capacitor တစ်ခုရဲ့ capacitance က ပြောင်းလဲနိုင်ကြောင်းသိရပါမယ်။

ဒီလို concept တွေကိုသိထားရင် ညဏ်စမ်းမေးခွန်းပုံစံတွေကို အခက်အခဲမရှိ ဖြေဆိုနိုင်မှာဖြစ်ပါတယ်။

Resistance (ခုခံမှု)ကိုလည်း နည်းအမျိုးမျိုးနဲ့ သိထားသင့်ပါတယ်။

အရွယ်အစားနဲ့ပတ်သက်လာရင် $R = \frac{\rho l}{A}$၊

Current, Ohm’s Law နဲ့ပတ်သက်ရင် $R = \frac{V}{I}$ ဆိုတာကိုသိထားရပါမယ်။

Resistance ရဲ့ unit က SI system မှာ $\Omega$ ဖြစ်ပြီး $\Omega = VA^{-1}$ လို့လည်းမြင်ရပါမယ်။

Circuit equation; $I = \frac{E}{R+r}$ မှာလည်း ခုခံမှု(R)ပါဝင်နေတာကို သတိပြုရပါမယ်။

Resistance (R) သည်အပူချိန်နဲ့လိုက်ပြီး ပြောင်းလဲမှုရှိတယ်ဆိုတာကိုလည်း $R_t=R_0(1+\alpha t)$ အရ သိထားရပါမယ်။

ခုခံမှု(R)ရဲ့ ပုံသေနည်းတွေကို ခွဲခြားပြီးသိထားမှ ပုစ္ဆာတွက်ရင် အလွယ်တကူဆက်စပ်တွေးခေါ်နိုင်ပါလိမ့်မယ်။

ဒါ့အပြင် Resistors တွေကို တန်းဆက်နဲ့ ပြိုင်ဆက်တွေဆက်တဲ့အခါမှာ သုံးတဲ့ပုံသေနည်းထုတ်ဖော်ပုံတွေကိုလည်း သိရှိထားရပါလိမ့်မယ်။

Capacitors တွေဆက်တာနဲ့ ပြောင်းပြန်ဆိုတာကိုလည်း သိထားရပါမယ်။ အလွတ်ကျက်တာထက် နှိုင်းယှဉ်ပြီး လေ့လာသင့်ပါတယ်။

**လျှပ်စစ်အခန်းမှာ current နဲ့ voltage တိုင်းတာမှုတွေအတွက် တိုင်းတာတဲ့ ကိရိယာတွေရဲ့ ပတ်လမ်းဆက်သွယ်ပုံ (circuit connection) အသုံးပြုပုံများကိုလေ့လာရာမှာ-**

စာမျက်နှာ ၁၇ သို့

# အလုပ်သမားဦးစီးဌာနနှင့် IOM အဖွဲ့ လုပ်ငန်းရှင်များ ပူးပေါင်း၍ အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ကျင်းပ

**မော်လမြိုင် ဖေဖော်ဝါရီ ၅**

မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက်ရှိ ပြည်နယ်ခန်းမ၌ ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ မွန်ပြည်နယ် အလုပ်သမားဦးစီးဌာနနှင့် IOM အဖွဲ့ လုပ်ငန်းရှင်များ ပူးပေါင်း၍ အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အေးဇံ၊ တရားသူကြီးချုပ် ဦးခင်မောင်ကြီးနှင့် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ၊ အလုပ်အကိုင်အခွင့်အလမ်းကို စိတ်ပါဝင်စားသူများ IOM အဖွဲ့မှ Deputy Program Director Mr.Nicolas Tomecko နှင့် အဖွဲ့ဝင်များ စုစုပေါင်း ၅၀၀ ခန့် တက်ရောက်ကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ Swiss အခြေစိုက် IOM အဖွဲ့မှ program Diector Mr.Nicolas Tomecko တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် "ယခုလို မွန်ပြည်နယ်မှာ ပထမဆုံး အကြိမ်ကျင်းပတဲ့ အလုပ်အကိုင်အခွင့်အလမ်းပြပွဲမှာ အလုပ်ရှာဖွေသူတွေအတွက် တစ်နေရာတည်းမှာ ပြည်တွင်း ပြည်ပ အလုပ်အကိုင်တွေရော၊ မော်လမြိုင်မြို့ပေါ်မှာ ဆုံစည်းတွေ့ရှိရမှာ ဖြစ်ပါတယ်။ အလုပ်ရှင်တွေအနေနဲ့ မိမိတို့လုပ်ငန်းအတွက် ငွေကုန် အချိန်ကုန်သက်သာစွာ အလုပ်သမားရရှိနိုင်မှာဖြစ်လို့ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုတိုးတက် ရရှိလာမှာဖြစ်ပါတယ်"ဟု ပြောသည်။

ထို့နောက် swiss အခြေစိုက် IOM အဖွဲ့ program Director က ကရင်ပြည်နယ်ရှိ ကျေးလက်အခြေပြု သက်မွေးပညာသင်တန်းများကို ၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ဖွင့်လှစ်ပို့ချပေးနေကြောင်း အလုပ်အကိုင်အခွင့်အလမ်းရရှိရန် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောသည်။

ထို့နောက် လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး ခေါင်းစဉ်ဖြင့် ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်၊ စီးပွားရေးပညာရှင် ဒေါက်တာ တင်လတ်၊ ရောဝတီဘဏ် MD ဦးမြင့်ဇော်နှင့် လုပ်ငန်းရှင် Hinter Group ဒါရိုက်တာ မင်းဗညားစန်းတို့က တက်ရောက်လာသော သူများကို ဟောပြောကြကြောင်း သိရသည်။

**တင်ထွဋ် (မော်လမြိုင်)**

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**ကောလင်း ဖေဖော်ဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်က ကောလင်းမြို့နယ် ညောင်ပင်သာကျေးရွာအုပ်စု အင်းတက်ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်အောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းနှင့် ဌာနဆိုင်ရာများ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးသောင်းမြင့်နှင့် ဝန်ထမ်းများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ အချက်အလက်များ ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသို့ စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၁၀၀ ကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# သီပေါပြည်သူ့ဆေးရုံ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**သီပေါ ဖေဖော်ဝါရီ ၅**

(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ပြည်သူ့ဆေးရုံနှင့် ဝန်းအတွင်းအပြင် သန့်ရှင်းရေးလုပ်အားပေးပွဲကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၇ နာရီမှစတင်၍ ခြင်ယင်များ ခိုအောင်းနေသော ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေဝပ်နေသော ချိုင့်ခွက်များ မြေဖို့ခြင်း၊ လူနာဆောင်မှန်တံခါးများ ဖုန်သုတ် တံမြက်စီးလှဲခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းအောင် ပြန်လည်တူးဖော်ခြင်းတို့ကို လုပ်ကွက်များအလိုက် ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အကျဉ်းဦးစီးဌာန၊ မီးသတ်၊ ကြက်ခြေနီ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက် ၁၁ ခုမှ ပြည်သူများ တက်ညီလက်ညီပါဝင်ကာ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ကြသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးနိုင်၊ ဆေးရုံအုပ် ဒေါက်တာနန္ဒဝင်း၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းခွန်ဇော်ဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် သန့်ရှင်းရေးလုပ်ငန်းမှ အမှိုက်များကို မြို့နယ်စည်ပင်သာယာရေးမှ အမှိုက်သိမ်းယာဉ်သုံးစီးဖြင့် မြို့ပြင် အမှိုက်စွန့်ပစ်ဖျက်ဆီးရာသို့ သယ်ဆောင်ပေးခဲ့ကြောင်း သိရသည်။

**စိုင်း (သီပေါ)**

# အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းဆင်း

**တောင်ငူ ဖေဖော်ဝါရီ ၅**

တောင်ငူမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းအမှတ်စဉ် (၁/၂၀၁၈) သင်တန်းဆင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက်က ခရိုင်မီးသတ်ဦးစီးမှူးရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းစိုးက သင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။ ထို့နောက်သင်တန်းထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းတွင် မီးငြိမ်းသတ်ရေး၊ ရှာဖွေရေး၊ ကယ်ဆယ်ရေး၊ ကြိုးချည်နည်းနှင့် ရှေးဦးသူနာပြုစုနည်း စသည့်ဘာသာရပ်များပါဝင်ကာ သင်တန်းသား ၅၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလ ရက်သတ္တ လေးပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းဆင်းပွဲသို့ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

**၀၄၃**

စာမျက်နှာ ၁၆ မှ

Current တိုင်းဖို့ Ammeter ကိုသုံးပြီး Voltage တိုင်းဖို့အတွက် voltmeter ကိုသုံးတယ်ဆိုတာ သိထားရပါမယ်။

Ammeter နဲ့ voltmeter ပတ်လမ်းဆက်သွယ်ပုံများကို နှိုင်းယှဉ်လေ့လာထားရပါမယ်။

Galvanometer ကို အခြေခံပြီး Ammeter နဲ့ Voltmeter ကိုတည်ဆောက်တဲ့အခါ Ammeter မှာ ခုခံမှုတန်ဖိုးငယ်တဲ့ wire(shunt)ကို galvanometer နဲ့ ပြိုင်ဆက် ဆက်သုံးပြီး voltmeter မှာ ခုခံမှုတန်ဖိုးကြီးတဲ့ wire ကို တန်းဆက် ဆက်ပြီးသုံးတယ်ဆိုတာသိထားရပါမယ်။

ပုံသေနည်းတွေက-

**Ammeter** အတွက်ဆိုရင် $r = R_G \frac{i}{(I-i)}$ ဖြစ်ပြီး

**Voltmeter** အတွက်ဆိုရင် $R = \frac{V}{i} - R_G$ ဖြစ်ပါတယ်။

ဥပမာညဏ်စမ်းမေးခွန်း-Why is a compass needle placed near a current-carrying wire deflected?

အဖြေ-There is a magnetic field around every wire carrying an electric current. Therefore, the deflection of the compass needle placed near a current-carrying wire is due to magnetic force acting on it.

ဥပမာပုစ္ဆာ-A 150 V voltmeter has a resistance of 20000Ω. When it is connected in series with a resistor across a 120 V mains line it reads 5 V. What is the resistance of the resistor?

**ဒီပုစ္ဆာကို နည်းလမ်း (၂)မျိုးနဲ့ တွက်လို့ရပါတယ်။**

$R_G = R_V = 20000\Omega = 2\times10^4\ \Omega$, $V = 120V$, $V_1 = 5V$, $V_2 = 120-5 = 115V$

ပထမဆုံး voltmeter နဲ့ resistor (R) မှာဖြတ်စီးသွားတဲ့လျှပ်စီးကိုအရင်ရှာရပါမယ်။

For the voltmeter, By Ohm's law; $V_1 = iR_V$




$$i = \frac{V_1}{R_V}$$

$$i = \frac{5}{2\times10^4}$$

$$i = 2.5\times10^{-4}A$$

**The resistance of the resistor (R) ကိုအောက်ပါဇယားအတိုင်း နည်းလမ်း(၂)မျိုးနဲ့တွက်နိုင်ပါတယ်-**

| By Using Ohm's law; | For the Galvanometer used as voltmeter |
|---|---|
| $V_2 = iR$<br>$115 = 2.5\times10^{-4}R$<br>$R = \frac{115}{2.5\times10^{-4}} = 4.6\times10^5\Omega$<br>The resistance of the resistor is $4.6\times10^5\Omega$ | $R = \frac{V}{i} - R_G,\quad R_G = R_V$<br>$\therefore R = \frac{V}{i} - R_v = \frac{120}{2.5\times10^{-4}} - 2\times10^4$<br>$R = (48-2)\times10^4 = 4.6\times10^5\Omega$<br>The resistance of the resistor is $4.6\times10^5\Omega$ |

**မည်သည့်နည်းနဲ့တွက်တွက် ပုံသေနည်းမှန်၊ တွက်နည်းမှန်၊ အဖြေမှန်လျှင်အမှတ်ပြည့်ရပါတယ်။**

Modern Physics မှာ Electronics နဲ့ Nuclear Physics ဆိုပြီး အပိုင်းနှစ်ပိုင်းပါရှိပါတယ်။

Electronics အပိုင်းမှာ Diode, Triode, Semiconductor အမျိုးအစားတွေအကြောင်းကို အသေးစိတ်ပုံနှင့်တကွသိထားရပါမယ်။

junction diode, transistor တွေကို p-type, n-type semiconductor တွေနဲ့ ပြုလုပ်တယ်။ Junction diode တွေကို Rectifier မှာသုံးတယ်။

Rectifier နှစ်မျိုးရှိပြီးတော့ သူတို့ရဲ့ တည်ဆောက်ပုံတွေ input & output waveform တွေကိုလည်း လေ့လာထားရပါမယ်။

Transistor အမျိုးအစား၊ Transistor structure, Transistor symbol, circuit diagram, Transistor application တွေကို ပုံနှင့်တကွ လေ့လာထားရပါမယ်။

Semiconductor diode နဲ့ transistor တို့ရဲ့ vacuum tube တွေထက်အားသာချက်များကို သိထားရပါမယ်။

နောက်တစ်ခုကတော့ IC, electronic logic gate များရဲ့ symbol, truth table တွေကို သိထားရမယ့်အပြင် Gate တွေရဲ့ပေါင်းစပ်မှုနဲ့ လက်တွေ့အသုံးပြုပုံများကို သေသေချာချာနားလည်ထားရပါမယ်။

**Nuclear Physics အပိုင်းမှာတော့-**

cathode rays, alpha rays, beta rays, gamma rays, x-rays တို့ရဲ့ properties, production & application များကို သရုပ်ဖော်ပုံများနှင့်တကွ သိဖို့လိုအပ်ပါတယ်။

ဥပမာ-cathode rays ဆိုတာ fast moving electron, alpha rays ဆိုတာ helium nucleus, gamma rays နဲ့ x-rays ဆိုတာ electromagnetic wave with short wavelengths, ဖြစ်တယ်ဆိုတာတွေကို သိသင့်ပါတယ်။

Radioactivity, radioisotopes and half-life တွေကိုလည်း နားလည်အောင်လေ့လာထားရပါမယ်။ Radioisotopes, nuclear reaction, nuclear energy တွေရဲ့ အသုံးဝင်ပုံများနဲ့ nuclear energy ကိုထုတ်လုပ်ပေးတဲ့ nuclear reactor များကိုလည်း လေ့လာထားသင့်ပါတယ်။

**ဒါကြောင့် အားလုံးကိုခြုံပြီးပြောရရင်-**

(၁) ရူပဗေဒပြဋ္ဌာန်းစာအုပ်မှာပါဝင်သော သီအိုရီ၊ ပုံသေနည်း၊ အသိသညာများကို ပိုင်နိုင်စွာလေ့လာထားရန်၊
(၂) "Practice makes perfect" ဆိုသည့်အတိုင်း ပြဋ္ဌာန်းစာအုပ်နှင့် မေးခွန်းဟောင်းများကို နားလည်သဘောပေါက်သည်အထိ အကြိမ်ကြိမ် လေ့လာလေ့ကျင့်ထားရန်၊
(၃) ဖြေဆိုရာတွင်လည်း မေးခွန်းကိုနားလည်အောင် သေချာစွာဖတ်ရှုပြီးမှ ဖြေဆိုရန်၊
(၄) တွက်ချက်မှုများမှာ လွယ်ကူသော ပေါင်း၊ နုတ်၊ မြှောက်၊ စား တွက်ချက်ခြင်းများမှာ မထင်မှတ်တဲ့ အမှားမျိုး ရှိတတ်ပါတယ်။ ဒါကြောင့် တွက်ချက်မှုများကို အကြိမ်ကြိမ်စစ်ဆေးရန် လိုအပ်ပါတယ်။
(၅) အဆင့်ကျော် မတွက်မိစေရန် သတိထားရပါမယ်။ တွက်ချက်မှုအဆင့်လိုက် အမှတ်ပေးခြင်းဖြစ်၍ အဆင့်ကျော်သွားရင် အမှတ်လွတ်သွားနိုင်ပါတယ်။
(၆) စာဖြေစဉ် စိတ်ကိုတည်ငြိမ်စွာထားပါ။ ပုစ္ဆာမှာ ပြောင်းထားတာ၊ လှည့်ထားတာများကို ဂရုစိုက်ပါ။
(၇) မေးသည့်မေးခွန်းများ ဖြေဆိုရာတွင် မကျန်စေရန် အထပ်ထပ်ပြန်စစ်ပါ။

၂၀၁၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအားလုံး ကျန်းမာရွှင်လန်းစွာနှင့် ဘာသာရပ်အသီးသီးကို ထူးထူးချွန်ချွန် ဖြေဆိုအောင်မြင်နိုင်ကြပါစေ။ ။

# မနက်ဖြန်တိုင်းဟာ အရေးကြီးပါတယ်

မင်းသိမ်း (နေပြည်တော်)

အောင်မြင်နေတဲ့ ပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေရဲ့တည်ဆောက်ခဲ့ပုံတွေ လေ့လာတဲ့အခါ ကြိုးစားအားထုတ်မှုအပြင် အသိပညာရှိမှုဟာလည်း အဓိကလိုအပ်ချက်ဖြစ်ကြောင်း သိလာရသလို အဲဒီအသိတရားတွေကို လက်တွေ့ဘဝမှာ ထိထိရောက်ရောက် အသုံးချတတ်ဖို့လိုကြောင်းကိုလည်း သိလာရတယ်။ ဒါနဲ့ပတ်သက်လို့ အင်္ဂလိပ်စကားတစ်ခုမှာ ဘယ်လိုဖော်ပြထားသလဲဆိုတော့ "Self conquest is the greatest of all victories "၊ "ကိုယ့်ကိုယ်ကိုယ် အောင်မြင်အောင်လုပ်နိုင်ခြင်းဟာ အောင်မြင်မှု အားလုံးအနက် အကြီးကျယ်ဆုံးအောင်မြင်မှုပဲ" ဆိုတာကို မှတ်သားခဲ့ဖူးပါတယ်။

**ဘဝနဲ့ ဆန္ဒ**

ယခုအခါမှာ ဘဝနဲ့ဆန္ဒ တစ်ထပ်တည်းကျပါစေလို့ ဆုတောင်းနေကြတာတွေကို ကြားနေရပါတယ်။ တကယ်တော့ လောကလူသားတွေအတွက် ဘဝနဲ့ဆန္ဒ တစ်ထပ်တည်းကျဖို့ဆိုတာ လွယ်ကူတဲ့အရာမဟုတ်ပေမယ့် ဖြစ်ချင်တဲ့ဆန္ဒတော့ ရှိဖို့လိုပါလိမ့်မယ်။ ဒါမှလည်း ကြိုးစားအားထုတ်မှုဆိုတာ တစ်ခါတည်းကပ်ပါလာပြီး ဆန္ဒရဲ့စေ့ဆော်မှုကြောင့် ကြိုးစားအားထုတ်မှုဆိုတာ ဖြစ်လာတယ်။ အဲဒီနောက် အသိပညာနဲ့ ကြိုးစားအားထုတ်မှု ပေါင်းစပ်လိုက်တဲ့အခါ ကိုယ်လိုချင်တဲ့၊ ကိုယ်ဖြစ်ချင်တဲ့ဘဝကို အပြည့်အဝ မဟုတ်တောင် အနီးစပ်ဆုံးတော့ ဖြစ်လာကြပါတယ်။

ယနေ့နိုင်ငံတော်မှာ လူငယ်အများစုဟာ နည်းပညာတိုးတက်မှုတွေကို စိတ်ဝင်စားမှုရှိလာကြသလို စီမံခန့်ခွဲမှုပညာရပ်တွေကိုလည်း နားလည်တတ်ကျွမ်းဖို့လိုကြောင်း သိလာကြပါတယ်။ ဒါမှ မိမိတာဝန်ယူဆောင်ရွက်နေတဲ့ ဆောင်ရွက်ကြမယ့် အဖွဲ့အစည်းအတွင်း အကျပ်အတည်းကာလ ကြုံကြိုက်လာရင် ဘယ်လိုဆုံးဖြတ်ချက်မျိုး ချနိုင်မယ်ဆိုတာကို သိလာကြလို့ပဲ ဖြစ်ပါတယ်။ အဖွဲ့အစည်းရဲ့ ကောင်းကျိုး ဆိုးကျိုးတွေကို တာဝန်ယူရမယ့် အဆင့်မျိုးဖြစ်နေရင် နည်းပညာပိုင်းရော၊ စီမံခန့်ခွဲမှုအပိုင်းပါ သိနေဖို့လိုကြောင်း နားလည်လာကြပါတယ်။ ဒါကြောင့် ယိုယွင်းချို့တဲ့နေတဲ့ ကဏ္ဍပေါင်းစုံကို ရေလောင်းပေါင်းသင် ပြုစုပျိုးထောင်နိုင်ဖို့ဆိုရင် ဖော်ပြပါအရည်အချင်းနှစ်ရပ်နဲ့ ပြည့်စုံတဲ့ ခေါင်းဆောင်ကောင်းတွေ လိုအပ်ပါတယ်။ အထူးသဖြင့် စနစ်အပြောင်းအလဲ၊ ခေါင်းဆောင်အပြောင်းအလဲ၊ ကဏ္ဍပေါင်းစုံ အပြောင်းအလဲတွေမှာ စီမံအုပ်ချုပ်မယ့်သူတွေရဲ့ အရည်အချင်းဟာ များစွာအရေးကြီးပါတယ်။ အနာဂတ်လူ့အဖွဲ့အစည်းသစ်ကို စီမံဖန်တီးကြမယ့် ဗိသုကာလေးတွေဖြစ်လို့ မှန်ကန်တဲ့အသိနဲ့ ကြီးပြင်းလာဖို့ ထိန်းကျောင်းပေးရပါ့မယ်။

သူတို့ရဲ့လုပ်ရပ်တစ်ခုကြောင့် အခြေအနေတစ်ခု ထူးခြားသွားတာ၊ တိုးတက်ပြောင်းလဲသွားတာမျိုးကို အားပေးရပါမယ်။ သို့သော် ဒီနေ့မှန်ပေမယ့် မနက်ဖြန်မှန်ချင်မှ မှန်မယ်။ ဘာဖြစ်လို့လဲ။ အမှန်တရားတွေအားလုံးဟာ ပြောင်းလဲမှုဖြစ်နေလို့ဆိုတာကို သိနေဖို့ပဲလိုပါတယ်။

**စာတွေအများကြီးဖတ်ဖို့ လို**

ကျွန်တော်တို့နိုင်ငံမှာ ဦးဆောင်မှုပေးသူနဲ့ ဦးဆောင်တာဝန်ယူသူ ရောနေတယ်။ တကယ်တော့ ဦးဆောင်မှုပေးသူကို ဦးဆောင်မှုတာဝန်ယူသူက ပံ့ပိုးနိုင်ရမယ်။ ဒ့ါအပြင် တာဝန်ယူသူအပိုင်းက သိတာ၊ တတ်တာတွေက တလွဲမဖြစ်ဖို့ လိုတယ်။ အသစ်သိတာလား၊ အဟောင်းအတိုင်း မလုပ်တော့တာလား၊ သိပြီးသားကို ပုံစံတစ်မျိုးနဲ့ စဉ်းစားတာလား၊ ဒါကို အထူးသတိပြုဖို့ လိုပါတယ်။ လူတစ်ယောက်မှာ နားနှစ်ဖက်နဲ့၊ ပါးစပ်ပေါက်တစ်ပေါက်ပဲရှိတယ်။ ပြောတာထက် နှစ်ဆနားထောင်ပေးပါဆိုတဲ့ သဘောပါပဲ။ (ဒါပေမယ့် ပြောင်းပြန်ဖြစ်နေတယ်) ပါးစပ်နှစ်ပေါက် နားတစ်ဖက်၊ တချို့ကျတော့ နားတောင်ပါမလာဘူး။ အားလုံးမှာ ဦးဆောင်မှုပေးနိုင်တဲ့ အရည်အသွေးရှိတယ်။ ဒါပေမယ့် ခေါင်းဆောင်မှုပေးနိုင်တဲ့ အရည်အသွေးရှိဖို့သာ အရေးကြီးတယ်။ သူများလုပ်တာ လိုက်လုပ်ရင် Copy ပဲဖြစ်မယ်။ သူများမလုပ်နိုင်တာကို ကိုယ်လုပ်နိုင်ဖို့က အဓိကဒါမှတန်ဖိုးရှိတယ်။ ဒီလိုလုပ်နိုင်ဖို့ဆိုရင် စာတွေအများကြီးဖတ်ဖို့လိုတယ်။ စာတွေအများကြီး တတ်ဖို့လိုတယ်။ ပျဉ်ထောင်အိမ်၊ ပျဉ်ခင်းလေး ပြောင်အောင်လှည်းနေကျ ကိုယ့်တံမြက်စည်းလေးကို ကျေနပ်နေမယ့်အစား ကြမ်းခင်းကော်ဇောပေါ်က ဖုန်မှုန့်ကို လှည်းပစ်နိုင်ဖို့ ကြိုးစားကြရပ့ါမယ်။

ကျွန်တော်တို့ဟာ သူများလုပ်တာလိုက်လုပ်တတ်တဲ့ အကျင့်ကို သင်ယူခဲ့ရလို့လားမသိ။ လူတစ်ဦး လုပ်ငန်းတစ်ခုနဲ့ အောင်မြင်နေရင် နောက်တစ်ဦးကလည်း လိုက်လုပ်တတ်တဲ့ အကျင့်မျိုးရှိကြတယ်။ ဥပမာ- လမ်းတစ်လမ်းမှာ မုန့်ဟင်းခါးဆိုင်လေးဖွင့်လို့ ရောင်းကောင်းလာရင် လမ်းထိပ်မှာ အခြားသူတစ်ဦးက နောက်တစ်ဆိုင်ဖွင့်လာတယ်။ တကယ်လို့ သူပါအောင်မြင်ရင် လမ်းလယ်မှာ နောက်တစ်ဆိုင်ကို အခြားသူတစ်ဦးက ထပ်ဖွင့်ကြတယ်။ မျှဝေခံစားချင်တဲ့ သဘောလို့ထင်ပါတယ်။ ဒါပေမယ့် အချိန်ကြာလာတော့ အရင်းအနှီးနည်းပြီး ဖောက်သည်မရသေးတဲ့ လုပ်ငန်းရှင်ရဲ့ မုန့်ဟင်းခါးဆိုင်လေးက ပိတ်သွားရတယ်။ တကယ်ဆိုရင် မုန့်ဟင်းခါးနဲ့တွဲပြီး ဘာရောင်းမလဲ၊ ဆိုင်ရဲ့အပြင်အဆင်ကအစ ဝန်ဆောင်မှုအဆုံး ထူးခြားတာလေးတွေပါ ပေါင်းစပ်ပေးနိုင်မယ်ဆိုရင် နောက်မှဖွင့်ပေမယ့် မှတ်သားစရာနေရာလေးအဖြစ် အသိအမှတ်ပြုခံရမှာဖြစ်ပါတယ်။ ဒါကြောင့် "အရှေ့ရောက်ချင်ရင် ရှေ့တိုးမှပေါ့" လို့ ပြောချင်တာပါ။

**အားပေးလက်ခံလာ**

ယနေ့ကမ္ဘာကြီးမှာ နိုင်ငံတကာကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေဟာ ဈေးကွက်ယှဉ်ပြိုင်မှု Market Competition ပုံစံနဲ့ အပြိုင်အဆိုင် ဆောင်ရွက်နေကြပါတယ်။ စီးပွားရေးဆိုင်ရာလုပ်ငန်းတွေရဲ့ အောင်မြင်မှုအရင်းအမြစ်ဖြစ်တဲ့ အရည်အသွေးပိုင်းမှာလည်း ကုန်ပစ္စည်းတွေနဲ့ပဲ သက်ဆိုင်တာ မဟုတ်တော့ဘဲ၊ လူသားစွမ်းရည်ပါ အကျုံးဝင်လာကြောင်း သိရှိလာရပါတယ်။

လုပ်ငန်းနယ်ပယ်စုံကို လွှမ်းခြုံကိုင်တွယ်ရတဲ့၊ လူသားတွေရဲ့ ပဓာနအခန်းကဏ္ဍ (People Orientation) ကို တိုးမြှင့်လိုက်ခြင်းဟာ စွမ်းရည်စီမံခန့်ခွဲရေး (Quality Management) ရဲ့ အခြေခံသဘောတရားဆိုတာကို နားလည်လာကြပါတယ်။ လုပ်ငန်းအသီးသီးရဲ့ တိုးတက်မှုဆိုတဲ့နေရာမှာ လူသားတွေရဲ့စွမ်းဆောင်မှုအရည်အချင်းဟာ အဓိကဖြစ်လို့ လုပ်ငန်းပိုင်းဆိုင်ရာ အတတ်ပညာ ကျွမ်းကျင်ရုံသာမက အဲဒီပညာရှင်ကို လက်တွေ့အကျိုးရှိအောင် အသုံးချတတ်ဖို့လိုကြောင်း သိရှိလာကြပါတယ်။ ဒါပေမယ့် စနစ်နဲ့လုပ်နည်းလုပ်ဟန် ပြောင်းလဲချိန်မှာတော့ တွေ့ကြုံရမှာတစ်ခုရှိပါတယ်။ ဘာလဲဆိုတော့ "သာမန်ထက် ထူးကဲတာတစ်ခုခုရဲ့ အစပိုင်းမှာတော့ အမြဲလိုလို လူထုက လက်မခံကြပါဘူး"။ အင်္ဂလိပ်လိုတော့ (At the beginning of anything out of the ordinary, the mass of people always dislike it) တဲ့။ ဒါပေမယ့် အစိုးရအပြောင်းအလဲဖြစ်တဲ့အခါတိုင်း အုပ်ချုပ်သူတွေရဲ့ အမည်နာမပြောင်းလဲသွားတာမျိုးထက် မပြည့်စုံနွမ်းပါးသူတွေရဲ့ဘဝ ပြောင်းလဲသွားနိုင်အောင် လုပ်နိုင်မယ်ဆိုရင်တော့ အစပိုင်းမှာရော၊ အဆုံးပိုင်းမှာပါ တစ်ခဲနက်အားပေးလက်ခံလာကြပါတယ်။ ကိုရီးယားမှာရော၊ ဂျပန်မှာပါ တွေ့ခဲ့ဖူးပါတယ်။

ရပ်ကွက်ထဲက သက်ကြီးရွယ်အိုလူကြီးတချို့က "လောကကြီးကလည်း ဘက်စုံကဏ္ဍစုံမှာ ပူလောင်မှုတွေများလှချည်လား၊ အရာအားလုံး မီးလောင်နေသလိုပဲ"လို့ ပြောကြတယ်။ တကယ်တော့ "မီး" လို့ဆိုတာနဲ့ ဘယ်မီးမှ ကောင်းကျိုးမပေးပါဘူး။ လောဘမီး၊ ဒေါသမီး၊ မောဟမီး၊ သောကမီးအားလုံးဟာ ပူလောင်မှုကို ဖြစ်စေပါတယ်။ လောင်ပြီလို့ဆိုတာနဲ့ အမြန်ဆုံးငြိမ်းသတ်နိုင်ဖို့လိုသလို၊ ထိရောက်တဲ့ငြိမ်းသတ်မှုမျိုးလည်းဖြစ်ဖို့လိုပါတယ်။ လောင်ကျွမ်းမှုအချိန် ကြာမြင့်လာလေ၊ ဆုံးရှုံးမှုတန်ဖိုးများလေ ဖြစ်ပါတယ်။ ပစ္စည်းဆုံးရှုံးမှုအတွက် ပြန်လည်ဖြည့်ဆည်းပေးဖို့ မခက်ပေမယ့်၊ စိတ်ဓာတ်ဆုံးရှုံးရင်တော့ နဂိုအခြေအနေပြန်ရဖို့ အချိန်ယူရပါတယ်။ ဒါကြောင့် ကြီးမားတဲ့ ရည်မှန်းချက်အတွက်ဆိုရင် ကျွန်တော်တို့ ကြီးမားတဲ့ စွန့်စားမှုမျိုးပြုလုပ်ရဲရပါမယ်။ မလုပ်ခင် ဘက်စုံစဉ်းစားရမယ်။ စဉ်းစားပြီးပြီဆိုရင်တော့ အင်တိုက်အားတိုက်လုပ်ဆောင်ဖို့သာ ဖြစ်ပါတယ်။

**နားလည်ရတော့မယ့်အချိန်**

မိမိရဲ့ရှိပြီးသား၊ တတ်ပြီးသားပညာရပ်တွေကို အမြဲတစေ တိုးတက်အောင် ဆောင်ရွက်ရင်း တစ်နေ့တခြားပြောင်းလဲ တိုးတက်နေတဲ့ ခေတ်ကြီးကို ဦးဆောင်နိုင်ဖို့ဆိုရင် မိမိဆောင်ရွက်နေရတဲ့လုပ်ငန်း အတတ်ပညာတွေကို ကျေညက်စွာ နားလည်ဖို့ လိုပါတယ်။ ကိုယ်ကျင့်တရားကောင်းမွန်ပြီး စိတ်ထားဖြူစင်ကာ၊ သည်းခံမှုများစွာနဲ့ စီမံခန့်ခွဲခွင့်ရသူတွေက စီမံအုပ်ချုပ်သွားမယ် ဆိုရင်တော့ "တူ၍မရပါ၊ မတူ၍မရပါ" ဆိုတဲ့ ကိစ္စရပ်များကို ဖြေရှင်းပြီးသားဖြစ်သွားနိုင်ပါတယ်။

> **"မိမိရဲ့ ရှိပြီးသား၊ တတ်ပြီးသားပညာရပ်တွေကို အမြဲတစေ တိုးတက်အောင် ဆောင်ရွက်ရင်း တစ်နေ့တခြား ပြောင်းလဲ တိုးတက်နေတဲ့ ခေတ်ကြီးကို ဦးဆောင်နိုင်ဖို့ဆိုရင် မိမိ ဆောင်ရွက်နေရတဲ့လုပ်ငန်း အတတ်ပညာတွေကို ကျေညက်စွာ နားလည်ဖို့ လို"**

ခေတ်ကိုသဘောပေါက်တဲ့၊ ခေတ်ရဲ့ရေစီးကြောင်းကို မပြတ်သိနေတဲ့ နိုင်ငံတကာမှာ အောင်မြင်နေတဲ့ လုပ်ငန်းရှင်တိုင်းဟာ နည်းပညာအသစ်ကို တီထွင်ပြီး အကျိုးအမြတ်ကြီးအောင် လုပ်တတ်ကြတယ်။ နည်းပညာသုံးစွဲမှုမှာလည်း ကိုယ့်လုပ်ငန်းအတွက် မည်သူကမှ လိုက်မမီအောင် ထိပ်ဆုံးရောက်နေရဲ့လား။ ပမာဏချင်းတူရင်တောင် ထိပ်ဆုံးမှာရှိရဲ့လား။ လုပ်ငန်းချဲ့ထွင်နိုင်အောင် ဘယ်လိုတီထွင် သုံးစွဲရမလဲ။ ခြေကုတ်ကောင်းဖို့လိုသလို၊ ခြေလှမ်းစိတ်ဖို့လည်းလိုတယ်၊ ရဲရဲတင်းတင်းစိတ်ကူးယဉ်တာ။ ဒါတွေအားလုံးဟာ တကယ်အတုယူစရာတွေဆိုတာ နားလည်ရတော့မယ့်အချိန် ဖြစ်ပါတယ်။

ဒါကြောင့် နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ အဓိပ္ပာယ်မဲ့ခဲ့တဲ့ လုပ်ငန်းတွေကိုရပ်ပြီး အမှန်တကယ်အစကနေ ပြန်ပြင်သင့်တဲ့ အရာတွေအပေါ် အာရုံစူးစိုက်ရမယ့်အချိန်ဆိုတာကို နားလည်ကြမယ်၊ လိုက်နာနိုင်ကြမယ်ဆိုရင်တော့ တိုင်းရင်းသားလူမျိုးစုပေါင်းစုံ သန်း ၅၀ ကျော်နေထိုင်ကြတဲ့ မြန်မာနိုင်ငံအတွက် "မနက်ဖြန်တိုင်းဟာ အရေးကြီးပါကြောင်း" တင်ပြလိုက်ရပါတယ်။ ။

## သရက်မြို့ ဈေးရပ်ကွက်ကျောက်စီမြေထိန်းနံရံ တည်ဆောက်

**သရက် ဖေဖော်ဝါရီ ၅**

မကွေးတိုင်းဒေသကြီးအစိုးရ၏ ၂၀၁၈-၂၀၁၉ ခွင့်ပြုရန်ပုံငွေဖြင့် သရက်ခရိုင် သရက်မြို့ ဈေးရပ်ကွက် ကမ်းနားလမ်း စည်ပင်သာယာရေးဈေးကြီးတောင်ဘက် ကျောက်စီမြေထိန်းနံရံနှင့် ကျောက်စီတာတမံ အလျား ပေ ၂၅၀၊ အမြင့် ပေ ၇၀ တည်ဆောက်ခြင်းလုပ်ငန်းကို မကွေးတိုင်းဒေသကြီး မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၅၀ ဖြင့် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါကမ်းနားလမ်းသည် ယခင်က ကား၊ မြင်းလှည်းများ သွားလာနိုင်ခဲ့သော်လည်း သဘာဝဘေးအန္တရာယ်နှင့် ဧရာဝတီမြစ်ကမ်းဘေးရှိ မြေအောက်စိမ့်စမ်းရေများကြောင့် မကြာခဏ မြေပြိုကျမှုဖြစ်ခဲ့သဖြင့် လူသွားလမ်းအနည်းငယ်သာ ကျန်ရှိတော့ကြောင်း သိရသည်။

"ကျွန်တော်တို့မိဘဘိုးဘွားတွေ စဉ်ဆက်မပြတ် နေလာခဲ့တာပါ။ ခိုင်မာတဲ့အဆောက်အအုံတွေအတွက် အန္တရာယ်ရှိလာချိန်မှာ ယခုလိုတာဝန်ရှိလူကြီးတွေက ဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်" ဟု လမ်းနေပြည်သူတစ်ဦးက ပြောသည်။

ယခုလို အချိန်မီပြုပြင်ဆောင်ရွက်ပေးခြင်းကြောင့် တိုက်တာအဆောက်အအုံများ ဘေးအန္တရာယ်ကင်းရှင်းသွားကြောင်း သိရသည်။

လုပ်ငန်းခွင်အတွက် လိုအပ်သော ၆"×၉" ကျောက်များ အချိန်မီဝယ်ယူရရှိရေး လုပ်ငန်းများ မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ စည်ပင်သာယာရေးကော်မတီများမှ ကြီးကြပ်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ပေါက်ကလေး (သရက်)**



## ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ဆောင်ရွက်ခွင့်လက်မှတ်များ ပေးအပ်

**ရေတာရှည် ဖေဖော်ဝါရီ ၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သစ်တောဦးစီးဌာနမှ ရိုးမကြိုးပြင်ကာကွယ်တောအတွင်း မှီတင်းနေထိုင်လျက်ရှိသည့် တောင်သူများကို ဆင်းရဲမှုလျှော့ချရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ဒေသခံအစုအဖွဲ့အပိုင် သစ်တောလုပ်ငန်း ဆောင်ရွက်ခွင့်လက်မှတ်များ ပေးအပ်ပွဲကို ဇန်နဝါရီ ၃၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဆန်းမိုးက ဒေသခံပြည်သူများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ၂၂၃၃ ဧကကို လည်းကောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၁၉၀၆ ဒသမ ၇၇ ဧကကို အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း ဆောင်ရွက်ခွင့်လက်မှတ်များ ထုတ်ပေးခဲ့ခြင်းဖြစ်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၁၅၅၃ ဒသမ ၅ ဧကကို ဆက်လက်ဆောင်ရွက်ပေးရန် လျာထားပြီးဖြစ်ကြောင်း၊ အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ပေးခြင်းဖြင့် သစ်တောပြုန်းတီးခြင်းမှ ကာကွယ်နိုင်ခြင်းအပြင် မြေယာလုပ်ပိုင်ခွင့်များ ရရှိနိုင်မည်ဖြစ်သည့်အတွက် ဆင်းရဲမွဲတေမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြုနိုင်မည်ဖြစ်ကာ သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးကျော်ဆန်းမိုးနှင့် တာဝန်ရှိသူများက အစုအဖွဲ့ (၁၈) ဖွဲ့၊ တောင်သူဦးရေ ၂၄၂ ဦးတို့အား သစ်တောလုပ်ငန်းဆောင်ရွက်ခွင့်လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုလွင် (ဆွာ)**

# ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ



ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် ဖေဖော်ဝါရီ ၅**

ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်းနှင့် ရှင်သာမဏေကျော် စာမေးပွဲဖြေဆိုလျက်ရှိသည့် ရှင်အပါး ၁၀၀၀ တို့အား ပူဇော်လှူဒါန်းခြင်း၊ နေ့ဆွမ်းဆက်ကပ်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲမင်္ဂလာအခမ်းအနားကြီး၏ ရေစက်ချမင်္ဂလာအခမ်းအနားများကို ဖေဖော်ဝါရီ ၄ ရက်က ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်ကြီးတွင် ကျင်းပခဲ့သည်။

နိုင်ငံတော်သြဝါဒါစရိယဆရာတော်များနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများမှ စေတီတော်မြတ်ကြီးအား ယင်းနေ့နံနက် ၈ နာရီတွင် ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ ဇေယျာလူမှုထူးချွန်ဆု၊ နိုင်ငံ့စွမ်းဆောင်ရည်ဆု၊ ကမ္ဘာ့ငြိမ်းချမ်းရေးစေတမန်ဆုများရှင် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၏ သြဝါဒကို ခံယူ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှု၊ ဗိုလ်တထောင်စေတီတော်ဂေါပကအဖွဲ့၏ ကြီးကြပ်မှုတို့ဖြင့် အဟံအဖွဲ့ချုပ် (ရှင်သာမဏေကျန်းမာရေး ဝန်ဆောင်မှုအဖွဲ့) နှင့် အလှူရှင်များ စုပေါင်းလှူဒါန်းသည့် မင်္ဂလာအခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများနှင့် အလှူရှင်များ တက်ရောက်ခဲ့ကြသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ဘဒ္ဒန္တသြဘာသာဘိဝံသထံမှ တက်ရောက်လာသူများက ကိုးပါးသီလခံယူပြီး ဆရာတော် သံဃာတော်များက ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်ကို နာယူကြသည်။ ထို့နောက် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းရာ ရှင်သာမဏေကျော်အပါး ၁၀၀၀ တို့အား တစ်ပါးလျှင် ငါးသောင်းနှုန်းဖြင့် အလှူရှင်များကိုယ်စား ဂေါပကအဖွဲ့က ဆက်ကပ်လှူဒါန်းခဲ့သည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပူဇော်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ တင်ပြလျှောက်ထားခဲ့ပြီး အဟံအဖွဲ့ချုပ် (ရှင်သာမဏေကျန်းမာရေးဝန်ဆောင်မှုအဖွဲ့)မှ တာဝန်ရှိသူတစ်ဦးက သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့သည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံမှ ရေစက်ချအနုမောဒနာတရားတော်ကိုနာယူ၍ ရေစက်သွန်းချအမျှပေးဝေခဲ့သည်။

ထို့နောက် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ပြီး ဆွမ်းဆန်စိမ်း လောင်းလှူခဲ့ကြသည်။

**သတင်း - ထင်ပေါ်ဝင်း**
**(ကမာရွတ်)**

---

## နမ့်လန်ဒေသ ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်

**သီပေါ ဖေဖော်ဝါရီ ၅**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်စည်ပင်သာယာရေးဌာနသည် မြို့ရွာဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေအနေ အချိန်အခါနှင့် လျော်ညီစွာပြည်သူများအတွက် တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ သီပေါဝက်ဝံပုံဈေး အခြေတကျဖြစ်ရေးနှင့် အဆင့်မြှင့်တည်ဆောက်ရေး ဒုဋ္ဌဝတီမြစ်ကမ်းနံဘေးမြေထိန်းနံရံ တစ်လျှောက် ကမ်းနားလမ်း တည်ဆောက်ပြီး အပန်းဖြေစခန်းနှင့် ညဈေးတန်းဖွင့်လှစ်ရေးတို့ကိုလည်းကောင်း၊ နမ့်လန်ဈေးဆိုင်ခန်းပေါင်း ၈၂၈ ခန်း နှစ်ထပ်သံကူကွန်ကရစ်ဈေးကြီးကိုလည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် သီပေါမြို့နယ် နမ့်လန်ဒေသတွင် ဆောင်ရွက်လျက်ရှိသည့်ပေ ၇၀၀ ကျော်ရှိ ငွေကျပ် ၇၁ သိန်းကျော် ကုန်ကျသည့် အမှိုက်ကျင်းသွားလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၃ ရက်က ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးဌာနအမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းခွန်ဇော်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဖြိုးပြည့်ဟိန်းတို့က ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးက လမ်းခင်းကျင်းမှုလုပ်ငန်းများကို ရေရှည်ကြံ့ခိုင်ရေးနှင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

---

## နွေစပါးများ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနိုင်ရေး ပေါင်ပျိုးထောင်နည်း လက်တွေ့ပြသ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

နေပြည်တော်တပ်ကုန်းမြို့နယ် အမှတ် (၆၈) စက်မှုလယ်ယာစခန်းမှ ကြီးမှူးကျင်းပသည့် နွေစပါးစိုက်တောင်သူများ နွေစပါးစိုက်ပျိုးရာတွင် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနိုင်ရေးအတွက် ဗန်းပျိုးထောင်နည်းနှင့် ပေါင်ပျိုးထောင်နည်း လက်တွေ့ဆောင်ရွက်ပြသခြင်းကို ဖေဖော်ဝါရီ ၃ ရက်က ကွင်းအမှတ် ၁၃၂၁ ကွင်း တောင်သူ ဦးတင်ဝင်း၏ ယာကွက်ထဲ၌ ကျင်းပသည်။

အဆိုပါ လက်တွေ့ပြသခြင်းသို့ နေပြည်တော်စက်မှုလယ်ယာရုံးမှ ညွှန်ကြားရေးမှူး ဦးကျော်ဝေနှင့် ဒုတိယညွှန်ကြားရေးမှူး၊ ခရိုင်ဦးစီးဌာနမှူး၊ မြို့နယ်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဘုရင့်နောင်ရပ်ကွက်နှင့် မိုးနံကုန်းကျေးရွာ၊ ကျေးချောင်းကျေးရွာ၊ ပေတောကျေးရွာ စသည့်ကျေးရွာများမှ နွေစပါးများကို ကောက်စိုက်စက်ဖြင့် စိုက်ပျိုးကြမည့်တောင်သူများ တက်ရောက်ကြသည်။ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကြောင့် စပါးမျိုးစေ့များ ကုန်ကျမှုသက်သာခြင်း၊ ပျိုးသက်စောင့်ရသော အချိန်သက်သာခြင်း၊ ပင်ပွားနှုန်းကောင်းပြီး ပေါင်းသတ်၊ သမန်းနှိုး၍ လွယ်ကူခြင်း၊ အထွက်နှုန်းကောင်းမွန်ခြင်း အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း၊ တစ်ဧကတွင် အလျား ၂ ပေ၊ အနံ ၁ ပေရှိ ဗန်းပျိုး ၁၀၀ ခန့်ကုန်ကျကြောင်း၊ ဗန်းပျိုးထောင်နည်း၊ ပေါင်ပျိုးထောင်နည်းအဆင့်ဆင့်ကို မြို့နယ်ဦးစီးဌာနမှူး ဦးဘိုမြင့်က ရှင်းလင်း၍ လက်တွေ့ပျိုးထောင်ပေးကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ ကောက်စိုက်စက်စိုက်ကွက်တွေကို ကြိုက်တယ်၊ နွေစပါးစိုက်ချိန်မှာ သူထက်ငါစိုက်ကြတော့ ကောက်စိုက်သမအခက်အခဲရှိပါတယ်၊ ကောက်စိုက်စက်နဲ့စိုက်ရင် ကောက်စိုက်သမ အခက်အခဲတွေပြေလည်သွားမှာ ဖြစ်ပါတယ်၊ အခုနှစ်နွေစပါးကို ခုနစ်ဧကလောက် ကောက်စိုက်စက်နဲ့ ပထမဆုံးအကြိမ်စိုက်တာဖြစ်ပါတယ်" ဟု မိုးနံကုန်းကျေးရွာမှ တောင်သူ ဦးဇော်လင်းက ပြောသည်။

**မောင်လွင် (တပ်ကုန်း)**

---

## အုတ်တွင်းမြို့နယ်၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**အုတ်တွင်း ဖေဖော်ဝါရီ ၅** - ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးမျိုးသိန်းသည် တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဘသိန်းနှင့် တာဝန်ရှိသူများသည် အုတ်တွင်းမြို့နယ်ရှိ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် အုတ်ဖိုကျေးရွာအုပ်စု တလုပ်ကုန်းကျေးရွာရှိ စက်ရေတွင်းတူးဖော်မှုလုပ်ငန်းများနှင့် မြေစီးကျေးရွာအုပ်စု သရက်တောကျေးရွာ၊ ရွှေလောင်းကျေးရွာအုပ်စု ရွှေလောင်းရွာသစ်ကျေးရွာများရှိ စက်ရေတွင်း၊ ရေစက်ရုံနှင့် ရေစုကန်များ တည်ဆောက်မှုလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခဲ့ရာ အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် တာဝန်ရှိသူများက လုပ်ငန်းအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ ကြောင်း သိရသည်။

**ကိုလွင် (ဆွာ)**

---

## ပဲစင်းငုံစိုက်တောင်သူများ ပဲစင်းငုံဈေးကျ၍ အခက်ကြုံ

**ချောက် ဖေဖော်ဝါရီ ၅**

ချောက်မြို့နယ်မှ ပဲစင်းငုံစိုက်တောင်သူများ ပဲစင်းငုံဈေးကျ၍ စိုက်ပျိုးစရိတ်၊ ထွန်ယက်စရိတ်၊ ရိတ်သိမ်းအလုပ်သမားစရိတ်များကြောင့် တွက်ခြေမကိုက်ဘဲ အခက်ကြုံနေကြောင်း ပဲစင်းငုံစိုက်တောင်သူများထံမှ သိရသည်။

ယခုနှစ်တွင် ပဲစင်းငုံဈေး ကျဆင်းသွားသဖြင့် ပဲစင်းငုံခုတ်ရန် အလုပ်သမားများ ရှားသွားခြင်း၊ ထွက်မည့်ပဲကို တစ်ယောက်တစ်ဝက် ပေးခုတ်သော်လည်း လုပ်မယ့်သူ မရှိ၍၊ အလုပ်သမားစရိတ်ကို အရှုံးခံ၍ ငှားလုပ်ရကြောင်း၊ ဝွေးပင်အုပ်၊ သန်းပင်၊ ကမွန်ခြံရွာ ပဲစင်းငုံစိုက်တောင်သူများထံမှ သိရသည်။

ပဲစင်းငုံဈေးမှာ ဇန်နဝါရီလပထမအပတ်တွင် ပေါ်စမှာ တစ်တင်း ငွေကျပ် ၈၀၀၀၊ ငွေကျပ် ၁၀၀၀၀ အထိရှိလာပြီး ဖေဖော်ဝါရီလမှာ ငွေကျပ် ၁၃၀၀၀ အထိဈေးတက်လာပြီး အခု ငွေကျပ် ၁၂၅၀၀ ဈေးပြန်ကျသွားကြောင်း ကိုးဆူကျေးရွာ တောင်သူတစ်ဦးက ပြောသည်။

ရေနံချောင်း၊ ချောက်မြို့ ကျောက်ပန်းတောင်းမြို့ပွဲရုံများသို့ သွားရောင်းလျှင် ကားခ၊ နေ့တွက်စရိတ်များထည့်တွက်ရကြောင်း ပဲစိုက်တောင်သူတစ်ဦးက ပြောသည်။

"ယခင်နှစ်တွေကဆိုရင် ပဲစင်းငုံပေါ်လျှင် ကုန်သည်တွေ ရွာအရောက်လာဝယ်ကြတယ်၊ ပဲစင်းငုံလှောင်ကြတယ်၊ ပဲကုန်သည်တွေက ယခင်နှစ် ဈေးကြီးပေးဝယ်ထားကြတာ၊ ဈေးတက်မလား စောင့်နေကြတယ်၊ ယခုနှစ်မှာတော့ ထင်သလောက်ဝယ်မရသေးဘူး၊ တောင်သူကလည်း ဈေးတက်မယ်အထင်နဲ့ မရောင်းကြသေးဘူး" လို့ ဝွေးပင်ကွက်သစ်မှ ပဲကုန်သည်တစ်ဦးက ပြောသည်။ တောင်သူများအနေဖြင့် ပဲစင်းငုံဈေးကောင်းလာလိမ့်မည်ဟု မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**ထွန်းလှိုင် (မြိုင်)**

---

## လျှပ်စစ်မီးမရသေးသော ကျေးရွာများသို့ ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်

**ဖားဆောင်း ဖေဖော်ဝါရီ ၅**

ကယားပြည်နယ် ဖားဆောင်းမြို့နယ်အတွင်းမှ လျှပ်စစ်မီးမရရှိသေးသော ကျေးရွာများသို့ ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂ ရက်က ဖားဆောင်းမြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထောက်ပံ့ပေးအပ်ပွဲတွင် ကယားပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မြင့်ဝေက လျှပ်စစ်မီးမရသေးသော ကျေးရွာများသို့ ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်ခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသာစိန်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နိုင်တို့က မိုဆာခီးကျေးရွာအုပ်စု ပယ်ခီးကျေးရွာမှ ကိုယ်စားလှယ်များထံသို့ ဆိုလာနှင့် ဆက်စပ်ပစ္စည်း ၂၄ မျိုးကို ပေးအပ်ခဲ့သည်။

ယခုလို ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းကြောင့် လျှပ်စစ်မီးမရရှိသေးသော ပယ်ခီးကျေးရွာအတွင်းရှိ ဒေသခံပြည်သူအိမ်ခြေ ၂၁ အိမ်နှင့် ကျေးရွာရှိ နှစ်ခြင်းဘုရားကျောင်း၊ ကိုယ့်အားကိုယ်ကိုး အမကကျောင်းတို့တွင်ပါ ဆိုလာလျှပ်စစ်မီး ရရှိသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

**နေလင်း (ညောင်လေးပင်)**

---

## ရဲတပ်ဖွဲ့ဝင်မိသားစုများကို မီးဘေးအန္တရာယ်အကြောင်း ဟောပြော

**မော်လမြိုင် ဖေဖော်ဝါရီ ၅**

မွန်ပြည်နယ် မုဒုံမြို့နယ် ရဲတပ်ဖွဲ့ခမ်းမရုံ၌ မီးဘေးအန္တရာယ်အသိပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၃ ရက်က ကျင်းပခဲ့ရာ အခမ်းအနားသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြအောင် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ၊ ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ခဲ့ကြသည်။

မီးလောင်မှုမဖြစ်ပွားစေရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် အဖွဲ့ဝင်များက လာရောက်ဟောပြောခဲ့ကြခြင်းဖြစ်ပြီး ဟောပြောပွဲတွင် မီးဖိုမီးမှ မီးလောင်ကျွမ်းမှုအခြေအနေ၊ ဘုရားမီးပူဇော်ရာမှ မီးလောင်ကျွမ်းမှုအခြေအနေ၊ ခြင်ဆေးခွေမှ တစ်ဆင့် လောင်ကျွမ်းခြင်း၊ လျှပ်စစ်မီး၊ ဝိုင်ယာကြိုးရှော့ခ်ဖြစ်ရာမှ လောင်ကျွမ်းခြင်းအခြေအနေတို့ကို ရှင်းပြခဲ့ကာ မီးလောင်မှုဖြစ်ပွားပါက မီးငြိမ်းသတ်ပုံ၊ ငြိမ်းသတ်နည်းများကို ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများကို လက်တွေ့သရုပ်ပြ ရှင်းလင်းခဲ့ကြကြောင်း သိရသည်။

**မော်လမြိုင် (ကိုယ်ပွား)**



# သမိုင်းဝင် ရန္တပိုကျောက်တိုင်

**မောင်သာ(ရှေးဟောင်းသုတေသန)**

မြန်မာနိုင်ငံအထက်ပိုင်း အင်းဝမြို့ဟောင်း၏တောင်ဘက် မိုင် ၄၀၊ မြင်းခြံမြို့မှအထက် ခြောက်မိုင်အကွာ၊ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းတွင် တည်ရှိသည့် ရန္တပိုသည် မန္တလေးမှ ဧရာဝတီမြစ်ကြောင်းအတိုင်း စုန်ဆင်းလာပါက မြောင်မြို့နှင့် ဆီမီးခုံရွာကို ကျော်လွန်လျှင် ရောက်ရှိသည့် သမိုင်းဝင်ကျေးရွာဖြစ်သည်။

ရန္တပိုကျေးရွာသည် မြန်မာဘုရင်များလက်ထက်မှ စတင်၍ ခေတ်အဆက်ဆက် ရိုးရာလက်မှုပညာရပ်တစ်ခုအဖြစ် မြေအိုးများ ပြုလုပ်ရောင်းဝယ်ခြင်းဖြင့် ထင်ရှားသကဲ့သို့ မြန်မာနိုင်ငံသည် အင်္ဂလိပ်ကိုစစ်ရှုံးပြီး အောက်မြန်မာနိုင်ငံကိုလက်လွှတ်ခဲ့ရသည့်စာချုပ်ကို ချုပ်ဆိုခဲ့သည့် နေရာအဖြစ်လည်း လူသိများသည်။ ကမ္ဘာလှည့်ခရီးသွားများသည် ရန္တပိုသို့ ဧရာဝတီမြစ်ကြောင်းအတိုင်း ရေလမ်းခရီးမှ လာရောက်ကာ ရန္တပိုအိုးလုပ်ငန်းနှင့် ရန္တပို အထိမ်းအမှတ် ကျောက်တိုင်ကို ကြည့်ရှုလေ့ရှိကြသည်။

ရန္တပိုစာချုပ်သည် အင်္ဂလိပ်တို့က မြန်မာတို့အပေါ် အနိုင်အထက်ချုပ်ဆိုခဲ့သည့် မှတ်တမ်းသက်သေတစ်ခုအဖြစ် ထင်ရှားခဲ့သည်။ ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲ စစ်ပြေငြိမ်းစာချုပ်အဖြစ် ရန္တပိုရွာတွင် ချုပ်ဆိုခဲ့သည့် ယင်းစာချုပ်သည် ရန္တပိုစာချုပ်ဟု သမိုင်းတွင်ခဲ့သည်။

**ပထမ အင်္ဂလိပ်-မြန်မာ စစ်ပွဲ**

မြန်မာနိုင်ငံသည် နယ်ချဲ့အင်္ဂလိပ်များနှင့် စစ်ပွဲ သုံးကြိမ်ဖြစ်ပွားခဲ့သည့်အနက် ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲသည် ဘကြီးတော် စစ်ကိုင်းမင်းလက်ထက် ၁၈၂၄ ခုနှစ် မတ်လ ၅ ရက်နေ့တွင် စတင်ဖြစ်ပွားခဲ့ပြီး ၁၈၂၆ ခုနှစ်တွင် ပြီးဆုံးခဲ့သည်။ ရှင်မဖြူကျွန်းကိစ္စနှင့်ပတ်သက်၍ အငြင်းပွားကာ ဖြစ်ပွားခဲ့သည့် ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲတွင် မြန်မာတို့သည် အင်္ဂလိပ်တို့ကို လက်နက်နှင့် နည်းပညာ မယှဉ်နိုင်ခဲ့သဖြင့် ရှုံးနိမ့်ခဲ့ရကာ ရခိုင်၊ တနင်္သာရီနှင့် မဏိပူရတို့ကို စွန့်လွှတ်ခဲ့ရသည်။ စစ်ပွဲအတွင်း စစ်သူကြီးမဟာဗန္ဓုလသည် ဓနုဖြူတိုက်ပွဲတွင် ကျဆုံးခဲ့သည်။ နေမဝင်အင်ပါယာ ထူထောင်ရန်ကြိုးပမ်းခဲ့သည့် နယ်ချဲ့ဗြိတိသျှနှင့် ရင်ဆိုင်ရချိန်တွင် မြန်မာတို့သည် နယ်ချဲ့၏စစ်အင်အားကို မယှဉ်နိုင်ခဲ့ချေ။

မြန်မာနှင့် အင်္ဂလိပ်တို့သည် ရခိုင်-စစ်တကောင်း နယ်စပ်ပြဿနာကြောင့် ဗဒုံမင်းလက်ထက်ကတည်းကပင် ဆက်ဆံရေးအဆင်မပြေမှုများ ဖြစ်ပေါ်ခဲ့သည်။ ၁၈၁၉ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် ဘကြီးတော် စစ်ကိုင်းမင်း၏ ဘိသိက်မင်္ဂလာသဘင်သို့ မဏိပူရစော်ဘွား မာဂျစ်ဆင်း မတက်ရောက်ခြင်းကို မြန်မာဘက်က မိမိတင်ထားသည့်စော်ဘွား မိမိတို့အား ပုန်ကန်ခြားနားသည်ဟု ယူဆခဲ့ခြင်းသည် စစ်ပွဲဖြစ်ပွားလာရန် အကြောင်းဖန်ခဲ့သည်။ မာဂျစ်ဆင်းအပေါ် မကျေနပ်သည့် ဘကြီးတော်စစ်ကိုင်းမင်းသည် မဏိပူရသို့ မြန်မာတပ်များကို စေလွှတ်ခဲ့ရာ မာဂျစ်ဆင်းနှင့်တပ်များသည် ကချာ(Cachar)သို့ ထွက်ပြေးခဲ့သည်။

ကချာစော်ဘွား ဂေါဝိန္ဒချန္ဒရာသည် မာဂျစ်ဆင်း၏တပ်များ မိမိနယ်အတွင်းသို့ ရောက်ရှိလာခဲ့သဖြင့် ဗြိတိသျှတို့ထံ အကူအညီ တောင်းခံခဲ့သည်။ မြန်မာတို့က ၁၈၂၃ ခုနှစ် နိုဝင်ဘာလတွင် ဆီလဟတ်နှင့် အာသံ နယ်စပ်တစ်လျှောက်၌ တပ်အင်အားများ ချထားခဲ့ပြီးနောက် အင်္ဂလိပ်တို့သည် မြန်မာများလက်တွင်းသို့ ကချာနယ် ကျရောက်သွားမည်ကို စိုးရိမ်ခဲ့ကြသည်။ ကချာကျသွားလျှင် ဘင်္ဂလားအရှေ့ပိုင်းကို မြန်မာတို့ အလွယ်တကူတိုက်ခိုက်နိုင်မည်ဟု ယူဆခဲ့သဖြင့် အင်္ဂလိပ်တို့သည် ကချာကို ဦးအောင်သိမ်းပိုက်ခဲ့ပြီး အစောင့်အရှောက်ခံနယ်မြေအဖြစ် ကြေညာခဲ့သည်။ ၁၈၂၃ ခုနှစ်တွင် ကချာနယ်အတွင်းသို့ မြန်မာတပ်များဝင်ရောက်၍ မာဂျစ်ဆင်း၏တပ်များကို တိုက်ခိုက်ရာတွင် ကချာနယ်တွင် ရောက်နေသော ဗြိတိသျှတပ်များနှင့် မြန်မာတပ်များအကြား တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထိုအချိန်တွင် အင်္ဂလိပ်တို့သည် နတ်မြစ်ဝရှိ ရှင်မဖြူကျွန်းပေါ်တွင် တပ်စွဲခဲ့သဖြင့် မြန်မာတို့က တိုက်ခိုက်သိမ်းယူခဲ့သည်။

အိန္ဒိယဘုရင်ခံချုပ်က ရှင်မဖြူကျွန်းကို ဗြိတိသျှတို့ထံ ပြန်လည်ပေးအပ်ရန် တောင်းဆိုခဲ့သည်။ နယ်စပ်ကိစ္စဆောင်ရွက်ရန် စေလွှတ်ခဲ့သည့် အင်္ဂလိပ်အရာရှိနှစ်ဦးကို မြန်မာတို့က ဖမ်းဆီးချုပ်နှောင်ခဲ့ကာ မြန်မာတပ်များသည် ကချာကို ဝင်ရောက်တိုက်ခိုက်ခဲ့ကြသည်။ ကချာအရေးကြောင့် မြန်မာနှင့် ဗြိတိသျှတို့ ပဋိပက္ခဖြစ်ခဲ့ကာ ၁၈၂၄ ခုနှစ် မတ် ၅ ရက်တွင် ဘုရင်ခံချုပ် လော့ဒ်အင်းဟတ်(Lord Amherst)က မြန်မာနိုင်ငံနှင့်စစ်ဖြစ်ပြီဟု ကြေညာခဲ့သည်။ ဗြိတိသျှဗိုလ်ချုပ်ဆာ အာချီဘောလ်ကင်းဘဲလ်သည် စစ်သည် ၁၁၅၀၀ ကို ဦးဆောင်လျက် ရန်ကုန်သို့ ရေကြောင်းမှ ချီတက်လာခဲ့သည်။ ဗြိတိသျှ ရေကြောင်းချီတပ်များသည် မာန်အောင်ကျွန်း၊ မော်တင်စွန်းနှင့် ဟိုင်းကြီးကျွန်းတို့ကို သိမ်းပိုက်ခဲ့သည်။

မြန်မာစစ်သူကြီး မဟာဗန္ဓုလသည် စစ်တကောင်း၊ ပန်းဝါအရောက် တိုက်ခိုက်အောင်မြင်သော်လည်း ကုလားတို့ ငြိမ်ဝပ်မည်မဟုတ်၊ ပင်လယ်ရေလမ်းသင့်ရာ ဟံသာဝတီ ရန်ကုန်မြို့ကို ထိပါးနှောင့်ယှက်ရန်ရှိသည်၊ ဟံသာဝတီမြို့မှာ လက်ရုံးနှလုံးနှင့်ပြည့်စုံသူ မှူးကြီးမတ်ကြီးတို့ ရပ်နေမှ သင့်ပါမည့်အကြောင်း ဘကြီးတော်ထံ လျှောက်ခဲ့သည်။ ဘကြီးတော်သည် စစ်သူကြီးမဟာဗန္ဓုလ၏ လျှောက်ထားချက်အတိုင်း ဝန်ကြီး သတိုးမင်းကြီးမဟာမင်းခေါင်နှင့် ဝန်ကြီး သတိုးမဟာသေနာပတိတို့ကို ၁၈၂၄ ခုနှစ် မေလ ၇ ရက်တွင် ရန်ကုန်သို့ သွားရောက်စေခဲ့သည်။



၁၈၂၄ ခုနှစ် မေလ ၁၀ ရက်တွင် ဗြိတိသျှတပ်များ ရန်ကုန်သို့ ရောက်ရှိလာချိန်တွင် မြန်မာတပ်အင်အားသည် မြို့စောင့်တပ်အနေအထားမျှသာ ရှိသဖြင့် ဗြိတိသျှတပ်များကို မယှဉ်နိုင်ဘဲ ဆုတ်ခွာခဲ့ရသည်။ မြန်မာတပ်များသည် ကြည့်မြင်တိုင်တွင် ခံတပ်ဆောက်ကာ စစ်ပြင်ခဲ့ကြသည်။ စစ်သူကြီး မဟာဗန္ဓုလသည် အရေးမလှဖြစ်နေသော ရန်ကုန်စစ်မျက်နှာသို့ တပ်များကိုကွပ်ကဲ၍ ရုတ်ခြည်းရောက်ရှိလာခဲ့ချိန်တွင် မြန်မာတပ်များနှင့် အင်္ဂလိပ်တပ်များ တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။ သို့သော် မြန်မာတပ်များသည် ဗြိတိသျှတို့၏ လက်နက်အင်အားကို မယှဉ်နိုင်ခဲ့ဘဲ မဟာဗန္ဓုလသည် ရန်ကုန်မြို့မှ ဓနုဖြူသို့ ဆုတ်ခွာခဲ့ရကာ ၁၈၂၅ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ဓနုဖြူခံတပ်၌ ကျဆုံးခဲ့သည်။

မဟာဗန္ဓုလ ကျဆုံးပြီးသည့်နောက် မြန်မာတပ်များသည် မြန်မာနိုင်ငံအထက်ပိုင်းသို့ ဆက်လက်ဆုတ်ခွာခဲ့ကြသည်။ ဗြိတိသျှတပ်များသည် မြန်မာနိုင်ငံအထက်ပိုင်းသို့ ကြည်းကြောင်း၊ ရေကြောင်း နှစ်ဖက်ညှပ်၍ ဆက်လက်ချီတက်လာရာ မြန်မာတပ်များက ပြည်မြို့အနီးမှ ခုခံခဲ့သည်။ သို့သော် မြန်မာတပ်များသည် ပြည်မြို့မှဆုတ်ခွာခဲ့ရပြီး ဝက်ထီးကန်မှ ခုခံကြပြန်သည်။ ဝက်ထီးကန်တိုက်ပွဲတွင် ဗြိတိသျှတို့ဘက်မှ ဗိုလ်မှူးကြီးမက်ဒူးဝေါ အပါအဝင် အရာရှိငါးယောက်နှင့် စစ်သည်များ ကျဆုံးခဲ့သည်။ မကြာမီ ဗြိတိသျှများက အင်အားအလုံးအရင်းဖြင့် ပြန်လည်တိုက်ခိုက်ချိန်တွင် မြန်မာတပ်များ ဆုတ်ခွာခဲ့ရသည်။

ပြည်မြို့နှင့် ဝက်ထီးကန် ကျသွားပြီးနောက် မြန်မာ့တပ်များသည် မြေထဲ၊ မလွန်၊ ပုဂံ၊ ညောင်ဦး၊ ဆီမီးခုံ အစရှိသည့် မြို့ရွာများသို့ ဆုတ်ခွာကာ ခုခံတိုက်ခိုက်ခဲ့ကြရာ ရန္တပိုရွာအထိ ရောက်ရှိလာခဲ့ကြသည်။ ထိုအချိန်တွင် မြန်မာဘုရင့်အစိုးရသည် ဒေါက်တာဂျက်ဆင်နှင့် ဒေါက်တာပရိုက်တို့ကို ဗြိတိသျှတပ်များထံသို့ စေလွှတ်၍ အင်္ဂလိပ်တို့နှင့် စစ်ပြေငြိမ်းရေး ဆွေးနွေးစေခဲ့သည်။

မြန်မာအစိုးရဘက်မှ လယ်ကိုင်းမြို့စား ဝန်ကြီး မင်းကြီး မဟာမင်းလှကျော်ထင်၊ ကျီဝန် အတွင်းဝန်မင်းကြီး မဟာမင်းလှသီဟသူရတို့သည် ဗြိတိသျှဘက်မှ ဆာအာချီဘောလ်ကင်းဘဲလ် အပါအဝင် အရာရှိများနှင့် ရန္တပိုရွာတွင်တွေ့ဆုံကာ နောင်တွင် ရန္တပိုစာချုပ်ဟု ထင်ရှားလာမည့် စစ်ပြေငြိမ်းစာချုပ်ကို ချုပ်ဆိုခဲ့ရာ အင်္ဂလိပ်တို့က မိတ်သဟာယ စာချုပ်ဟု ညွှန်းဆိုခဲ့သည်။

ရန္တပိုစာချုပ်ကို မြန်မာသက္ကရာဇ် ၁၁၈၇ ခုနှစ် တပေါင်းလပြည့်ကျော် ၄ ရက် (ခရစ်နှစ် ၁၈၂၆ ခု ဖေဖော်ဝါရီ ၂၄ ရက်)နေ့တွင် မြန်မာဘက်မှ စစ်သူကြီး လယ်ကိုင်းမြို့စားဝန်ကြီး မင်းကြီးမဟာမင်းလှကျော်ထင်၊ ကျီဝန် အတွင်းဝန်မင်းကြီးမဟာမင်းလှသီဟသူနှင့် ဗြိတိသျှဘက်မှ ဗိုလ်ချုပ်အာချီဘောလ်ကင်းဘဲလ်၊ အရေးပိုင် ရောဘတ်စင်၊ ရေတပ်ကပ္ပတိန် ရစ်ချတ်ဘာ့ချ်တို့က ချုပ်ဆိုခဲ့ကြသည်။ ရန္တပိုစာချုပ်အရ မြန်မာနိုင်ငံသည် မိမိပိုင်နယ်မြေများကို ပြည်ပမှ ကျူးကျော်သူထံ ပထမဆုံး စွန့်လွှတ်ပေးအပ်ခဲ့ရသည်။

အင်္ဂလိပ်တို့သည် ရန္တပိုစာချုပ် ချုပ်ဆိုအပြီး ၁၈၂၆ ခုနှစ် မတ်လဆန်းတွင် တပ်များကို ရုပ်သိမ်းခဲ့သည်။ မြန်မာတို့သည် မိမိတို့နိုင်ငံ အဓွန့်ရှည်တည်တံ့စေရန်နှင့် တိုင်းတစ်ပါး၏ရန်ကို ကာကွယ်နိုင်ရန် ခိုင်မာ၊ တောင့်တင်း၊ ခေတ်မီသော အင်အားတစ်ရပ်ကို ထူထောင်ကြရမည်ဖြစ်ကြောင်း အင်္ဂလိပ်တို့နှင့် ဖြစ်ပွားခဲ့သော စစ်ပွဲသုံးခုမှ သင်ခန်းစာယူနိုင်ခဲ့ပေသည်။

မြန်မာတို့ထံမှ စစ်လျော်ကြေး ရွှေနှင့်ငွေများကို တင်ဆောင်သွားခဲ့သည့် အင်္ဂလိပ်သင်္ဘော(Alligator)သည် ယူနီယံဂျက်အလံကို လွှင့်ထူကာ ရန်ကုန်မြစ်အတွင်းမှ ထွက်ခွာသွားခဲ့သည့် ပုံရိပ်သည် မြန်မာနိုင်ငံသားတိုင်းအတွက် များစွာ ကြေကွဲဝမ်းနည်းဖွယ် ဖြစ်ခဲ့ရပေသည်။ ရန္တပိုတွင် စစ်ပြေငြိမ်းစာချုပ် ချုပ်ဆိုခဲ့သည့် အထိမ်းအမှတ် ကျောက်စာတိုင်သည် မြန်မာတို့ အနိုင်ကျင့်ခံခဲ့ရမှု၏ သက်သေတစ်ရပ်အဖြစ် ယနေ့တိုင် တည်ရှိနေပေသည်။

**ရန္တပိုစာချုပ်**

ရန္တပိုစာချုပ်တွင် အပိုဒ် ၁၁ ပိုဒ် ပါဝင်ခဲ့ပြီး မြန်မာဘုရင်သည် အာသံကို အစိုးမရသည့်အပြင် အင်္ဂလိပ်များက ရခိုင်ကိုသိမ်းယူ၍ မော်တင်စွန်းကို နယ်စပ်အဖြစ် သတ်မှတ်ခဲ့သည်။ သံလွင်မြစ်ကို အပိုင်းအခြားအဖြစ် သတ်မှတ်၍ တနင်္သာရီဒေသကိုလည်း သိမ်းယူခဲ့ကာ စစ်လျော်ကြေးအဖြစ် မြန်မာဘုရင်က ကျပ်တစ်ကုဋေပေးရန် စာချုပ်ချုပ်ဆိုခဲ့ရပေသည်။

ပထမ။ ။အင်္ဂလိပ်မင်းနှင့် မြန်မာရှင်ဘုရင်တို့သည် စစ်ပြေငြိမ်း၍ မိတ်သဟာယ အစဉ်အဆက်ဖြစ်စေ။

ဒုတိယ။ ။မြန်မာရှင်ဘုရင်က အာသံပြည် မြို့ရွာ၊ အက္ကပတ်ပြည်၊ ဝေသာလီပြည် (Assam, Cachar, Munnipure)တို့ကို အစိုးမပိုင်။ နောက်တတန် မစီရင်ရ။ မဏိပူရမြို့မှာလည်း ဂမ္ဘီရရှိန် (Gambhir Sing)တို့သည် မိမိပြည်သို့ပြန်၍ မင်းပြုလုပ်လိုလျှင် မြန်မာဘုရင်က အဆီးအတား အနှောင့်အယှက်မပြု နေရမည်။

တတိယ။ ။နောက်တဘန် ပြည်ကြီးနှစ်ပြည် အပိုင်းအခြားကို ငြင်းခုံရန် အကြောင်းမရှိရအောင် အင်္ဂလိပ်မင်းသည် တိုက်၍အောင်ခဲ့သော ရခိုင်၊ ယမ်းဖြဲ၊ မာန်အောင်၊ သံတွဲတည်းဟူသော ရခိုင်ပြည်ကြီးကို အစဉ်ယူ၍ မော်တင်စွန်းစေတီကြီးထိ စပ်ကြား အပိုင်းအခြားဖြစ်စေ။ နောက်မှ အပိုင်းအခြားကို ငြင်းခုံရန်ရှိလျှင် အင်္ဂလိပ်မင်း၊ မြန်မာမင်းက ခန့်ထားသောသူတို့သည် အထက် နယ်နိမိတ်အတိုင်း မှန်ကန်အောင်စီရင်စေ။ ခန့်ထားသောသူတို့လည်း အရာရှိ မှူးမတ် သူကောင်းဖြစ်စေရမည်။

စတုတ္ထ။ ။မြန်မာရှင်ဘုရင်သည် အင်္ဂလိပ်မင်းကို ယေး၊ မြိတ်၊ ထားဝယ်၊ တနင်္သာရီ မြို့ရွာနယ်နိမိတ်၊ တောင် ကမ်း ကျွန်းများနှင့်တကွ အပိုင်ပေးသည်။ သံလွင်မြစ်က အပိုင်းအခြားဖြစ်ရမည်။ နောက်မှ အပိုင်းအခြားငြင်းခုံရန်ရှိလျှင် အထက်ဆိုခဲ့ပြီးသည့်အတိုင်း စီရင်စေ။

ပဉ္စမ။ ။မြန်မာရှင်ဘုရင်သည် ပြည်ကြီးနှစ်ပြည် အစဉ်မိတ်သဟာယဖွဲ့စေချင်သော စေတနာ အလိုထင်ရှားရှိစေခြင်းငှာ အင်္ဂလိပ်က စစ်တိုက်၍ ကုန်စားရိပ်အနက် အနည်းငယ် ပြေရအောင် ကျပ်သုံးဒင်္ဂါးပြားရေ တစ်ကုဋေ ပေးရမည်။

ဆဋ္ဌမ။ ။ယခုစစ်တိုက်ကြသည့်အတွင်း ကုလားဘက်သို့ဝင်စားသော မြန်မာရှင်ဘုရင့်ကျွန်၊ မြန်မာဘက်သို့ဝင်စားသော ကုလားတို့မှာ အလိုလိုဝင်စားသည်ဖြစ်စေ၊ အနိုင်ဝင်စားရသည်ဖြစ်စေ၊ အဘယ်သူမျှ အဘက်ဘက်သို့ ဝင်စားသည့်အတွက် ရာဇဝတ်မခံ အနှောင့်အယှက် မရှိစေရ။

သတ္တမ။ ။ပြည်ကြီးနှစ်ပြည် ယခုဘွဲ့သော မိတ်သဟာရမြဲစေခြင်းငှာ အင်္ဂလိပ်မင်းခန့်ထားသော အရာရှိတယောက်၊ အခြွေအရန် လူငါးဆယ်၊ လက်နက်ကိရိယာအစုံနှင့် မြန်မာမြို့တော်မှာ နေစေ။ မြန်မာမင်းခန့်ထားသော အရေးပိုင်အရာရှိတစ်ယောက် အခြွေအရန် လူငါးဆယ်၊ လက်နက်ကိရိယာအစုံနှင့် ကုမ္ပဏီဘုရင့်မြို့တော်မှာ နေစေ၊ ကုလားပြည်မှာနေသော မြန်မာမင်း၊ မြန်မာပြည်မှာနေသော ကုလားမင်းတို့သည် မိမိနေရာဘို့ အတော်အသင့် တိုက်အိမ်ကို ဝယ်လိုလျှင် ဝယ်၍နေစေ။ အသစ်တည်လိုလျှင်လည်း တည်လုပ်စေ၊ ၎င်းနှစ်နိုင်ငံနှစ်ပါး အကျိုးစီးပွားဖြစ်ထွန်းစေခြင်းငှာ ရွှေလမ်း ငွေလမ်းဖွင့်၍ အချင်းချင်း ဘောက်ကားရောင်းဝယ်ခြင်း အမှုအရေးများနှင့်ဆိုင်သော စာချုပ်ကို ထပ်၍လုပ်စေရမည်။

အဋ္ဌမ။ ။စစ်မရှိ မတိုက်မီ ကြွေးဟောင်း မြီဟောင်း ရှိသမျှ မင်းအရာရှိ ဆိုင်သည်ဖြစ်စေ၊ ဆင်းရဲသားဆိုင်သည်ဖြစ်စေ၊ သစ္စာရှိသည့်အတိုင်း ကုန်စင်အောင် ဆပ်ပေးစေရမည်။ ကြွေးတင်သည့်နောက်ဖြစ်သည်ဆို၍ မကပ်မခိုစေရ၊ သူ့ဥစ္စာကို အသိမ်းအယူမရှိစေရ၊ စစ်တိုက်သော အမှုကြောင့် အဘယ်မျှ ကုလားဖြစ်စေ၊ မြန်မာဖြစ်စေ သူ့ဥစ္စာကို အသိမ်းအယူမရှိစေရ၊ အင်္ဂလိပ်ရှင်ဘုရင့်ကျွန်ဖြစ်တို့သည် မြန်မာနိုင်ငံတွင်သေ၍ အမွေခံမရှိလျှင် ကျန်ရစ်သော ဥစ္စာပစ္စည်းရှိသမျှကို မြန်မာနိုင်ငံတွင် နေသော အင်္ဂလိပ်အရေးပိုင်လက်သို့ ကုလားဖြူ ထုံးစံအတိုင်း အပ်ရမည်။ ထိုနည်းအတူ မြန်မာမင်းကျွန်ဖြစ်လိုသူတို့သည် အင်္ဂလိပ်နိုင်ငံတွင်သေ၍ အမွေခံမရှိလျှင် ကျန်ရစ်သော ဥစ္စာပစ္စည်းရှိသမျှကို အင်္ဂလိပ်နိုင်ငံတွင်နေသော မြန်မာမင်း အရေးပိုင်အရာရှိလက်သို့ အပ်ရမည်။

နဝမ။ ။အင်္ဂလိပ်သင်္ဘောများကို မြန်မာမြို့ဆိပ်သို့ ဝင်ရောက်လျှင် တက်မချွတ် အမြောက်မချဘဲ နေသကဲ့သို့ အင်္ဂလိပ်မြို့ဆိပ်သို့ ဝင်ရောက်သော မြန်မာသင်္ဘောသည်လည်း အနှောင့်အယှက်မရှိဘဲ နေရမည်။

ဒသမ။ ။အင်္ဂလိပ်မင်းနှင့် မိတ်သဟာယဘွဲ့သော ယိုးဒယားရှင်ဘုရင်သည် အင်္ဂလိပ်ဘက်သို့ စစ်ကူ၍ ဝင်စားလာသည်မှာ ယခုလုပ်ကြသော မိတ်သဟာယစာချုပ် အပါအဝင်ဖြစ်သည်ကို မှတ်ရမည်။

ကောဒသမ။ ။ယခုလုပ်သော မိတ်သဟာယ စာချုပ်ကို မြန်မာဘုရင် ခန့်ထားတော်မူသော အရေးပိုင် သံတမန်တို့သည် လက်မှတ်၊ တံဆိပ် ခပ်နှိပ်ရမည်။ အချုပ်ခံရသော အင်္ဂလိပ် အမေရိကန် အစရှိသော ကုလားဖြူ၊ ကုလားနက် ရှိသမျှတို့ကို အင်္ဂလိပ်အရေးပိုင် သံတမန်တို့လက်သို့ အပ်ရမည်။ ၎င်း ဣန္ဒိယတိုင်းကို အစိုးရသော ကုမ္ပဏီရှင်ဘုရင်သည် ခံဝန်၍ တံဆိပ်ခပ်သော စာချုပ်ကို ၎င်းလအတွင်း မြန်မာဘုရင်လက်တော်သို့ ပြန်၍ပေးလိုက်ရမည်။ အင်္ဂလိပ်မင်း ချုပ်ထားသည့် မြန်မာလူရှိသမျှတို့ကို အင်္ဂလိပ်ပြည်မှ အလျင်အမြန်ခေါ်ခဲ့၍ မြန်မာမင်းလက်သို့ အပ်ရမည်။

(စာချုပ်ပါ မူလစာလုံးပေါင်းသတ်ပုံများအတိုင်း ဖြစ်ပါသည်။)

အင်္ဂလိပ်တို့သည် မြန်မာတို့အပေါ် နိုင်လိုမင်းထက် စာချုပ်ချုပ်ဆိုအပြီး ရန္တပိုစာချုပ်အရ မြန်မာတို့က အင်္ဂလိပ်တို့အား စစ်လျော်ကြေး ငွေကျပ် တစ်ကုဋေနှင့် ရခိုင်၊ တနင်္သာရီနှင့် မဏိပူရနယ်တို့ကို ပေးခဲ့ရသည်။ မြန်မာ့သမိုင်းတစ်လျှောက် မြန်မာတို့ပိုင်ဆိုင်ခဲ့သော နယ်မြေများကို တိုင်းတစ်ပါးသားတို့အား ပေးလိုက်ရသည်။ မြန်မာပြည်သူများသည် ဆုံးရှုံးခဲ့ရသည့် နိုင်ငံပိုင်နယ်မြေများကို ပြန်လည်ရရှိရန် နှစ်ပေါင်း ၁၂၂ နှစ်ကြာ တိုက်ပွဲဝင်ခဲ့ရကာ နိုင်ငံတော်လွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ်ရောက်မှသာ ပြန်လည်ရရှိခဲ့သည်။

မျိုးချစ်စိတ်ဓာတ် ထက်သန်သော မြန်မာလူမျိုးတို့သည် မိမိတို့ နိုင်ငံနှင့် လူမျိုးကို ချစ်မြတ်နိုးကြသည်နှင့်အမျှ နိုင်ငံတော်အား တိုင်းတစ်ပါးသားတို့ မနှောင့်ယှက်နိုင်စေရန် ခိုင်မာသော၊ ခေတ်မီတိုးတက်သော အင်အားတစ်ရပ်ကို ထူထောင်ကြရမည်ဖြစ်ကြောင်း အင်္ဂလိပ်တို့နှင့်ဖြစ်ပွားခဲ့သော စစ်ပွဲများက လမ်းပြခဲ့သည်။ ရန္တပိုရွာတွင်စိုက်ထူထားသော စစ်ပြေငြိမ်းသည့်အထိမ်းအမှတ် ကျောက်တိုင်သည် မြန်မာတို့အပေါ် အနိုင်အထက် စာချုပ်ချုပ်ဆိုခဲ့သည့် အထောက်အထားတစ်ခုအဖြစ် တည်ရှိနေကာ သမိုင်းဝင် ရန္တပိုကျောက်တိုင်သည် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို မီးမောင်းထိုးပြသည့် နှယ် ရပ်တည်နေပေသည်။ ။

“ မြန်မာအစိုးရဘက်မှ လယ်ကိုင်းမြို့စားဝန်ကြီး မင်းကြီးမဟာမင်းလှကျော်ထင်၊ ကျီဝန် အတွင်းဝန်မင်းကြီး မဟာမင်းလှသီဟသူရ တို့သည် ဗြိတိသျှတို့ဘက်မှ ဆာအာချီဘောလ်ကင်းဘဲလ်အပါအဝင် အရာရှိများနှင့် ရန္တပိုရွာတွင် တွေ့ဆုံကာ နောင်တွင် ရန္တပိုစာချုပ်ဟု ထင်ရှားလာမည့် စစ်ပြေငြိမ်းစာချုပ်ကို ချုပ်ဆိုခဲ့ရာ အင်္ဂလိပ်တို့က မိတ်သဟာယစာချုပ်ဟု ညွှန်းဆိုခဲ့သည်”

**ကိုးကား**

**(၁) အင်္ဂလိပ်-မြန်မာ စစ်သမိုင်း (နတ်မောက်ဘုန်းကျော်)**
**(၂) မြန်မာ့စွယ်စုံကျမ်း အတွဲ(၁၁)**
**(၃) ရန္တပိုစာချုပ်**
**(၄) DMHC သင်တန်းမှတ်စုများ**

# ဒုစရိုက်မှုများဖြစ်ပွားနေ၍ လုံခြုံရေးလူငယ် ၁၀၀ ကျော် ညဘက်တွင် ကင်းလှည့်စောင့်ကြပ်



**ကလေး ဖေဖော်ဝါရီ ၅**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ပေါ်တွင် ဇန်နဝါရီလဆန်းပိုင်းက ဆိုင်ကယ်စီးသွားလာသူများနှင့် လမ်းလျှောက်သွားလာနေသူများအား ရိုက်နှက်၍ လုယက်မှုများ မကြာခဏဖြစ်ပွားကာ အချို့မှာ ပြင်းထန်ဒဏ်ရာများရရှိပြီး သေဆုံးသူများပင် ရှိလာသဖြင့် တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေးအတွက် ဇိုမီးလူငယ် လူမှုကူညီရေးအသင်း(Zomi Youth Association-ZYA)မှ လူငယ်အင်အား ၁၀၀ ကျော်တို့သည် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့နှင့် ပူးပေါင်းကာ ညဘက်တွင် ကင်းလှည့်စောင့်ကြပ်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း ကလေးမြို့အခြေစိုက် ဇိုမီးလူငယ် လူမှုကူညီရေးအသင်းနှင့် ရဲတပ်ဖွဲ့တို့မှ သိရသည်။

**သုံးကြိမ်ဖြစ်ပွားခဲ့**

ကလေးမြို့ ပင်လုံရပ်ကွက်တွင် ဇန်နဝါရီ ၁၄ ရက်က လမ်းလျှောက်ရင်း ဖုန်းစကားပြောနေသူအား ရိုက်နှက်၍ ဖုန်းလုယူမှုဖြစ်ပွားခဲ့ရာ အရိုက်ခံရသူမှာ ဇန်နဝါရီ ၂၂ ရက်တွင် သေဆုံးသွားကြောင်း၊ ထို့အပြင် အခြားရပ်ကွက်များ၌လည်း ဆိုင်ကယ်စီးနေသူအချို့အား တွန်းလှဲ၍ ဝိုင်းဝန်းထိုးကြိတ်ရိုက်နှက်ကာ ပစ္စည်းလုယူမှုများ ဖြစ်ပွားခဲ့ကြောင်း၊ ဇိုမီးလူငယ် လူမှုကူညီရေးအသင်းမှ ရရှိထားသည့်စာရင်းအရ ဇန်နဝါရီလအတွင်း ယင်းကဲ့သို့ ညအချိန် အုပ်စုဖွဲ့၍ လူကိုရိုက်ခြင်းနှင့် ပစ္စည်းလုယက်ခြင်းဖြစ်စဉ်မျိုး သုံးကြိမ်ဖြစ်ပွားခဲ့ပြီး ပြင်းထန်ဒဏ်ရာရမှုကြောင့် အရေးပေါ်ဆေးကုသမှုခံယူရခြင်းများ ရှိခဲ့ကြောင်း၊ ယင်းကိစ္စများနှင့်ပတ်သက်၍ အမှုမှန်ပေါ်ပေါက်ရေး၊ တရားခံဖော်ထုတ်ဖမ်းဆီးနိုင်ရေးနှင့် လမ်းပေါ်သောက်စားမူးယစ်မှုကင်းရှင်းရေးအတွက် ပြည်သူနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ လက်တွဲပူးပေါင်းကာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဇိုမီးလူငယ် လူမှုကူညီရေးအသင်းမှ တာဝန်ခံ ကြီးကြပ်ရေးမှူး ဦးအင်ခန့်ဂိုက ပြောသည်။

**ကင်းလှည့်စစ်ဆေးပေး**

"ရဲနဲ့ပြည်သူတွေ စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်နေမယ်ဆိုရင်တော့ ဖြစ်ပွားပြီးတဲ့ကိစ္စက ဒုစရိုက်သမားတွေကို မဖမ်းမိသည့်တိုင်အောင် နောက်ထပ်ဖြစ်ပွားမှုကတော့ လျော့နည်းမယ်လို့ ထင်ပါတယ်၊ ဒုစရိုက်တားဆီးနိုင်ဖို့နဲ့ တရားခံဖော်ထုတ်ဖမ်းဆီးနိုင်ဖို့ အများပြည်သူသွားလာလှုပ်ရှားတဲ့ ကားကြီးဝင်း၊ ကားလေးဝင်းစတဲ့ အထင်ကရနေရာတွေကိုလည်း ကင်းလှည့်စစ်ဆေးပေးတဲ့အတွက် နယ်မြေလုံခြုံစိတ်ချရလို့ အရမ်းဝမ်းသာမိပါတယ်"ဟု ဒေသခံမြို့မိမြို့ဖတစ်ဦးက ပြောသည်။

**လှုပ်ရှားမှုများ**

ကင်းလှည့်ခြင်းကို ဇန်နဝါရီ ၂၈ ရက် ညပိုင်းမှစတင်ကာ ကလေးမြို့ပေါ်ရှိ ပင်လုံ၊ ချမ်းမြေ့အောင်စည်၊ သဇင်၊ တပ်ဦးသီတာ၊ တာဟန်း၊ တောင်ဇီလာစသည့် ရပ်ကွက်များတွင် ဆောင်ရွက်ကြောင်း၊ တစ်ဖွဲ့လျှင် ၁၅ ဦးမှ ၂၀ ဦးဝန်းကျင် ပါဝင်သည့် ရဲတပ်ဖွဲ့ဝင်များနှင့် လူငယ်အဖွဲ့များ လုံခြုံရေးကင်းလှည့်ကြရာ စတင်ကင်းလှည့်ခဲ့သည့်ည၌ပင် ရပ်ထားသည့်ကားကို အမျိုးသမီးတစ်ဦးက ဆိုင်ကယ်ဖြင့်ဝင်တိုက်မိ၍ သတိလစ်မေ့မြောသွားသည်ကိုတွေ့ရှိပြီး ဆေးရုံသို့ ပို့ဆောင်ပေးနိုင်ခဲ့ခြင်း၊ စမ်းမြို့ရပ်ကွက်တွင် အုပ်စုလိုက်ရန်ဖြစ်နေသူလေးဦးကို ရဲစခန်းသို့ အပ်နှံနိုင်ခဲ့ခြင်းနှင့် ကလေးမြို့နယ် ဥပဒေရုံးရှေ့တွင် အော်ဟစ်ဆူပူနေကြသည့် လူငယ်ငါးဦးတို့ကိုလည်း အိမ်ပြန်ခိုင်းခြင်းစသည့် လှုပ်ရှားမှုများ ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

**ရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်**

"ဒုစရိုက်မှုတွေကျဆင်းအောင် နယ်ထိန်းနဲ့ တပ်ဖွဲ့ဝင်တွေကလည်း အရပ်ဝတ်နဲ့ သတင်းယူစောင့်ကြည့်တာ၊ နေ့ရောညပါ လှည့်ကင်းပတ်တာတွေ လုပ်ဆောင်နေပါတယ်၊ အရပ်သားတွေပဲ ဆောင်ရွက်ရင်တော့ မလိုလားအပ်တဲ့ပြဿနာတွေ ဖြစ်သွားနိုင်တယ်၊ ရဲတပ်ဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်တာဆိုတော့ အရမ်းကောင်းတာပေါ့၊ အားလုံးက တက်တက်ကြွကြွနဲ့ လုပ်ကြတယ်ဆိုတော့ ရဲတပ်ဖွဲ့တွေနဲ့ပေါင်းပြီး ဆောင်ရွက်ပေးလိုက်တာဖြစ်တယ်၊ ဆိုင်ကယ်နဲ့သွားလာနေသူရော လမ်းလျှောက်သွားလာနေသူတွေပါ သတိဝီရိယရှိရှိ သတိပြုသွားလာ မောင်းနှင်ကြဖို့ လိုပါမယ်"ဟု ကလေးမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဗိုလ်ဗိုလ်ဝင်းထွဋ်က ပြောသည်။

ကလေးမြို့၌ ယခုကဲ့သို့ လုယက်မှုများဖြစ်ပေါ်နေခြင်းမှာ လူငယ်များအကြား မူးယစ်ဆေးဝါးသုံးစွဲသူများနှင့် သောက်စားမူးယစ်သူ များပြားလာခြင်း၊ ဆိုင်ကယ်စီးနင်းသူများအနေဖြင့် ပိုက်ဆံအိတ်၊ ငွေနှင့် ပစ္စည်းများကို ဆိုင်ကယ်ရှေ့ခြင်းနှင့် ဆိုင်ကယ် Tool Box အတွင်း လွယ်လင့်တကူ ထည့်ထားခြင်းနှင့် ညပိုင်းလူပြတ်သည့်နေရာများတွင် ဆိုင်ကယ်ရပ်နား၍ဖြစ်စေ၊ လမ်းလျှောက်၍ဖြစ်စေ ဖုန်းကိုအာရုံစိုက်၍ စကားပြောနေခြင်းတို့ကြောင့် ယခုကဲ့သို့ လုယက်ခံရမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဒေသခံပြည်သူများကသုံးသပ်ပြောဆိုသည်။

ဇိုမီးလူငယ် လူမှုကူညီရေးအသင်း(ZYA)ကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၂၅ ရက်က စတင်ဖွဲ့စည်းခဲ့ပြီး တရားဝင်မှတ်ပုံတင်ခွင့်ပြုချက်ရရှိထားသော လူမှုကူညီရေး အသင်းအဖွဲ့တစ်ခုဖြစ်ကာ အဖွဲ့အနေဖြင့် အရေးပေါ်လူနာများအတွက် သွေးလှူဒါန်းခြင်း၊ အောက်ဆီဂျင်ဘူး ငှားရမ်းအသုံးပြုစေခြင်း၊ လူနာများအား နာရေးကူညီမှုယာဉ်ဖြင့် ဆေးရုံသို့တင်ပို့ပေးခြင်း၊ သဘာဝဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေး ဆောင်ရွက်ပေးခြင်း၊ ပိုင်ရှင်မဲ့အလောင်းများ၏ နာရေးကိစ္စများတွင် ကူညီဖေးမပေးခြင်း၊ လူပျောက်သူများအား ကြော်ငြာ၍ ကူညီရှာဖွေပေးခြင်း၊ အားကစားမြှင့်တင်ရေးအတွက် ဇိုမီးလူငယ်ဘောလုံးအသင်း(ZOFA) ဖွဲ့စည်းပေးခြင်းစသည့် ပရဟိတလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ချင်းတွင်းသား**

## အာမခံလုပ်ငန်းများအကြောင်း ပညာပေးဟောပြော

**မကွေး ဖေဖော်ဝါရီ ၅**
မြန်မာ့အာမခံလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော အာမခံလုပ်ငန်းများနှင့် ပတ်သက်၍ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်မှ ပညာရေးဝန်ထမ်းများအား အသိပညာပေးဟောပြောပွဲကို မင်းဘူးမြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၃ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် တိုင်းဒေသကြီး မြန်မာ့အာမခံလုပ်ငန်း တာဝန်ခံက မြန်မာ့အာမခံလုပ်ငန်း၏ ရည်ရွယ်ချက်နှင့် ဆောင်ရွက်လျက်ရှိသော အာမခံလုပ်ငန်းများအကြောင်း အမှာစကားပြောကြားပြီး ပြည်သူ့ဝန်ထမ်း အသက်အာမခံ အပါအဝင် အသက်အာမခံဆိုင်ရာများ၊ အသက်အာမခံ ထားရှိခြင်းအတွက် ရရှိနိုင်မည့် အကျိုးကျေးဇူးများနှင့် အကျိုးခံစားခွင့်များအကြောင်း စသည်တို့ကို မင်းဘူးမြို့နယ်မှ ပညာရေးဝန်ထမ်းများအား အသိပညာပေး ရှင်းလင်းပြောကြားခဲ့ကာ ဝန်ထမ်းများ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့သည်။ ဟောပြောပွဲသို့ မင်းဘူးမြို့နယ်အတွင်းမှ ပညာရေးဝန်ထမ်း ၁၂၀ ခန့် တက်ရောက်ခဲ့သည်။

အသက်အာမခံဆိုသည်မှာ လူ့အသက်အတွက်ထားရှိသော အာမခံစာချုပ်အရ အာမခံငွေထုတ်ပေးရန် တာဝန်ယူခြင်းဖြစ်ပြီး အသက်အာမခံထားခြင်းဖြင့် ငွေစုဆောင်းတတ်သော အလေ့အကျင့်ကောင်း ရရှိခြင်း၊ အစိုးရအားပေးဆပ်ရန်ရှိသော ကြွေးမြီမှတစ်ပါး အခြားကြွေးမြီများအတွက် ဝရမ်းမကပ်နိုင်ခြင်း၊ ဝင်ငွေခွန်သက်သာခွင့်ရခြင်း၊ ငွေချေးယူခွင့်ရှိခြင်း၊ ကျန်ရစ်သူမိသားစုအတွက် ငွေကြေးအထောက်အပံ့ ရရှိနိုင်ခြင်း၊ အလီလီစုဆောင်းခဲ့သော အာမခံငွေများကို နှစ်စေ့လျှင် တစ်လုံးတစ်ခဲတည်း ထုတ်ယူနိုင်ခြင်းနှင့် ပြည်သူပြည်သားများက အလီလီစုဆောင်းထားသောငွေကို အခြားလိုအပ်သည့်နေရာများတွင် ထပ်မံ ရင်းနှီးမြှုပ်နှံရန် ငွေလုံးငွေရင်းရရှိနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ဇဖဲ)**

## ဗိုလ်ချုပ်ကြေးရုပ် ရောက်ရှိလာမှုကို ပြည်သူများ သောင်းသောင်းဖြဖြ ကြိုဆို

**ပွင့်ဖြူ ဖေဖော်ဝါရီ ၅**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် သရက်တောကျေးရွာ ပညာရောင်ခြည်စာကြည့်တိုက်ရှေ့၌ ဗိုလ်ချုပ်ကြေးရုပ်တု စိုက်ထူထားရှိရန်အတွက် မန္တလေးမြို့မှ သယ်ဆောင်လာခဲ့သော ဗိုလ်ချုပ်ကြေးရုပ်တု မော်တော်ယာဉ်အဖွဲ့သည် ဖေဖော်ဝါရီ ၁ ရက်က ပွင့်ဖြူမြို့သို့ ရောက်ရှိလာခဲ့ရာ ဒေသခံ မြို့မမြို့ဖများ၊ ပွင့်ဖြူ(အထက) ကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ဘင်ခရာ သံစုံတီးဝိုင်းများဖြင့် သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဗိုလ်ချုပ်ကြေးရုပ်ကို သရက်တောကျေးရွာ ဗိုလ်ချုပ်ကြေးရုပ်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုလေး ဦးဆောင်၍ ကော်မတီဝင်များက အလှူငွေများ ကောက်ခံကာ မန္တလေးမြို့တွင် ကြေးသွန်းခဲ့ခြင်းဖြစ်ကြောင်း၊ ဗိုလ်ချုပ်ကြေးရုပ်မှာ ကြေးပိဿာချိန် ၁၇၀ ခန့်ရှိပြီး ကျပ်သိန်း ၁၂၀ ခန့် ကုန်ကျခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ပွင့်ဖြူမြို့နယ် သရက်တောကျေးရွာ ပညာရောင်ခြည်စာကြည့်တိုက်ရှေ့မှာ ဗိုလ်ချုပ်ကြေးရုပ်တု စိုက်ထူထားရှိနိုင်ဖို့အတွက် ကျေးရွာမှာရှိတဲ့ ရပ်မိရပ်ဖများနဲ့တိုင်ပင်ပြီး ဗိုလ်ချုပ်ကြေးရုပ်တု ဖြစ်မြောက်ရေး ကော်မတီကို ဖွဲ့စည်းပြီးတော့ အလှူငွေတွေကောက်ခံခဲ့ပါတယ်၊ စေတနာရှင်ပြည်သူများထံမှ ကောက်ခံရရှိတဲ့ငွေနဲ့ ယခုလို ဗိုလ်ချုပ်ကြေးရုပ်တုကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့တာဖြစ်ပါတယ်၊ ဒီဗိုလ်ချုပ်ကြေးရုပ်တုကိုတော့ မန္တလေးမြို့က မှာယူခဲ့တာဖြစ်ပါတယ်၊ မနေ့က မန္တလေးမြို့ကနေ မော်တော်ယာဉ်နဲ့ သယ်ဆောင်လာခဲ့တာ ဒီနေ့မွန်းလွဲပိုင်းမှာ ပွင့်ဖြူမြို့နယ်ကို ရောက်ရှိခဲ့ပါတယ်၊ အခုသယ်ဆောင်လာတဲ့ ဗိုလ်ချုပ်ကြေးရုပ်တုကို ဗိုလ်ချုပ်မွေးနေ့ဖြစ်တဲ့ ဖေဖော်ဝါရီ ၁၃ ရက်မှာ တခမ်းတနား ဖွင့်ပွဲကျင်းပသွားမှာဖြစ်ပါတယ်"ဟု ဗိုလ်ချုပ်ကြေးရုပ်ဖြစ်မြောက်ရေး ကော်မတီဝင်တစ်ဦးဖြစ်သူ ဦးနိုင်လင်းက ပြောကြားသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



## ဗိုလ်ချုပ်မွေးနေ့အထိမ်းအမှတ် စာပေဟောပြောပွဲကျင်းပမည်

**မလှိုင် ဖေဖော်ဝါရီ ၅**
မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့တွင် "၁၀၃ နှစ်မြောက် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ် စာပေဟောပြောပွဲ"ကို မလှိုင်မြို့နယ် စာပေချစ်သူများအဖွဲ့က ဦးဆောင်၍ ဒုတိယအကြိမ် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

စာပေဟောပြောပွဲကို မလှိုင်မြို့နယ် ပန်းလှိုင်ရွှေဝါခန်းမ၌ ဖေဖော်ဝါရီ ၈ ရက် ကြာသပတေးနေ့၌ ည ၇နာရီတွင် စတင်ကျင်းပမည်ဖြစ်ပြီး စာပေဟောပြောပွဲသို့ စာပေချစ်သူမည်သူမဆို တက်ရောက်နားထောင်နိုင်ရန် စီစဉ်ထားကြောင်း၊ မျိုးဆက်သစ်များအား စာပေအသိ၊ စာပေမြတ်နိုးစိတ်များ ကိန်းအောင်းလာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း မလှိုင်စာပေချစ်သူများအဖွဲ့ တွဲဖက်အတွင်းရေးမှူး ကိုဝဏ္ဏသန်းအောင်က ပြောသည်။

ဟောပြောပွဲတွင် စာရေးဆရာ မောင်သာချို(ဂျက်-ကွမ်းခြံကုန်း)နှင့် မသီတာ (စမ်းချောင်း)တို့က ဟောပြောမည်ဖြစ်ပြီး နောင်နှစ်များ၌လည်း နှစ်စဉ် ဆက်လက်ကျင်းပနိုင်ရန် မလှိုင်စာပေချစ်သူများအဖွဲ့က ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

## ရေးသမျှ ဖတ်သမျှ ဆွေးနွေးကြ စာပေစကားဝိုင်းဆွေးနွေးပွဲ တပ်ကုန်းမြို့နယ်၌ ကျင်းပ

**တပ်ကုန်း ဖေဖော်ဝါရီ ၅**
စာပေဝါသနာရှင်များ၊ စာဖတ်သူများ၏ စာပေရေးသားမှုနှင့် ဖတ်ရှုခံစားမှုများကို




ဆွေးနွေးမျှဝေရန် ရည်ရွယ်လျက် နေပြည်တော် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ရေးသမျှ ဖတ်သမျှ ဆွေးနွေးကြ စာပေစကားဝိုင်းကို ဖေဖော်ဝါရီ ၃ ရက်က အဆိုပါဦးစီးဌာနရှိ Community Center ခန်းမ၌ ကျင်းပခဲ့သည်။

စာပေစကားဝိုင်းတွင် မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်တင့်တင့်ခိုင်၊ မြို့နယ် စာရေးဆရာအသင်းမှ အဖွဲ့ဝင်များနှင့် လူငယ်စာပေဝါသနာရှင်များ တက်ရောက်ကြပြီး ဦးထွန်းကြည်(မောင်ကြည်မူ-ပျဉ်းမနား)က စာပေဗဟုသုတအဖြာဖြာခေါင်းစဉ်ဖြင့် ဆွေးနွေးကာ တက်ရောက်လာသူများက ဖတ်ဖူး၊ ရေးဖူးကြသည့် ဝတ္ထု၊ ကဗျာနှင့် ဆောင်းပါးများအကြောင်း အပြန်အလှန် ဆွေးနွေးကြပြီးနောက် မြို့နယ်ဦးစီးမှူးက ဖြည့်စွက်ဆွေးနွေးခဲ့သည်။ တပ်ကုန်းမြို့၌ ယခုပြုလုပ်ခဲ့သည့် စာပေစကားဝိုင်းသည် ရှစ်ကြိမ်မြောက်ဖြစ်ပြီး ဆွေးနွေးပွဲများကို လစဉ်တစ်ကြိမ်စီ ဆက်လက်ကျင်းပသွားမည်ဖြစ်ရာ စာပေဆိုင်ရာများကို စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်၍ ပါဝင်ဆွေးနွေးနိုင်ကြောင်း သိရသည်။

**တင်စိုးလွင်**

## ဒလ တံတားစီမံကိန်းဧရိယာနှင့် မလွတ်ကင်းသည့် နေအိမ်နှင့် ဈေးဆိုင်ခန်းများ ပြောင်းရွှေ့ဖယ်ရှား

**ရန်ကုန် ဖေဖော်ဝါရီ ၅**

ကိုရီးယား-မြန်မာ ချစ်ကြည်ရေး ဒလ တံတားစီမံကိန်းဧရိယာနှင့် မလွတ်ကင်းသော ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် ဗိုလ်မင်းရောင်လမ်းမတစ်လျှောက်ရှိ နေအိမ်များ၊ ဈေးဆိုင်များနှင့် အဆောက်အအုံများကို ဇန်နဝါရီ ၃၁ ရက် နောက်ဆုံးထား၍ အပြီးသတ်ရွှေ့ပြောင်းပေးနိုင်ရန် တင်ပြထားပြီးဖြစ်ရာ ဖေဖော်ဝါရီ ၃ ရက်အထိ စီမံကိန်းနှင့် မလွတ်ကင်းသည့် နေအိမ်များနှင့် ဈေးဆိုင်ခန်းများ ၉၀ ရာခိုင်နှုန်းပြောင်းရွှေ့ဖယ်ရှားပေးပြီးဖြစ်ကြောင်း၊ ကမာကဆစ်ကူးတို့သမ္ဗန်ဆိပ်၊ မြို့နယ်နာရေးကူညီမှုအသင်းရုံး၊ သာသနိကအဆောက်အအုံ အနည်းငယ်တို့ကို ပြောင်းရွှေ့နေရာချပေးရန် ကျန်ရှိနေကြောင်း ကမာကဆစ်ရပ်ကွက် အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

ကိုရီးယား-မြန်မာ ချစ်ကြည်ရေး ဒလတံတားစီမံကိန်း မကြာမီ တည်ဆောက်တော့မည်ဖြစ်ရာ နေ့စဉ်သွားလာနေသော ဒေသခံပြည်သူတစ်ဦးက "ဒလမြို့နယ် ကမာကဆစ်ကူးတို့ သမ္ဗန်ဆိပ်မှ ရန်ကုန်ဘက်ကမ်းကို စက်တပ်သမ္ဗန်တွေနဲ့ ပြည်သူတွေ၊ ဝန်ထမ်းတွေနဲ့ ခရီးသွားပြည်သူများစွာတို့ကို နေ့စဉ် ပို့ဆောင်ပေးလျက်ရှိပါတယ်၊ တံတားကြီး စတင်ရင် ကမာကဆစ်သမ္ဗန်ဆိပ်ကို ပြောင်းရွှေ့ပေးဖို့နဲ့ ခရီးသည်တွေ သွားလာရေး အဆင်ပြေအောင် ကူးတို့နေရာသစ် ထားရှိပေးဖို့ လိုအပ်ပါတယ်၊ သန်းချီရှိတဲ့ ပြည်သူများစွာတို့က မျှော်လင့်နေကြတဲ့ တံတားကြီးတစ်စင်းပါ၊ မြစ်အတွင်း မကြာခဏ ဖြစ်ပွားနေတဲ့ စက်သမ္ဗန်တွေ တိမ်းမှောက်မှုတွေကြောင့် လူ့အသက်တွေ ဆုံးရှုံးခဲ့ရမှုတွေလည်း ရှိပါတယ်၊ ဒါကြောင့် ရန်ကုန်မြစ်ကို ဖြတ်ကျော်မယ့် တံတားတစ်စင်း လိုအပ်ပါတယ်"ဟု ပြောသည်။



ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ပုဂ္ဂလိကပိုင် ကူးတို့သမ္ဗန်ဆိပ် ခြောက်ခုရှိပြီး သမ္ဗန်စုစုပေါင်း ၃၃၁ စင်းရှိသည်။ ဒလမြို့နယ်၌စက်တပ်သမ္ဗန်ပေါင်း ၄၉၈ စင်းနှင့် ကုန်တင် အစင်း ၂၀ ရှိကြောင်း သိရသည်။

**နိုင်လင်းကျော် (ဒလ)**

## စာကြည့်တိုက်နှင့် ကာကွယ်ဆေးတိုက်ကျွေးဆေးခန်းဖွင့်

**ညောင်ရွှေ ဖေဖော်ဝါရီ ၅**

ကျေးလက်နေပြည်သူလူထုနှင့် ကျောင်းနေအရွယ်ကလေးများ အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ စာပေနှင့်ရင်းနှီးကျွမ်းဝင်မှု ရှိစေရန်အတွက် ဘဝအလင်းရောင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်နှင့် ကိုယ်ဝန်ဆောင် မိခင်လောင်းများ၊ မိခင်နှင့်ကလေးများအား ကာကွယ်ဆေးတိုက်ကျွေးမှုများ ဆောင်ရွက်ရာတွင် အဆင်ပြေလွယ်ကူစေရန်အတွက် ကာကွယ်ဆေးတိုက်ကျွေးဆေးခန်းကို ညောင်ရွှေမြို့နယ် တောင်ခြေမြင်းစာခွန့်ကျေးရွာအုပ်စု ညောင်ဖြူကျေးရွာ၌ ဖေဖော်ဝါရီ ၃ ရက်က ဖွင့်လှစ်ခဲ့သည်။

ဖွင့်ပွဲတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်စိုး၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးနေမျိုးသူရိန်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းစုလှိုင်နှင့် စာကြည့်တိုက်ကော်မတီနာယက ဦးသန်းအောင်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ စေတနာရှင် အလှူရှင်များက စာအုပ်စာစောင်များနှင့် အလှူငွေများကို စာကြည့်တိုက်ကော်မတီနာယကထံ ပေးအပ်လှူဒါန်းခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**



## မီးသတ်နှင့် ရှာဖွေကယ်ဆယ်ရေး စွမ်းရည်ပြိုင်ပွဲတွင် ဆုရတပ်ဖွဲ့ဝင်များအား ထပ်ဆင့်ဂုဏ်ပြု

**မိတ္ထီလာ ဖေဖော်ဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၌ ကျင်းပပြုလုပ်ခဲ့သည့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး စွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် မိတ္ထီလာခရိုင်မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များအား ထပ်ဆင့်ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၃ ရက်က မိတ္ထီလာမြို့ရှိ ခရိုင်မီးသတ်ဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

ဂုဏ်ပြုပွဲတွင် မိတ္ထီလာခရိုင် မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းက မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနတွင် ကျင်းပခဲ့သော မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး စွမ်းရည်ပြိုင်ပွဲတွင် မိတ္ထီလာခရိုင်အနေဖြင့် ဆုငါးခု ဆွတ်ခူးရရှိခဲ့ပြီး တိုင်းဒေသကြီးအတွင်း ဆုအများဆုံးရရှိခဲ့၍ ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ ယခုလို ကြိုးစားအားထုတ်ပြီး ဆုရရှိအောင် ယှဉ်ပြိုင်ခဲ့ကြသည့် တပ်ဖွဲ့ဝင်များအား အထူးကျေးဇူးတင်ရှိကြောင်း၊ ယခုနှစ်အစဉ်အလာကို ဆက်လက်ထိန်းသိမ်းသွားပြီး နှောင်နှစ်များတွင် ယခုထက်ပို၍ စွမ်းဆောင်မှုများရရှိအောင် ကြိုးစားဆောင်ရွက်သွားရန် ပြောကြားခဲ့ပြီး ဆုရရှိခဲ့သည့် တပ်ဖွဲ့ဝင်များအား ငွေသားဆုများ ထပ်ဆင့်ချီးမြှင့်ခဲ့ကြသည်။



မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးစွမ်းရည်ပြိုင်ပွဲကို ဇန်နဝါရီ ၁၈ ရက်က ကျင်းပခဲ့ရာ ပြိုင်ပွဲတွင် မီးသတ်ပိုက်အနီ လေးလိပ်၊ Nazzle(J/S)မီးသတ်ပိုက်ခေါင်း၊ BA Set ဝတ်ဆင်၍ တစ်ဦးချင်းစွမ်းရည်ပြိုင်ပွဲ၊ မီးခိုးပိတ်နေသော အခန်းအတွင်း လူနာကယ်ဆယ်ခြင်းပြိုင်ပွဲ၊ Hydraulic Rescue Tool များ အသုံးပြု၍ လူနာကယ်ဆယ်ခြင်း၊ တစ်ဦးချင်း Brave Heart ပြိုင်ပွဲ၊ Hight Pressure Pump အသုံးပြု၍ ပေ ၁၀၀ အထပ်မြင့် အဆောက်အအုံကို မီးငြိမ်းသတ်ခြင်း၊ လေးထပ်လူနေအိမ်အခန်းတွင် မီးလောင်မှုကို သုံးဆင့်လှေကားအသုံးပြု၍ မီးငြိမ်းသတ်ခြင်းနှင့်လူနာကယ်ဆယ်ခြင်းစသည့် ပြိုင်ပွဲခြောက်မျိုး ပါဝင်ခဲ့သည်။ အဆိုပါပြိုင်ပွဲများတွင် မန္တလေးခရိုင်မှ ခုနစ်သင်းနှင့် ပြင်ဦးလွင်၊ ကျောက်ဆည်၊ မိတ္ထီလာနှင့် မြင်းခြံခရိုင်များမှ တစ်သင်းစီဖြင့် စုစုပေါင်း ၁၁ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မိတ္ထီလာခရိုင်အသင်းက ဆုငါးခု အထိရရှိခဲ့ပြီး ဆုတံဆိပ်အများဆုံးရရှိခဲ့သည့်အသင်းဖြစ်ကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ကျေးလက်ကျန်းမာရေးဆေးပေးခန်း စတင်ဆောက်လုပ်

**ဖားကန့် ဖေဖော်ဝါရီ ၅**

ဖားကန့်မြို့နယ် ဆိုင်းတောင်ရွာဟောင်းကျေးရွာနေ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ကျေးလက်ကျန်းမာရေးဆေးပေးခန်းနှင့် နှစ်ခန်းတွဲရေလောင်းအိမ်သာကို စတင်တည်ဆောက်လျက်ရှိရာ လုပ်ငန်းသုံးပစ္စည်းများ စုဆောင်းထားရှိသည့်အခြေအနေများကို ဖေဖော်ဝါရီ ၃ ရက်က မြို့နယ် မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးစိုးသန်းနှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ကျေးလက်ဆေးပေးခန်းနှင့် နှစ်ခန်းတွဲ ရေလောင်းအိမ်သာကို ဆိုင်းတောင်ရွာဟောင်းကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)ထောက်ပံ့ငွေကျပ်သိန်း ၁၀၀၊ ကျေးရွာနေပြည်သူများ ထည့်ဝင်လှူဒါန်းငွေ ကျပ်ရှစ်သိန်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးနှစ်ပြည့်အတိုးရရှိငွေ၏ ၅၀ ရာခိုင်နှုန်းဖြစ်သည့် ကျပ် ၉၄ သိန်း စုစုပေါင်း ကျပ် ၂၀၂ သိန်းဖြင့် တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းအောင်**

## ဂျပန်အကူအညီဖြင့် ဆောက်လုပ်ပြီးစီးခဲ့သည့် ကျောင်းဆောင်အဆောက်အအုံသစ် ဖွင့်လှစ်

**ပုသိမ် ဖေဖော်ဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ရေတာကြီးကျေးရွာအုပ်စုတွင် ကလေးများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရန်အတွက် ဂျပန်နိုင်ငံ(JICS)မှ ကူညီပံ့ပိုးမှုဖြင့် ကျပ် ၁၂၅၃ သိန်း အကုန်အကျခံ တည်ဆောက်ထားသည့် မူလတန်းကျောင်းဆောင်သစ်ကို ဇန်နဝါရီ နောက်ဆုံးပတ်အတွင်းက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ကျောင်းဆောင်သစ်ဖွင့်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထိန်ဝင်း၊ ဦးခင်မောင်ဇော်နှင့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ JICS မှ တာဝန်ရှိသူများက ဖွင့်လှစ်ပေးပြီး ပညာရေးဝန်ကြီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျောင်းဆောင်သစ်လှူဒါန်းခြင်း၏ အကျိုးကျေးဇူးများကို ပြောကြားကာ JICS မှ တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မျိုးဝင်းက ကျောင်းဆောင်သစ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အဆိုပါကျောင်းဆောင်သစ်သည် ဂျပန်နိုင်ငံသားများ၏ လှူဒါန်းမှုဖြင့် တည်ဆောက်ခြင်းဖြစ်ပြီး အလျား ပေ ၆၀၊ အနံ ပေ ၃၀ ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မီးဘေးလုံခြုံရေးအတွက် တစ်အိမ်တက်ဆင်းစစ်ဆေး

**ကန်ကြီးထောင့် ဖေဖော်ဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့၌ မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနက မြို့နေပြည်သူများ၏ နေအိမ်များသို့ တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးခြင်းကို ဖေဖော်ဝါရီ ၃ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

မီးဘေးလုံခြုံရေး လိုက်လံစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးရဲလင်းအောင် ဦးဆောင်သည့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက အမှတ်(၂)ရပ်ကွက်နှင့် အမှတ်(၄)ရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်အတူ ရပ်ကွက်အတွင်းရှိ ပြည်သူများ၏ နေအိမ်များတွင် လိုက်လံစစ်ဆေးခဲ့ပြီး မီးဖိုမီးများသုံးစွဲရာတွင် မီးမလောင်နိုင်သော သံပြား၊သွပ်ပြားများ ကာရံထားရှိခြင်း ရှိ/မရှိ၊ လျှပ်စစ်ပစ္စည်းများသုံးစွဲရာတွင် စနစ်တကျသုံးစွဲမှု ရှိ/မရှိ၊ အိမ်တိုင်းတွင် မီးချိတ်၊မီးကပ်များ ထားရှိမှု ရှိ/မရှိ၊ ရေအိုး ရေကန်များကို ရေအပြည့်ဖြည့်ထားခြင်း ရှိ/မရှိတို့ကို တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးခဲ့ပြီး မီးဖိုမီးသုံးစွဲရာတွင် သတ်မှတ်ထားသောအချိန်များတွင်သာ သုံးစွဲကြရန်နှင့် မီးကိုပေါ့ဆစွာမသုံးစွဲကြရန် အသိပေး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**နန်းထိုက်(ပြန်/ဆက်)**



### မြို့နယ်သတင်းထောက်များသို့

မြန်မာနိုင်ငံအရပ်ရပ်ရှိ မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များအားလုံး သတင်းထောက် အသိအမှတ်ပြုကတ်များ ပြန်လည်စိစစ်ရန်နှင့် အသစ်ထုတ်ပေးရန်အတွက် လည်းကောင်း၊ သတင်းစာမူခကိစ္စများအတွက်လည်းကောင်း ဦးကြည်ဝင်း (သုတေသနစာတည်း) ဖုန်းနံပါတ် ၀၉-၄၂၀၁၄၅၆၀၉၊ ၀၆၇-၃၆၁၄၅ တို့သို့ ဆက်သွယ်ကြပါရန်။

**မြန်မာ့အလင်းသတင်းစာတိုက်၊ ခရေပင်လမ်းခွဲ**
**ဇေယျာသီရိမြို့နယ်၊ နေပြည်တော်**

## ဧရာဝတီတံတား(မလွန်) တည်ဆောက်ရာတွင် ပါဝင်သည့်မြေယာများအတွက် လျော်ကြေးငွေပေးအပ်

**အထက်မင်းလှ ဖေဖော်ဝါရီ ၅**

သရက်ခရိုင် မင်းလှမြို့နယ်အတွင်း ဧရာဝတီတံတား(မလွန်) တည်ဆောက်ရာတွင် ပါဝင်သွားသည့် လယ်ယာမြေများအတွက် မြေယာလျော်ကြေးငွေပေးအပ်ပွဲကို မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၃ ရက်က ပြုလုပ်ခဲ့သည်။

လျော်ကြေးငွေပေးအပ်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တို့က အမှာစကားပြောကြားပြီး လမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက မြေယာလျော်ကြေးငွေပေးချေသည့် အကြောင်းရင်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဧရာဝတီတံတား(မလွန်) တည်ဆောက်ရာတွင် ပါဝင်သွားသည့် လယ်ယာမြေများအတွက် လယ်မြေတစ်ဧကလျှင် ၁၆ သိန်းနှုန်းဖြင့် ၁ ဒသမ ၀၃ ဧက အတွက် ၁၆ ဒသမ ၄၈ သိန်း၊ ယာတစ်ဧကလျှင် ၁၄ သိန်းနှုန်းဖြင့် ၂၇ ဒသမ ၅၁ ဧကအတွက် ၃၈၅ ဒသမ ၁၄ သိန်း၊ နှစ်ရှည်ပင် တစ်ပင်လျှင် သုံးသောင်းနှုန်းဖြင့် ကျပ်ကိုးသောင်းတို့ကို မြေယာပိုင်ဆိုင်သူ တောင်သူ ၂၂ ဦးထံသို့ တစ်ဦးချင်းစီ လက်ရောက်ပေးအပ်ခဲ့သည်။ **ကိုသက်(အထက်မင်းလှ)**

# ကိုးသောင်းပုထိုးတော်ကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မြောက်ဦး ဖေဖော်ဝါရီ ၅**

ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိ အထင်ကရ ရှေးဟောင်းသမိုင်းဝင် ကိုးသောင်းပုထိုးတော်ကြီးအား UNESCO ၏ ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်နိုင်ရေး ဆောင်ရွက်နေစဉ်အတွင်း ပုထိုးတော်ကြီး၏ ဘေးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် ဘုရားဖူးလာရောက်ကြသော ပြည်သူများ၊ နိုင်ငံခြားသား ဧည့်သည်များ စိတ်အေးချမ်းစွာ ဖူးမြော်နိုင်ရေးအတွက် သန့်ရှင်းရေးလုပ်ငန်းများကို မြို့နယ်အတွင်းမှ ဌာနဆိုင်ရာများ၊ အမှတ်(၃၁)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ ဖေဖော်ဝါရီ ၃ ရက်က ဆောင်ရွက်ခဲ့ကြသည်။



ကိုးသောင်းဘုရားပုထိုးတော်ကြီး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို မြောက်ဦးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်သာစိန်နှင့် အမှတ်(၃၁) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဒုရဲမှူးကြီးသက်ကိုကိုတို့ ဦးဆောင်သည့် မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ဝန်ထမ်းအင်အား ၂၅၀ ခန့်ဖြင့် လုပ်အားဒါနပြု ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကာ ကိုးသောင်းပုထိုးတော်ကြီး၏ ဘေးပတ်လည်တွင် ပေါက်ရောက်နေသော ချုံနွယ်များရှင်းလင်းခြင်း၊ အမှိုက်များ၊ ပလတ်စတစ်အိတ်ခွံများကို ကောက်ယူရှင်းလင်းခြင်းနှင့် ဘုရားပေါ်တွင်ပေါက်ရောက်နေသော ညောင်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

# ဘုရားသုံးဆူမြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှု

**ဘုရားသုံးဆူ ဖေဖော်ဝါရီ ၅**

ထိုင်း-မြန်မာ နယ်စပ်မြို့ဖြစ်သော ကရင်ပြည်နယ် ဘုရားသုံးဆူမြို့၌ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ အခြေအနေကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်ဝန်ကြီးများနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖေဖော်ဝါရီ ၃ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘုရားသုံးဆူမြို့ ပြည်ထောင်စုခန်းမတွင် ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ ဒေသခံပြည်သူများက နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် နှစ်နိုင်ငံကုန်သွယ်ရေး၊ အလုပ်သမားဥပဒေနှင့်အညီ လုပ်အားခနှင့် အခွင့်အရေးများ ရရှိရေးဆိုင်ရာများ၊ နယ်စပ်နယ်နိမိတ်တွင် မိုးကာလ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းဖောက်လုပ်ပေးနိုင်ရေးနှင့် မြို့၏ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးကဏ္ဍများအတွက် လိုအပ်ချက်များကို တင်ပြတောင်းဆိုကြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဘုရားသုံးဆူမြို့မှ ဒေသခံပြည်သူများအတွက် ဆောင်ရွက်ပေးထားသည့် နိုင်ငံသားစိစစ်ရေးကတ် ၁၈၆ ကတ်နှင့် ဆိုင်ကယ်မောင်းလိုင်စင် ၈၀၊ ဆိုင်ကယ်လိုင်စင်သက်တမ်းတိုး ၈၃ စီးနှင့် မြို့ပေါ်ရှိ အခြေခံပညာ အထက်တန်းကျောင်းနှင့် အထက်တန်းကျောင်း(ခွဲ)တို့အတွက် ဆိုလာမီး လေးစုံတိုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက တာဝန်ရှိသူများထံ ပေးအပ်ခဲ့ပြီး ထိုင်း-မြန်မာနယ်စပ် ချက်ပွိုင့်နေရာတွင် ရေမြောင်းဖောက်လုပ်ပေးနိုင်ရေးအတွက်လည်း သွားရောက်ကြည့်ရှုခဲ့ကြသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ဖလမ်းမြို့နယ် ဆိမ်မျိုးနွယ်စု၏ နယ်ချဲ့တော်လှန်သည့် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ကျောက်တိုင်စိုက်ထူ

**ဖလမ်း ဖေဖော်ဝါရီ ၅**

မြန်မာနိုင်ငံကို နယ်ချဲ့ဗြိတိသျှတို့အုပ်စိုးစဉ် ပထမကမ္ဘာစစ်ကာလ ၁၉၁၇ ခုနှစ်တွင် ချင်းတိုင်းရင်းသား မျိုးချစ်လူငယ်လက်ရွေးစင် စစ်သည်တော် ၄၀၀ အား ပြင်သစ်စစ်မြေပြင်သို့ လုပ်သားများထောက်ပံ့ပေးရေးအတွက် စစ်ကူလီလုပ်သားများအဖြစ် အမှုထမ်းရန် အမိန့်ထုတ်ဆင့်ဆိုခဲ့ရာ ဖလမ်းမြို့နယ်တစ်ဝန်းရှိ ဆိမ်(Sim)လူမျိုးနွယ်စုများက ယင်းအမိန့်ကိုအန်တု၍ ဗြိတိသျှအစိုးရအား ရရာလက်နက်ဆွဲကိုင်တော်လှန်ခဲ့သည့် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်တိုင်ဖွင့်ပွဲနှင့် ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၂ ရက်က ကျင်းပခဲ့သည်။

ကျောက်တိုက်ဖွင့်ပွဲကို ကျင်မွာလ်ကျေးရွာတောင်ပတ် ဆိမ်လမ်း(Sim Ziin)ပေါ်တွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး အဆိုပါလမ်းမှာ အထက်ပါတော်လှန်မှုအတွက် ပြစ်ဒဏ်အဖြစ် တော်လှန်ရေး ရဲဘော်များနှင့် ပြည်သူများကိုယ်တိုင်ဖောက်လုပ်ခဲ့ရသည့် လမ်းဖြစ်ကြောင်း ကျောက်တိုင်ဖွင့်ပွဲကျင်းပရေးကော်မတီမှ သိရသည်။

ဖွင့်ပွဲတွင် ချင်းရိုးရာအဖွဲ့သီချင်း သီဆိုဖွင့်လှစ်ပြီး ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ I Love Myanmar ထူထောင်သူ ဒေါ်လီဗီဆပ်နေထန်း၊ ဖလမ်းမြို့မိမြို့ဖ ဦးခွာနင်နှင့် သိက္ခာတော်ရဆရာ ဒေါက်တာဟရန်မှုန်းတို့က ကျောက်စာတိုင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ ချင်းရိုးရာဝလေ့အရ ချင်းဆိမ်(Sim)မျိုးနွယ် သူရဲကောင်းစစ်သည်များ၏ မျိုးဆက်များက သေနတ်အချက် ၁၀၀ ပစ်ဖောက်ကြသည်။ ထို့နောက် ဒေါ်လီဗီဆပ်နိုင်ထန်းက ကျောက်တိုင်စိုက်ထူခြင်း၏ရည်ရွယ်ချက်နှင့် ကျေးဇူးတင်စကားပြောကြားကာ သိက္ခာတော်ရဆရာ သျှန်းအုပ်ထန်းက ဆုတောင်းမေတ္တာပို့သခဲ့သည်။

"ဂုဏ်ပြုအထိမ်းအမှတ်အဖြစ် အမြင့် ၁၂ ပေရှိတဲ့ ဖောင်ဒေးရှင်းနှစ်ထပ် ကမ္ပည်းမော်ကွန်းကျောက်တိုင်ကို စိုက်ထူထားပါတယ်၊ ကျောက်စာတိုင်မှာ အင်္ဂလိပ်စာ၊ မြန်မာစာ၊ ချင်းတိုင်းရင်းသားစာ ဘာသာစကားသုံးမျိုးနဲ့ ကမ္ပည်းရေးထိုးထားပါတယ်၊ ဖလမ်းမြို့နယ် ဆိမ်မျိုးနွယ်စုရဲ့ဆန္ဒနဲ့ ဘိုးဘေးသူရဲကောင်း အယောက် ၄၀၀ တို့အတွက် ဂုဏ်ပြုချင်လို့ အခုလို နှစ်တစ်ရာပြည့် ဂုဏ်ပြု ကမ္ပည်းမော်ကွန်းကျောက်တိုင်ကို စိုက်ထူတာဖြစ်ပါတယ်၊ ကျွန်မတို့ရဲ့သူရဲကောင်း ဘိုးဘေးတို့ရဲ့ စွမ်းဆောင်ချက်တွေကို အောက်မေ့သတိရဖို့၊ သူတို့ရဲ့သမိုင်းကြောင်းတွေကို ထိန်းသိမ်းပြီး သမိုင်းမှတ်တမ်းများအဖြစ် လက်ဆင့်ကမ်းသွားဖို့ဖြစ်တယ်၊ ဒီခေတ်လူငယ်တွေလည်း သိကိုသိရမယ့်သမိုင်းဖြစ်ပါတယ်"ဟု ဒေါ်လီဗီဆပ်နေထန်းကပြောသည်။



ချင်းသမိုင်းသုတေသီ ဆလိုင်းဗန်ကျုံးလျန်(ယူကေ)က အဆိုပါတိုက်ပွဲအတွင်း ကျဆုံးခဲ့သူများ၏ အုတ်ဂူများကို ယနေ့အထိ ပြင်သစ်နိုင်ငံ စစ်သင်္ချိုင်းတွင် တွေ့မြင်နေရဆဲဖြစ်ကြောင်း၊ ဘိုးဘေးများ၏ ရှုပ်ရှုပ်ချွံချွံစွမ်းဆောင်ချက်များသည် ချင်းပြည်နယ်အတွက် အရေးကြီးသည့် သမိုင်းတစ်ရပ်ဖြစ်ကြောင်း၊ ဆိမ်မျိုးနွယ်စုမှ မျိုးချစ်သူရဲကောင်း ၄၀၀ တို့အတွက် ဂုဏ်ပြု ကမ္ပည်းမော်ကွန်းကျောက်တိုင် စိုက်ထူနိုင်ခြင်းအားဖြင့် ဘိုးဘေးများအားလေးစားကြောင်း သက်သေထူနိုင်သည်သာမကဘဲ ဘိုးဘေးတို့၏သမိုင်းဖြစ်ရပ်မှန်များကို ထိန်းသိမ်းနိုင်သည့်အပြင် မျိုးဆက်သစ် ချင်းတိုင်းရင်းသားလူငယ်များသို့လည်း လက်ဆင့်ကမ်း ပြောပြနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

သမိုင်းဖြစ်စဉ်အကျဉ်းမှာ ဆိမ်မျိုးနွယ်စုမှ မျိုးချစ် စစ်သည်တော်များသည် ဖလမ်းမြို့ရှိ ဗြိတိသျှအစိုးရအား တော်လှန်ရန် ၁၉၁၇ ခုနှစ် အောက်တိုဘာလတွင် ခွာန်လီရွာမှ စစ်ချီခဲ့ကြသည်။ သို့သော် ဖလမ်းမြို့ရှိချင်းတောင်တပ်ရင်းက ကြိုတင်သတင်းရရှိခဲ့ကြပြီး ဖလမ်းမြို့စွန် ကျင်မွာလ် ကျေးရွာဘက်တွင် အသင့်စောင့်နေခဲ့ရာမှ ထိပ်တိုက်ရင်ဆိုင်ကြပြီး ချင်းတော်လှန်ရေးသမားများ လက်နက်ချအရှုံးပေးခဲ့ရကြောင်း၊ ဖလမ်းမြို့နယ်အပြင် ဟားခါးမြို့နယ်တွင်လည်း ဗြိတိသျှအစိုးရ၏အမိန့်ကို ဆန့်ကျင်၍ ၁၉၁၇ ခုနှစ် နိုဝင်ဘာလတွင် တော်လှန်ရေးစတင်ခဲ့ကြပြီး ၁၉၁၈ ခုနှစ် ဧပြီလမှသာ ဗြိတိသျှတပ်များက တော်လှန်ရေးကို အဆုံးသတ်နိုင်ခဲ့ကြကြောင်း ချင်းသမိုင်းမှတ်တမ်းများအရ သိရသည်။

**နေစု(ချင်းရိုးမ)**




# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန ကြေညာချက်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် အခွန်အများဆုံးထမ်းဆောင်သည့် အခွန်ထမ်းများရွေးချယ်ရာတွင် အခွန်အမျိုးအစားအလိုက် အခွန်အများဆုံးပေးဆောင်ခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် စည်းကြပ်တောင်းခံသည့် အခွန်ငွေများကို စည်းကြပ်နှစ်အတွင်း အပြေအကျေပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ အခွန်အရပ်ရပ်ကြိုတင်ခွန်များကို သတ်မှတ်ထားသည့်ကာလအတွင်း မပျက်မကွက်ပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ ဝင်ငွေကြေညာလွှာများကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အချိန်မီတင်သွင်းခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အပါအဝင် နှစ်အဆက်ဆက်စည်းကြပ်တောင်းခံသည့် အခွန်ငွေများအားလုံးကို အခွန်ကြွေးကျန်မရှိ အပြေအကျေပေးဆောင်ခဲ့ခြင်း စသည့်အချက်များနှင့် စိစစ်ရွေးချယ်ခဲ့ရာ ဝင်ငွေခွန်အများဆုံးထမ်းဆောင်သော မြန်မာကုမ္ပဏီ/လုပ်ငန်းရှင် (၁၀၀၀)ဦးအနက် ၅၀ဦး၏ စာရင်းအား ၃၁-၁-၂၀၁၈ ရက်အထိ ပြင်ဆင်ပြီး ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။ ကျန်ဝင်ငွေခွန်အများဆုံးထမ်းဆောင်သူ မြန်မာကုမ္ပဏီ/နိုင်ငံခြားကုမ္ပဏီ/လုပ်ငန်းရှင်စာရင်းကို ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့် www.irdmyanmar.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)၊ (၂)၊ (၃)၊ တိုင်းဒေသကြီး/ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးနှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (ရန်ကုန်/မန္တလေး)များတွင် ကြေညာထားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သည့်လုပ်ငန်းရှင် ၅၀ဦး စာရင်း**

| စဉ် | အခွန်ထမ်းအမည် | လိပ်စာ | ရုံး/ဌာန တိုင်းဒေသကြီး/ပြည်နယ်/ ပြည်ထောင်စုနယ်မြေ | အဓိကလုပ်ငန်းအမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| | | **သန်း ၂၀၀၀၀ အထက်** | | | |
| ၁ | Kanbawza Bank Ltd | အမှတ်(၆၁၅/၁)၊ ပြည်လမ်း၊ ၂ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Banking | |
| | | **သန်း ၁၀၀၀၀ အောက်** | | | |
| ၂ | Diamond Star Co.,Ltd | အမှတ်-၉၊ စီ-၂၊ ယောမင်းကြီးလမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Manufacturing | |
| ၃ | Myawaddy Bank Ltd | အမှတ်(၁၅၁)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဝါးတန်းလမ်းထောင့်၊ ၈ ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Banking | |
| ၄ | Shwe Taung Development Co.,Ltd | အလုံတာဝါ၊ ကမ်းနားလမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Construction | |
| ၅ | Myanma Economic Holdings Limited | အမှတ်(၁၈၉/၁၉၁)၊ မဟာဗန္ဓုလလမ်း၊ (၅)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Manufacturing | |
| ၆ | Myawaddy Trading Ltd | အမှတ်(၅၅/၆၁)၊ ကမ်းနားလမ်း၊ ဆိပ်ကမ်းသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Trading | |
| ၇ | PT Power Trading Co.,Ltd | အမှတ်(၂၃၅/ဘီ)၊ ရှုခင်းသာလမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | MTO-2 | Trading | |
| ၈ | Thilawa Special Economic Zone Management Committee Co,.Ltd | စက်မှုဇုန်၊ သီလဝါအထူးစီးပွားရေးဇုန်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Services | |
| | | **သန်း ၅၀၀၀ အောက်** | | | |
| ၉ | Jing Hpaw Aung Jade & Jewellery Co.,Ltd | အမှတ်(၆၁၅/၁)၊ ပြည်လမ်း၊ ၂ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Manufacturing | |
| ၁၀ | Myanma Awba Group Co.,Ltd | အမှတ်(၃၃)၊ ရွှေပိတောက်ရိပ်မွန်၊ ဘုရင့်နောင်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Manufacturing | |
| | | **သန်း ၄၀၀၀ အောက်** | | | |
| ၁၁ | Global Treasure Bank Public Co.,Ltd | အမှတ်(၆၅၃/၆၉၉)၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Banking | |
| ၁၂ | Shwe Byain Phyu Co.,Ltd | တိုက်-၂၀၊ ရွှေပုံးညက်ရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | MTO-1 | Trading | |
| ၁၃ | Myanmar Economic Corporation | အလုံလမ်းနှင့် ကမ်းနားလမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | MTO-2 | Trading | |
| ၁၄ | Asia Energy Co.,Ltd | အမှတ်(၂၉၇)၊ ရွှေတိဂုံဘုရားလမ်း၊ ဘုရားကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Trading | |
| ၁၅ | Bhone Kyaw San Co.,Ltd | ရွာမ၊ ၁၀၅-မိုင်၊ မိုင်းယုကျေးရွာ၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ် | ရှမ်း | ပို့ကုန်/သွင်းကုန် | |
| | | **သန်း ၃၀၀၀ အောက်** | | | |
| ၁၆ | Ayeyarwaddy Bank | အမှတ်(၄၁၆)၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Banking | |
| ၁၇ | Dagon Beverages Co.,Ltd | အမှတ်(၅၅၅/ဘီ)၊ အမှတ်(၄)လမ်းမကြီး၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Manufacturing | |
| ၁၈ | Co-Operative Bank Ltd | အမှတ်(၃၃၄/၃၃၆)၊ ၂၃လမ်းနှင့် ကမ်းနားလမ်းထောင့်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Banking | |
| ၁၉ | Aventine Ltd | အမှတ်(၁၂၆/အေ)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | MTO-3 | Trading | |
| ၂၀ | Shwe Mè Co.,Ltd | အမှတ်(၁၀၂)၊ စင်ဒရယ်တာဝါ၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Trading | |
| ၂၁ | Benhur Trading Co.,Ltd | အမှတ်(၁/၃၁)၊ ပန်းတဥ်းဝန်ဦးရွှေဘင်လမ်း၊ လှိုင်သာယာစက်မှုဇုန်(၁)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Trading | |
| ၂၂ | Information Technology Central Services Co.,Ltd | အဆောက်အအုံ(၆)၊ အခန်း(၂)၊ MICT Park၊ လှိုင်တက္ကသိုလ်လမ်း၊ ၁၁ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Services | |
| ၂၃ | Regency Material Trading Co.,Ltd | အမှတ်(၆)၊ အောင်ဆန်းအားကစားကွင်း(အရှေ့ဘက်)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Trading | |
| ၂၄ | Paing Family International Co.,Ltd | အမှတ်(၃-စီ)၊ ယုဇနလမ်း၊ အေးရိပ်မွန်အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | MTO-1 | Trading | |
| ၂၅ | Steel King Co.,Ltd | အမှတ်(၂၉၆)၊ ဘီ-၂၊ ဧရာဝဏ်လမ်းမကြီး၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | MTO-1 | Trading | |
| ၂၆ | First Private Bank Ltd | အမှတ်(၆၁၉-၆၂၀)၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Banking | |
| ၂၇ | Shwe Than Lwin Media Co.,Ltd | အမှတ်(၂၆၂)၊ ရာဇာဓိရာဇ်အိမ်ရာ၊ အောက်ပုဇွန်တောင်လမ်း၊ ၂ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Services | |
| ၂၈ | Myanmar Thilawa SEZ Holding Public Co.,Ltd | အမှတ်(၂၉)၊ UMFCCI တာဝါ၊ ၁၁ထပ်၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | MTO-1 | Trading | |
| | | **သန်း ၂၀၀၀ အောက်** | | | |
| ၂၉ | International Beverages Trading Co.,Ltd | အမှတ်-၃၃၊ ပြည်လမ်း၊ ၆မိုင်ခွဲ၊ ၁၁ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Trading | |
| ၃၀ | Farmer Phoyarzar Co.,Ltd | အမှတ်(၁၈၇)၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Trading | |
| ၃၁ | Myat Myittar Mon Gems & Jewellery Co.,Ltd | အမှတ် မ-၅၆/၅၇၊ ၆လမ်း၊ လှိုင်ရတနာမွန်အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | MTO-1 | Trading | |
| ၃၂ | Construction & Housing Development Bank | အမှတ် ၆၀၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Banking | |
| ၃၃ | NCX Myanmar Co.,Ltd | အမှတ်(၃၃၃)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | MTO-1 | Trading | |
| ၃၄ | IKBZ Insurance Co.,Ltd | အမှတ်(၅၃)၊ ကမ်းနားလမ်း၊ (၆)ထပ်ရုံး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Insurance | |
| ၃၅ | Shwe Than Lwin Highway Co.,Ltd | အမှတ်(၁၉၄၉-၁၉၅၀)၊ ရန်ကုန်-ပုသိမ် အဝေးပြေးလမ်းမကြီး၊ ၅ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Services | |
| ၃၆ | Myanmar Imperial Jade Gems & Jewellery Co.,Ltd | အမှတ်(၂၂)၊ ပြည်လမ်း၊ (၇)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | MTO-2 | Gems | |
| ၃၇ | Myanmar Citizens Bank Ltd | အမှတ်(၃၈၃)၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Banking | |
| ၃၈ | Min Dhama Co.,Ltd | အမှတ်(၁၀၃/၁၀၄)၊ ဘုရင့်နောင်လမ်း၊ စက်မှုဇုန်(၄)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | MTO-1 | Construction | |
| ၃၉ | Small and Medium Industrial Development Bank Ltd | အမှတ်(၄၆)၊ ဦးထွန်းငြိမ်းလမ်း၊ ၁၀ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Banking | |
| ၄၀ | Thu Gyi Min Co.,Ltd | အမှတ်(ဂ-၂၂)၊ စုစည်းရပ်၊ မိုင်းယု(၁၀၅)မိုင်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ် | ရှမ်း | ပို့ကုန်/သွင်းကုန် | |
| ၄၁ | Billion Soe Kaung San Co.,Ltd | အမှတ်(၉၀)၊ စောဖျင်နုလမ်း၊ ရှမ်းရွာမရပ်ကွက်၊ ကွမ်းလုံမြို့နယ်၊ ရှမ်းပြည်နယ် | ရှမ်း | အိမ်ဆောက်ပစ္စည်းဆိုင် | |
| ၄၂ | Bhome Yaung Chi Co.,Ltd | အမှတ်(ခ/၉၉-စီ)၊ ခရစ်ယာန်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ် | ရှမ်း | ပို့ကုန်/သွင်းကုန် | |
| ၄၃ | Denko Trading Co.,Ltd | အမှတ်(၁)၊ ကနောင်မင်းသားကြီးလမ်း၊ ရွှေလင်ပန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Trading | |
| ၄၄ | Ayeyar Hinthar Trading Co.,Ltd | အမှတ်(၅၃၁)၊ အခန်း(၁၁၀၄၊ ၁၁၀၅၊ ၁၁၀၆)၊ အောက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | MTO-2 | Trading | |
| ၄၅ | Kyaw San Co.,Ltd | အမှတ်(ဒီ/၆၉)၊ ကန်သာယာလမ်း၊ FMI၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | MTO-1 | Trading | |
| ၄၆ | Auspicious Millennium Trading Group Co.,Ltd | အမှတ်(၁၅၄)၊ ဥယျာဉ်လမ်းသွယ်(၂)၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | MTO-1 | Trading | |
| ၄၇ | Mya Gae Trading Co.,Ltd | အမှတ်(၆-အေ)၊ ကံ့ကော်(၃)လမ်း၊ ဘုရင့်နောင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Trading | |
| ၄၈ | Nay Pyi Taw Sibin Bank Ltd | အမှတ်-၉၊ သီရိကျော်စွာလမ်း၊ သီရိရတနာဈေး၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော် | LTO | Banking | |
| ၄၉ | Shu San Industry Co.,Ltd | အမှတ်(၉)၊ အောင်သိဒ္ဓိလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | MTO-1 | Trading | |
| ၅၀ | Max Energy Co.,Ltd | အမှတ်(၁၂၃)၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Trading | |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**
**နေပြည်တော်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၁/၂၀၁၈)

၁။ ၂၀၁၈ခုနှစ် ဧပြီ ၁ရက်မှ ၂၀၁၉ခုနှစ် မတ် ၃၁ရက်အထိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရေနံဓာတုဗေဒစက်ရုံစု (သံပုရာကန်)မှ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလက်အောက်ရှိ ကလေးဝဌာနခွဲနှင့် ဗန်းမော်ဌာနခွဲသို့ စက်သုံးဆီ (ဒီဇယ်ဆီ)များသယ်ပို့မည့်လုပ်ငန်းကို ပြင်ပပုဂ္ဂလိကရေယာဉ်/ဆီတွဲများဖြင့် ငှားရမ်းဆောင်ရွက်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ ရေယာဉ်/ဆီတွဲလုပ်ငန်းရှင်များသည် သက်ဆိုင်ရာခရီးစဉ်အလိုက် မိမိတို့သယ်ပို့လိုသည့် တစ်ဂါလန်သယ်ပို့ခနှုန်းထားများအား အဆိုပြုတင်သွင်းနိုင်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များကို ၅-၂-၂၀၁၈ရက်မှစ၍ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ဘဏ္ဍာရေးဌာနတွင် တင်ဒါစည်းကမ်းတစ်စုံလျှင် ကျပ် ၁၀၀၀၀၀ဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါအဆိုပြုလွှာများကို ၇-၃-၂၀၁၈ရက် ၁၂:၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်နှင့် ၇-၃-၂၀၁၈ရက် ၁၃:၀၀နာရီတွင် တင်ဒါစည်းကမ်းနှင့် ကိုက်ညီသော အဆိုပြုလွှာများအား ဖွင့်ဖောက်၍ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီမှ ရွေးချယ်သွားမည်ဖြစ်ပါသည်။

**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ရုံးအမှတ် (၆)၊ နေပြည်တော်**
ဖုန်း-၀၆၇-၄၁၁၁၁၇၊ ၀၆၇-၄၁၁၀၉၂၊ ၀၆၇-၄၁၁၁၃၃

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## လေလံတင်ရောင်းချရန်ကြော်ငြာခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (၂၀၁၈ ခုနှစ် ဧပြီလမှ ၂၀၁၈ ခုနှစ် စက်တင်ဘာလအထိ) (၆)လကာလအတွက် အောက်ပါအရပ်ရပ်အခွင့်အရေး လိုင်စင်(၁၀၀)ခုအား ဈေးပြိုင်စနစ်ဖြင့် လေလံတင် ရောင်းချမည်ဖြစ်ပါသည်-

(က) လမ်းဘေးပျံကျဈေးကောက်(ပျဉ်းမနား၊ တပ်ကုန်း၊ လယ်ဝေး) လိုင်စင် (၃)ခု၊
(ခ) နေပြည်တော် ဝင်ကြေးဘီးကောက်(ဒက္ခိဏသီရိ၊ ဥတ္တရသီရိ၊ လယ်ဝေး) လိုင်စင် (၃)ခု၊ တပ်ကုန်းလိုင်စင်(၃)ခု၊
(ဂ) တန်ပိုကြေးကောက်ခံခွင့်(ဥတ္တရသီရိ) လိုင်စင်(၁)ခု၊
(ဃ) ဘောဂသီရိကားဝင်းယာဉ်ဝင်ကြေးကောက်ခံခွင့်လိုင်စင်(၁)ခု၊
(င) ဘောဂသီရိကားဝင်းရေချိုးခန်းနှင့် သန့်စင်ခန်းဝင်ကြေး ကောက်ခံခွင့် လိုင်စင် (၁)ခု၊
(စ) ပုဂ္ဂလိကအပေါင်ဆိုင်(ပျဉ်းမနား၊ ဇမ္ဗူသီရိ၊ ဥတ္တရသီရိ) လိုင်စင်(၃)ခု၊ ပုဗ္ဗသီရိ လိုင်စင်(၂)ခု၊
(ဆ) ယာဉ်အပ်နှံမှုကောက်ခံခွင့်(ပျဉ်းမနားဈေး၊ အာဟာရသုခဈေး၊ ယုဇနဈေး၊ လယ်ဝေးဈေး၊ သာဝတ္ထိဈေး၊ သပြေပင်ဈေး၊ ဧလာဈေး၊ တပ်ကုန်းဈေး၊ ညောင်လွန့်ဈေး) လိုင်စင်(၉)ခု၊
(ဇ) ရေချိုးခန်းနှင့်ရေလောင်းအိမ်သာဝင်ကြေးကောက်ခံခွင့်(သပြေကုန်းဈေး) လိုင်စင် (၁)ခု၊
(ဈ) ရေလောင်းအိမ်သာဝင်ကြေးကောက်ခံခွင့် (နေပြည်တော်မြို့မဈေး၊ အကွက်ကြီး ၅ကွက် ဈေး(၅)ဈေး၊ ရွှေကြာပင်ဈေး၊ ရွှေသဇင်ဈေး၊ ပျဉ်းမနားမြို့မဈေး၊ အာဟာရသုခဈေး၊ ယုဇနဈေး၊ လယ်ဝေးမြို့မဈေး၊ သပြေပင်ဈေး၊ သာဝတ္ထိဈေး၊ တပ်ကုန်းမြို့မဈေး၊ ညောင်လွန့်ဈေး၊ ဒက္ခိဏသီရိဈေး၊ ပုဗ္ဗသီရိဈေး) လိုင်စင် (၁၄)ခု၊
(ည) မြို့နယ်(၈)မြို့နယ်ရှိ ဈေး(၂၉)ဈေး၏ နေ့စဉ်ပျံကျဈေးကောက်လိုင်စင် (၂၄)ခု၊
(ဋ) နွားပွဲဈေးဝင်ကြေးကောက်ခံခွင့်(တပ်ကုန်း၊ လယ်ဝေး၊ သာဝတ္ထိ)လိုင်စင် (၃)ခု၊
(ဌ) နွားပွဲဈေးစက်ဘီးဆိုင်ကယ်အပ်နှံခွင့် (တပ်ကုန်း၊ လယ်ဝေး၊ သာဝတ္ထိ) လိုင်စင် (၃)ခု၊
(ဍ) မြို့နယ်(၈)မြို့နယ်၏ သားသတ်လုပ်ငန်း(ဝက်၊ အမဲ၊ ဆိတ်) လိုင်စင် (၂၄)ခု၊
(ဎ) မြို့တွင်းယာဉ်ရပ်နားခနှင့် ညအိပ်ရပ်နားခ ကောက်ခံခွင့် (ပျဉ်းမနား) လိုင်စင် (၁)ခု၊
(ဏ) မြို့တွင်းယာဉ်ရပ်နားခကောက်ခံခွင့်(တပ်ကုန်း၊ လယ်ဝေး)လိုင်စင်(၂)ခု၊
(တ) မြို့တွင်းညအိပ်ရပ်နားခကောက်ခံခွင့်(တပ်ကုန်း၊ လယ်ဝေး)လိုင်စင်(၂)ခု၊

၂။ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်းကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

(က) **လေလံတင်ရောင်းချမည့်ရက်** - ၂၁-၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့)
(၂၂-၂-၂၀၁၈) (ကြာသပတေးနေ့)နှင့်
(၂၃-၂-၂၀၁၈) (သောကြာနေ့)
(ခ) **လေလံတင်ရောင်းချမည့်အချိန်** - နံနက် ၁၀:၀၀နာရီ
(ဂ) **လေလံတင်ရောင်းချမည့်နေရာ** - နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာန၊ အစည်းအဝေးခန်းမ
(ဃ) **လျှောက်လွှာပိတ်မည့်ရက်** - ၁၉-၂-၂၀၁၈ (တနင်္လာနေ့) ညနေ ၃:၃၀နာရီ

၃။ လေလံလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာများသို့ စုံစမ်းမေးမြန်းနိုင်ပါသည်-

(က) **စီမံရေးရာဌာန** ဖုန်း-၀၆၇-၄၁၄၆၁၇
(ခ) **အခွန်ဌာန** ဖုန်း-၀၆၇-၄၁၄၂၉၄၊ ၀၆၇-၈၁၀၈၂၁၀
(ဂ) **ဈေးများဌာန** ဖုန်း-၀၆၇-၄၁၄၂၉၃
(ဃ) **တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာန** ဖုန်း-၀၆၇-၄၃၂၄၉၃
(င) **အင်ဂျင်နီယာဌာန(လမ်းတံတား)** ဖုန်း-၀၆၇-၄၃၂၀၃၇

**လေလံတင်ရောင်းချရေးအဖွဲ့**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(၇၃၈) မြေကွက်အတွက် မြေပေးမိန့်ထုတ်ပေးပါရန်ဒေါ်ဆယ်တင် (ဘ)ဦးထွန်းရင် ၉/လဝန(နိုင်)၁၀၈၄၆၆(ကိုယ်စား) ဦးကံညွှန့်(ဘ)ဦးလှငွေ ၁၂/လသယ(နိုင်)၀၀၄၂၆၀မှ မြေချစလစ်မှုရင်း၊ အရောင်းအဝယ်စာချုပ်ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုစာရင်း၊ ဝန်ခံကတိပြုချက်၊ ၎င်းမြေကွက်ကို ချထားပေးသည်မှာ မှန်ကန်ကြောင်းအသိသက်သေသုံးဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များ တင်ပြ၍ မြေပေးမိန့်လျှောက်ထားခြင်းကို ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ မင်္ဂလာသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/သီရိရတနာ)၊ ဦးပိုင်အမှတ်(ZC-015)၊ မြေဧရိယာ ၄ဒသမ၀၀ဧကရှိ ဦးသက်မျိုးအောင်အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်အား DENKO Trading Co.,Ltd ၏ ကိုယ်စားလှယ်လွှဲစာရရှိသူ ဦးအောင်ကိုဦးမှ မြေငှားစာချုပ်၊ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၉၀/၂၀၁၇)၊ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းမူရင်းများတင်ပြ၍ မြေငှားဂရန်အမည်ပြောင်းလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန
## နေပြည်တော်

**ပြည်တွင်းထွက် ပဲအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းများ ဖွင့်လှစ်လျက်ရှိကြောင်း ကြော်ငြာခြင်း**

၁။ ပြည်တွင်းထွက်ပဲများကို အခြေခံပြီး ကျန်းမာသန့်ရှင်း၍ အာဟာရပြည့်ဝသည့် တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုသင်တန်းများကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှစ၍ စဉ်ဆက်မပြတ်အခမဲ့ ဖွင့်လှစ်ပို့ချလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ စားသောက်ကုန်ထုတ်လုပ်ခြင်းလုပ်ငန်း စနစ်တကျတည်ထောင်ဆောင်ရွက်လိုသူများအတွက် ပဲအခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းများ တက်ရောက်နိုင်ရေး ဖိတ်ခေါ်အပ်ပါသည်။

၂။ သင်တန်းတွင် အောက်ဖော်ပြပါ ပဲအခြေခံစားသောက်ကုန်ထုတ်လုပ်နည်းများပါဝင်ပါမည်-
(က) အာဟာရပြည့်ပဲခေါက်ဆွဲ
(ခ) ပဲအာဟာရမှုန့်၊ အချိုမှုန့်အစားထိုးဟင်းခတ်မှုန့်
(ဂ) ပဲမုန့်၊ ပဲချောင်းကြော်၊ စာကလေးခွေ
(ဃ) ပဲရွှေကြည်ဆနွင်းမကင်း၊ ပူတင်း၊ ကွတ်ကီး၊ ပဲလိပ်
(င) ပဲငါးပိ၊ ပဲငံပြာရည်နှင့် ဒေသထွက်စားသောက်ကုန်ပစ္စည်းများ

၃။ စိတ်ပါဝင်စားသူများသည် အောက်ဖော်ပြပါနေရာဌာနများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

| **တိုင်းဒေသကြီးနှင့်ပြည်နယ်ရုံးများ** | | **ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်းများ** | |
|---|---|---|---|
| -နေပြည်တော်(ရုံးချုပ်) | ဖုန်း-၀၆၇-၄၁၀၄၇၇ | -မုံရွာ | ဖုန်း-၀၇၁-၂၁၂၃၄ |
| -နေပြည်တော်ကောင်စီ | ဖုန်း-၀၆၇-၅၅၀၃၆၃ | -ရွှေတောင် | ဖုန်း-၀၅၃-၅၅၀၂၈ |
| -ရန်ကုန် | ဖုန်း-၀၁-၆၆၅၈၀၆ | -မုဒုံ | ဖုန်း-၀၅၇-၇၀၁၇၃ |
| -မန္တလေး | ဖုန်း-၀၂-၃၉၆၀၉ | -ဖလမ်း | ဖုန်း-၀၇၀-၄၀၀၉၄ |
| -စစ်ကိုင်း | ဖုန်း-၀၇၁-၂၆၂၄၈ | -ပခုက္ကူ | ဖုန်း-၀၆၂-၂၁၁၅၅ |
| -မကွေး | ဖုန်း-၀၉-၄၂၅၆၆၁၅၁၄ | -မိတ္ထီလာ | ဖုန်း-၀၆၄-၂၃၅၁၆ |
| -ပဲခူး | ဖုန်း-၀၅၂-၂၂၀၁၂၉၃ | -မြစ်ကြီးနား | ဖုန်း-၀၇၄-၂၂၂၅၃ |
| -ဧရာဝတီ | ဖုန်း-၀၄၂-၂၉၂၃၁ | -လှိုင်ကော် | ဖုန်း-၀၈၃-၂၁၆၅၇ |
| -တနင်္သာရီ | ဖုန်း-၀၅၉-၂၂၆၀၉ | -ဘားအံ | ဖုန်း-၀၅၈-၂၁၆၀၇ |
| -ကယား | ဖုန်း-၀၈၃-၂၂၂၄၁၇၉ | -မင်းတပ် | ဖုန်း-၀၇၀-၇၀၀၆၇ |
| -ကချင် | ဖုန်း-၀၇၄-၂၅၂၀၉၈၈ | -ကျောက်မဲ | ဖုန်း-၀၈၂-၄၀၀၅၈ |
| -ကရင် | ဖုန်း-၀၅၈-၈၉၀၄၀၀၇ | -တောင်ကြီး | ဖုန်း-၀၈၁-၂၁၂၁၆၁၄ |
| -ချင်း | ဖုန်း-၀၇၀-၂၁၆၃၉ | -စစ်တွေ | ဖုန်း-၀၄၃-၂၁၅၆၀ |
| -မွန် | ဖုန်း-၀၅၇-၂၀၂၄၆၉၈ | | |
| -ရှမ်း | ဖုန်း-၀၈၁-၂၀၆၈၂၉ | | |
| -ရခိုင် | ဖုန်း-၀၄၃-၂၀၂၂၇၉၆ | | |

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲသည် မြန်မာနိုင်ငံအတက်ရောဂါစီမံချက်အတွက်လိုအပ်သော (Carbamazepine 200mg Tablet နှင့် Sodium Valproate 200mg Tablets) ဆေးများဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို ညွှန်ကြားရေးမှူး (ဝယ်ယူဖြန့်ဖြူးရေး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ် (၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၃-၂-၂၀၁၈ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၉-၂-၂၀၁၈ ရက် မွန်းလွဲ ၂:၀၀ နာရီ
**ဆက်သွယ်ရန်ဖုန်းနံပါတ်** - ၀၆၇-၄၁၁၅၁၀၊ ၀၉-၄၄၉၄၀၄၀၈၂

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့်စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန်မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-
၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** -၅-၂-၂၀၁၈ရက်
၃။ **တင်ဒါပိတ်မည့်ရက်** -၈-၂-၂၀၁၈ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** -၁၄:၀၀နာရီ
၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် ၂၇၊ နေပြည်တော်**
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မင်္ဂလာဒီပ ရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၁၀၀၇)၊ ဧရိယာ ၀ဒသမ၁၄၆ဧက၊ ဦးကြည်ဝင်း ၁၂/ဗဟန(နိုင်)၀၃၉၆၆၃ (ဘ)ဦးလှကျော်အမည်ပေါက် နှစ်၃၀မြေငှားဂရန်စာချုပ်မြေကွက်ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၁၈-၁-၂၀၁၈)ရက်စွဲပါ စာချုပ်အမှတ်-၂/၂၀၁၈ မှတ်ပုံတင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်တင်ပြ၍ မြေကွက်အမည်ပေါက် ဦးကြည်ဝင်း(ကွယ်လွန်)၏ တရားဝင်အမွေခံ ဇနီးဖြစ်သူ ဒေါ်ခင်မျိုးထူး ၁၂/ဗဟန(နိုင်)၀၃၉၆၄၈ (ဘ)ဦးမျိုးတင့်မှ မြေငှားစာချုပ်အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်အမည်ပြောင်းလျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မြန်မာ့သစ်လုပ်ငန်း
## ဒလ၊ သာကေတ၊ မြောက်ဒဂုံသစ်ဆိုင်များ၏ ရုံးနှင့်ဂိုဒေါင်အဆောက်အအုံ လေလံတင်ရောင်းချရန် ကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန ရန်ကုန်တိုင်းဒေသကြီးရုံးလက်အောက်ရှိ ဒလ၊ သာကေတ၊ မြောက်ဒဂုံသစ်ဆိုင်များ၏ ရုံးနှင့်ဂိုဒေါင်အဆောက်အအုံတို့အား ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။
၂။ **လေလံတင်ရောင်းချမည့်နေရာ** - ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး
၃။ **လေလံတင်ရောင်းချရမည့်ရက်နှင့်အချိန်** - ၂၁-၂-၂၀၁၈ ရက် နံနက်၁၀:၀၀နာရီ
၄။ **လေလံလျှောက်လွှာနှင့်စည်းကမ်းချက်ပုံစံ ရောင်းချမည့်ရက်နှင့်နေရာ ရုံးချိန်အတွင်း** - ၁၄-၂-၂၀၁၈ ရက်မှ ၂၀-၂-၂၀၁၈ ရက်ထိ
ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန၊
ရန်ကုန်တိုင်းဒေသကြီးရုံး၊ အမှတ်(၁၉)
အထက်ပုဇွန်တောင်လမ်းမကြီး၊ စက်ဆန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်
ဖုန်း-၀၉-၂၅၀၀၇၃၁၁၅၊ ၀၉-၄၀၃၂၆၄၀၀၄

**လေလံတင်ရောင်းချရေးအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် ၁၂၉၁မြေကွက်အတွက် မြေပေးမိန့်ထုတ်ပေးပါရန် ဒေါ်မိုးမိုးငွေ (ဘ)ဦးမှတ်ကျော် ၉/လဝန(နိုင်)၂၀၉၁၅၇(ကိုယ်စား) ဦးသက်နိုင်(ဘ)ဦးအောင်ခင် ၁၂/တမန(နိုင်)၀၃၆၅၄၈မှ မြေချစလစ်မူရင်း၊ အရောင်းအဝယ်စာချုပ်၊ ဇမ္ဗူသီရိမြို့နယ်တရားရုံး၏ပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာအမှတ်စဉ် ၁၀၈/၂၀၁၈ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုစာရင်း၊ ဝန်ခံကတိပြုချက်၊ ၎င်းမြေကွက်ကို ချထားပေးသည်မှာ မှန်ကန်ကြောင်း အသိသက်သေသုံးဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များတင်ပြ၍ မြေပေးမိန့်လျှောက်ထားခြင်းကို ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ စက္ကဝတ်(၁)လမ်း၊ အမှတ် ၃၇၄ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း**
## အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဈ၊ မြေကွက်အမှတ် ၃၇၄၊ အလျား ပေ၄၀×အနံပေ၆၀အကျယ်ရှိ ဒေါ်ကြည်အမည်ပေါက် နှစ် ၆၀ဂရန်မြေ အမျိုးအစားမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင် လက်ရှိပိုင်ဆိုင်သူ ဦးထွန်းလင်း ၁၂/ဥကမ(နိုင်)၁၄၆၈၈၀ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စောဦး(တရားလွှတ်တော်ရှေ့နေ) စဉ်-၆၇၀၂**

**ရုံးခန်း(၁)-အမှတ် ၅၆၁၊ MAC Tower, အခန်း ၃၀၂၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ရုံးခန်း(၂)-ယူနိုက်တက်ကွန်ဒို၊ အခန်း ၂၀၇၊ အလုံပြဘုရားလမ်းနှင့် နဝဒေးလမ်းထောင့်၊ ဒဂုံ(၁)ကျောင်းရှေ့၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့**

## အမည်ပြောင်း

စစ်ကိုင်းမြို့၊ အမက(၁)၊ စတုတ္ထတန်း(က)မှ (ဘ)ဦးအောင်သိန်းကျော်၏သား မောင်သင့်မြတ်အောင်အား မောင်လင်းတေဇာခန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်လင်းတေဇာခန့်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်ပန်းတောင်းမြို့၊ အမှတ်(၁) အထကမှ ခုံအမှတ် မက/၂၀၀၂ ဖြင့် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သော မောင်သော်ထွန်းနောင်၏ဖခင် ဦးလှအောင် ၂/ဒမဆ(နိုင်)၀၁၀၆၄၃နှင့် ဦးငွေးလှိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးလှအောင်(ခ)ဦးငွေးလှိုင်**

## တစ်ဦးတည်းဖြစ်ကြောင်း

ကျိုင်းတုံတက္ကသိုလ်၊ ရူပဗေဒ၊ တတိယနှစ် ဂုဏ်ထူးတန်း (တဂုဏ်ရပ-၉)မှ မလေးနီ၏ ဖခင်မှာ ဦးဒေါ်လှသိန်း(ခ)ဦးဒေါ်လှမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

ကျိုင်းတုံတက္ကသိုလ်၊ ရူပဗေဒ၊ တတိယနှစ် ဂုဏ်ထူးတန်း (တဂုဏ်ရပ-၇) မှ မကေသွယ်ဖြိုး၏ ဖခင် ဦးစိုင်းလွင်နှင့် ဦးမြင့်စိုင်းလွင် ၁၃/တခလ(နိုင်)၀၄၁၃၉၈မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစိုင်းလွင်နှင့် ဦးမြင့်စိုင်းလွင်**

## ဖခင်အမည်မှန်

ရေစကြိုမြို့၊ စိတ္တသုခ၊ အထက ဆဋ္ဌမတန်းမှ မသဲစုအောင်နှင့် စတုတ္ထတန်းမှ မောင်အောင်သီဟတို့၏ ဖခင်အမည်မှန်မှာ ဦးအောင်မျိုးလွင် ၈/ရစက(နိုင်)၁၆၀၆၆၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

သာယာဝတီမြို့နယ်၊ သဲဖြူ အထက နဝမတန်းမှ မဝင်းပပဦး၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ဦး ၁၂/သလန(နိုင်)၀၈၀၈၉၉ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

အထက(ခွဲ) လက်ပံတော ပေါင်မြို့နယ်၊ အဋ္ဌမတန်းမှ မင်းအောင်သန်းချစ်၏ဖခင် ဦးချစ်နှင့် ဦးမောင်မောင် ၁၀/ပမန(နိုင်)၁၁၂၀၃၃သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

အထက(ခွဲ) လက်ပံတော ပေါင်မြို့နယ်၊ ပထမတန်းမှ မိအိန္ဒြာမွန်၏ဖခင် ဦးကိုငယ်နှင့် ဦးကနဲ ၁၀/ပမန(နိုင်)၀၇၀၈၉၂မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၃)၊ နဝမတန်း($D_1$)မှ မသန္တာကျော်ဇင်၏ အမည်မှန်မှာ မသန္တာကျော်လွင်ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ဝိုင်းမော်မြို့နယ်၊ ခတ်ချိုကျေးရွာ၊ အမှတ်(ခလ/၁၇၄)နေ မအိသက်ပြုံး၏ ဖခင်အမည်မှန်မှာ ဦးညိုဝင်းထွန်းဖြစ်ပါသည်။

## မွေးသက္ကရာဇ်အမှန်နှင့် တစ်ဦးတည်းဖြစ်ကြောင်း

မြစ်ကြီးနားမြို့၊ နည်းပညာတက္ကသိုလ်၊ ပဥ္စမနှစ်(EP)မှ မောင်ခရီဇီခင်ရမ်၏ မွေးသက္ကရာဇ်အမှန်မှာ (၆-၁-၁၉၉၄)ဖြစ်ပြီး၊ ၎င်း၏ဖခင် ဦးခရီဆီဒီး ၁/နမန(နိုင်)၀၀၁၀၅၃နှင့် ဦးခရီဇီဒေါဖ့်သည် တစ်ဦးတည်းဖြစ်ပါသည်။

## ရူပဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာ ပါရှိ

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူပြုစေရန် ရူပဗေဒ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆၊ ၁၇ တွင် ဖော်ပြထားပါသည်။


မြောက်ဦးမြို့နယ် အုပ်ချုပ်ရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သူ ဦးဘိုဘိုမင်းသိုက် ကို လုပ်ကြံသတ်ဖြတ်သူအချို့အား ဖမ်းဆီးရမိ၊ ကွင်းဆက်တရားခံများကို ဆက်လက်ဖော်ထုတ်လျက်ရှိ စာ-၁၁

ဖားကန့်မြို့နယ်တွင် ငွေကျပ်သိန်းပေါင်း နှစ်သောင်းကျော်တန်ဖိုးရှိ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ စာ -၁၂

ပြီးခဲ့သည့် ခုနှစ်နာရီအတွင်း ဆီးရီးယား၌ အပစ်အခတ်ရပ်စဲရေးကို ချိုးဖောက်မှု ခုနစ်ကြိမ်ရှိခဲ့ကြောင်း ရုရှားဖော်ပြ စာ -၁၄


# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်းစည်းဝေး



**နေပြည်တော် ဖေဖော်ဝါရီ ၅**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟို ဌာနဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက "ကျွန်တော်တို့ ဒီနေ့ လုပ်ဆောင်တဲ့အလုပ်ကတော့ အားလုံး အင်မတန်မှ ဝမ်းမြောက်ဝမ်းသာရှိတဲ့ကိစ္စဖြစ်ပါတယ်၊ အားလုံးဆိုတာ ကျွန်တော်တို့ တစ်နိုင်ငံလုံးမှာရှိတဲ့ ပြည်သူလူထုတွေ၊ အထူးသဖြင့် မွန်ပြည်နယ်မှာရှိတဲ့ ပြည်သူတွေ၊ လားဟူတိုင်းရင်းသားတွေ အထူးဝမ်းသာမယ့်ကိစ္စပဲ ဖြစ်ပါတယ်။

*စာမျက်နှာ ၄ ကော်လံ ၁* ❍





